# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

[သောကြာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၃၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသား လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ယနေ့ အစည်းအဝေး တက်ရောက်နိုင်ခြင်း မရှိလို့ ခွင့်ပန်ကြားတဲ့ ကိုယ်စားလှယ်များနဲ့ ပတ်သက်ပြီး ဖတ်ကြားတင်ပြပါမယ်။

ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ မိမိ၏ မဲဆန္ဒနယ်မြေအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေအား ထိန်းသိမ်းညှိနှိုင်းပေးရန်၊ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဦးတင်မောင်ဝင်း၊ မန္တလေး (၃)၊ မိသားစုကိစ္စ၊ ဦးလှဆွေ ၊ မကွေး(၁၂)၊ ဖွံ့ဖြိုးရေးကိစ္စ၊ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး၊ ဦးသန်းဆွေ၊ မကွေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဦးလှအေး၊ တနင်္သာရီ(၁၁) ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဝင်းမောင်၊ မန္တလေး(၂)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဖေသောင်း၊ ကချင်(၆)၊ ညီ၏ဇနီး နာရေးကိစ္စ၊ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ကိုယ်တိုင်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၁၆)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး ဖြစ်၍ စုစုပေါင်း လွှတ်တော်က ခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ် (၅) ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးဆိုင်ပေါင်းနပ် (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာ လို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းပူးပေါင်း

ကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်

နိဒါန်း

ပြည်ထောင်စုလွှတ်တော်က ၂၆-၁၀-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး) ၁၀/၂၀၁၂-၁၉၂ ဖြင့် ပေးပို့လာသည့် အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းတွင် အပိုဒ်(၂) နှစ်ခုသာ ပါရှိပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား လေ့လာစိစစ်ရာ ယင်းအက်ဥပဒေသည် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိပြီးနောက် ရောင်စုံသောင်းကျန်းသူများ ဆူပူမှုကြောင့် တရားဝင်အစိုးရ၏ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ခေတ္တရုပ်သိမ်းခဲ့သည့်နေ့မှ နိုင်ငံတော်သမ္မတက ထိုဒေသအတွက် အမိန့်ထုတ်ပြန်သည့်နေ့အထိ ကာလကို ကာလ စည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ ၏ အနက်အဓိပ္ပာယ်အရ ပိတ်ထားသည်ဟု မှတ်ယူရန်နှင့် ငွေချေးပဋိညာဉ်အရဖြစ်စေ၊ အပေါင်စာချုပ်အရဖြစ်စေ ထုတ်ပေးသော ချေးငွေအပေါ်၌ သို့မဟုတ် ပေါင်နှံခြင်းအပေါ်၌ ထိုကာလအတွက် မထိုက်သင့်စေရကြောင်း ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေသည် ၁၉၅၀ ပြည့်နှစ်က ပြဋ္ဌာန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဤအက်ဥပဒေသည် ခေတ်ကာလ အခြေအနေနှင့် ဆီလျော်မှု မရှိတော့ခြင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်း၊ အနာဂတ်ကာလ တွင်လည်း ကျင့်သုံးရန်အကြောင်း မရှိခြင်းတို့ကြောင့် အထူးကာလစည်းကမ်းသတ်နှင့် အတိုး

ကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြု နိုင်ပါရန် ထောက်ခံတင်ပြအပ်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကိုအတည်ပြုရန်အဆိုတင်သွင်း ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေး ရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (က)အရ အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစိုးညွန့် (ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး)**။ ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အထူးကာလ စည်းကမ်းသတ်နှင့် အတိုး ကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီးဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲထားတဲ့ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်း အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးခင်မောင်ရီ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးက တင်သွင်းသွားသော အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဤလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။ အဆိုအတည် ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)(အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာ ကော်မတီ)၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသောအခြေခံမူများ ချမှတ်ပေးရေး ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့်အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသောအခြေခံမူများချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

အခုလို ဆွေးနွေးတဲ့နေရာမှာ Internet မှာ ဝါဒဖြန့်တဲ့၊ အထောက်အထားမဲ့တဲ့ ကိစ္စတွေကို ထည့်သွင်းဆွေးနွေးခြင်း၊ Slide ထိုးခြင်းမပြုဖို့ ကြိုတင်တားမြစ်ပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၀။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အား အင်္ဂလိပ်လို အနည်းငယ် အကျဉ်း သုံးစွဲခွင့်ပြုပါ ခင်ဗျား။

ဤသို့ခမ်းနားထည်ဝါတဲ့ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့ လွှတ်တော်မှာ ပြည်သူ၊ ပြည်သားများကိုယ်စား ကျွန်တော်တို့က ငြိမ်းချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးရေး၊ သာယာဝပြောရေးကို လွှတ်တော်ကလည်း ကျွန်တော်တို့ တိုင်းပြု ပြည်ပြုလုပ်နိုင်ပါတယ်လို့ ကျွန်တော်ခံယူပါတယ်။ ရှေးယခင် ဗမာမင်းများနဲ့ တိုင်းရင်းသားများ စည်းလုံးညီညွတ်ကြချိန် တရုတ်ပြည်၊ ယူနန်စီချွမ်းနယ်စပ်၊ မဲခေါင်မြစ်ဖျားအထိသော် လည်းကောင်း၊ အယုဒ္ဓယ ဇင်းမယ် အထိ သော်လည်းကောင်း၊ အိန္ဒိယ၊ အာသံ၊ မဏိပူရ အထိသော်လည်းကောင်း တိုက်ခိုက်ခဲ့သည့် သမိုင်းမှတ်တမ်းများ ရှိပါတယ်။ စစ်သူကြီးမဟာဗန္ဓုလက ကချင်ခေါင်းဆောင် ဒိုင်ဖာဒူဝါအား ချီးမြှင့်ထားသော ဗိုလ်မှူးကြီး ဝတ်လုံတော်နှင့် အခြားဆီဖာ၊ အရှပ်၊ ဒူဝါ၊ စော်ဘွား တို့အား ချီးမြှင့်ထားသော ဂုဏ်ပြုမှတ်တမ်း အဆောင်အယောင်များကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံ စရိုက်၊ အဆောင် အယောင်၊ တူညီမှုရှိ၍ တစ်အိမ်တည်းနေ တစ်မိသားစု ညီအစ်ကိုမောင်နှမများ ဖြစ်သည်ကို အထူးသက်သေ ပြစရာ မလိုပါ။

မင်းတုန်းမင်း၏ နန်းတွင်းသမားတော် ဆရာစံ၏ သက်တော်စောင့်မှာလည်း ကျွန်ုပ်၏ ဘိုးဘေး ဦးချစ် သည် လီဆူး တိုင်းရင်းသားဖြစ်ပါတယ်။ ခေါင်လန်ဖူး ၊ တာကာ အုပ်စုမှလည်း ကျွန်ုပ်၏ ဘိုးဘေး ဖြစ်ကြသော ဆီဖာဦးငှားထော့လာသည်လည်း ဗြိတိသျှနယ်ချဲ့ ကပ္ပတိန်အား အဆိပ်လူးမြှားဖြင့် ပစ်သတ်လိုက်ပြီး ဆာဂျင်က ပြန်၍ ပစ်လို့ ထင်ရှူးပင်မှ ပြုတ်ကျကာ

ပူတာအိုခရိုင်မှ အင်္ဂလိပ်ကိုတော်လှန်၍ ပထမဦးဆုံး အသက်ဆုံးရှုံးခဲ့ရသူလည်း ဖြစ်ပါတယ်။ ဤသို့ရရာလက်နက်ဖြင့်ဆွဲကိုင်၍ ဦးရီးထုဒီး ဦးဆောင်သောအဖွဲ့သည် ပူတာအိုခရိုင်နယ်နိမိတ်အဆုံးဖြစ်သော ခဂရန်းရွာအထိ ဖက်ဆစ်ဂျပန်များအား တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ခြင်းကြောင့် ပူတာအိုခရိုင်မှာ ဖက်ဆစ်ဂျပန်များ ခြေချခွင့်မရရှိခဲ့ပါ။ လွတ်လပ်ရေးဗိသုကာကြီးဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ဗိုလ်ချုပ်အောင်ဆန်းလည်း ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းစည်းရုံးလုပ်ဆောင်ပြီးမှ တိုင်းရင်းသားများနဲ့ ပင်လုံစာချုပ်နှင့် အတူတကွ လွတ်လပ်ရေးကို ရယူပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယကမ္ဘာစစ်တွင် စစ်တောင်းတံတား ဖုံးကြဲခံခဲ့ရစဉ်ကျွန်တော်တို့ ကချင်ကာလန်မှ အများအပြား အသက်စွန့်သွားခဲ့သည်ကိုလည်း ဘိုးဘွားများလက်ဆင့်ကမ်းပြောကြားလို့ သိရပါတယ် ခင်ဗျား။ မြန်မာနိုင်ငံ၏သမိုင်းကိုကြည့်ပါကပထမကမ္ဘာစစ်၌ လည်းကောင်း၊ ကချင်စစ်သည်တော်များလည်း အခြားတိုင်းရင်းသားများနည်းတူ (မက်ဆိုပိုတေးမီးယား) ယခု အီရတ်၊ ဥရောပ၊ အမေရိကအထိပါ မဟာမိတ်များနှင့်အတူ လက်တွဲတိုက်ခိုက်ရင်း နိုင်ငံ့ဂုဏ်ရည် ဆောင်ခဲ့ပါတယ်။

ထိုနည်းတူစွာ ဒုတိယကမ္ဘာစစ်ပြီးတော့ ပြည်တွင်း၊ ပြည်ပရန်များကို တိုင်းရင်းသားများ စည်းစည်းလုံးလုံးနဲ့ အတူလက်တွဲ၍ ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ကြရ၍ နိုင်ငံတော်မှာ မော်ကွန်းသမိုင်း ထိုးနိုင်ခဲ့သော Br.General LAZUM TANGJI ဗိုလ်ချုပ် L ဂွမ်ဖန်၊ ကာနယ်အာဒီး ကျွန်ုပ်၏အဘိုး ဖြစ်ပါတယ်။ ကျွန်တော့်ဖခင်လည်း အသက်ဆုံးသွားတဲ့အထိ နိုင်ငံတော်မှာ ပြည်သူ့ရဲတာဝန်ဖြင့် ထမ်းဆောင်ခဲ့ပါတယ်။

ယနေ့ဖြစ်ပွားသော တပ်မတော်နှင့် KIO/KIA စစ်ပွဲများကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အံတုလာပြီဟု ကျွန်တော် ထင်မြင်ပါတယ်။ It has gone to the edge of Unity စည်းလုံးညီညွတ်ခြင်းရဲ့ အစွန်အဖျား စိုးရိမ်နယ်နိမိတ်အထိ ရောက်ရှိလာနေပြီလို့ ယူဆပါတယ်။ ဤသို့ ဆွေးနွေးညှိနှိုင်းနေသည့်အကြား နိုင်ရင်ပြီးရော ဆိုပြီး တပ်မတော်များအင်အား အလုံးအရင်းနဲ့ လက်နက်ကြီး၊ လက်နက်ငယ် Helicopter Gun-Ships Jet Fighters Air-Force ဖြင့် တိုက်ခိုက်ခြင်းသည် နိုင်ငံရေးအရ အမြတ်ထုတ်ခြင်း၊ စစ်ရေးအရအမြတ်ထုတ်ခြင်းသာ ဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာ

မှာလည်း ရုပ်ဆိုးအကျည်းတန်စေပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ဖက်တပ်များ အများအပြား၊ ပြည်သူများ အစုလိုက်သေစေတာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးက သဘောထားအမြော်အမြင် ကြီးမားစွာနှင့် KIO/KIA ကိုလည်း ငြိမ်းချမ်းရေး ကြိုဆိုကမ်းလှမ်းကြောင်း အပစ်အခတ်ရပ်စဲရန် ၁၉-၁-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ဇန်နဝါရီ ၂၀၊ ၂၀၁၃ ခုနှစ် ထုတ်ပြန်သော မြန်မာ့အလင်းသတင်းစာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း အိန္ဒိယကာကွယ်ရေးဝန်ကြီးမစ္စတာ AK Anthony နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်တို့အား ဆွေးနွေးပြောကြားရာတွင် နှစ်နိုင်ငံနယ်စပ်ဒေသအား ထာဝရငြိမ်းချမ်းသည့် နယ်စပ်ဒေသဖြစ်ရမည် ယုံကြည်ချက်ရှိကြောင်း၊ ချမှတ်ထားကြောင်း၊ နယ်စပ်ဒေသတွင် တူညီသော လူမျိုးစုတိုင်းရင်းသားများရှိ၍ တိုင်းရင်းသားများအပေါ် အခြေခံပြီး နှစ်နိုင်ငံအစိုးရအား ဆန့်ကျင်နေသော အဖွဲ့အစည်းများအား နှစ်နိုင်ငံပူးပေါင်း၍ အရင်းအမြစ်ကအစ တားဆီးသွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ခြင်းကို ကြည့်ပါက နိုင်ငံတော်အကြီးအကဲများသည် ပြည်သူများနှင့်တစ်ထပ်တည်း ငြိမ်းချမ်းရေးကို လိုလားပါကြောင်းတွေ့ရှိရပါတယ် ခင်ဗျား။

သို့သော် ယခုဆွေးနွေးပွဲများ မအောင်မြင်ရခြင်းမှာ နှစ်ဦးနှစ်ဖက် ဆိုးကျိုးအမြောက်အမြားခံစားရ၍ အခဲမကြေ ဖြစ်နေကြရခြင်းသာ ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်တပ်သားများ ကျဆုံးခြင်းနဲ့ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများ ဆုံးရှုံးရခြင်းများကြောင့်သော်လည်းကောင်း၊ကုန်ကျစရိတ်များအလွန်မြင့်မားလျက်ရှိပြီး၊သမ္မတကြီးအမိန့်ရှိသည့်အတိုင်း ကချင်ပြည်နယ်ရှိ တိုင်းရင်းသားများ အသက်၊ ပြည်သူအသက် အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးခြင်းမှာ အများဆုံးဖြစ်၍ မြန်မာနိုင်ငံ အခြားဒေသများတွင်လည်း အသင့်အတင့်ဆုံးရှုံးမှုများ၊ နောက်ဆက်တွဲ ဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းကိုလည်း တိုက်ခိုက်နေခြင်းကြောင့် ပြည်သူနှင့်တပ်မတော်တို့၏ ဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်မည့် ဘဏ္ဍာငွေများကို ၎င်းတိုက်ပွဲတွင် လူလည်း ဆုံး၊ ပစ္စည်း၊ ငွေကြေးလည်းရှုံးဖြစ်နေကြရပါတယ်။

အဲဒီအချိန်မှာတော့ လက်နက်ကုန်သည် နိုင်ငံများကတော့ အမြတ်အစွန်းတွေ တအားထွက်နေပါတယ်။ တိုင်းရင်းသားများ အချင်းချင်း ယုံကြည်မှု တိုးပွားပြီး အဆင်ပြေခါစဖြစ်ခဲ့ရသော ယခင် NDAK ဥက္ကဋ္ဌကြီး ယခု ကျွန်တော်တို့နဲ့အတူ ပါဝင်နေသော ကချင်(၄)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်း ဦးစီး၍ နယ်ခြားစောင့် ဖွဲ့နိုင်ခဲ့သော ၁၀၀၁၊ ၁၀၀၂၊ ၁၀၀၃ တပ်များနှင့် တစ်ဆက်တည်းဖြစ်သော ကျွန်ုပ်၏မဲဆန္ဒနယ် ခေါင်လန်ဖူး၊ ဆွမ်ပရာဘွန်ဒေသများတွင်လည်း ယနေ့တိုင် တိုက်ပွဲများမစဲဘဲဖြစ်၍ ထာဝရငြိမ်းချမ်းရေး ပျောက်ကွယ်နေခဲ့သည်မှာ (၁)နှစ်နဲ့(၇)လ ကြာညောင်းခဲ့ပြီ ဖြစ်ပါပြီ။ ပြည်သူလူထုအများအပြားလည်း သေကြေပျက်စီးနေကြရပါပြီ။

နိုင်ငံတကာမှ သယံဇာတပေါများ၍ အဆင်းရဲဆုံးနိုင်ငံများ၌ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေခြင်းသည် သဘာဝသယံဇာတ ကျိန်စာသင့်သည်ဟု စွပ်စွဲပြောဆိုနေကြသလို Natural Resources Curse ဖြစ်နေပြီလားလို့ ခံစားနေရပါတယ်။ မည်သည့်တိုက်ပွဲမျှ တရားသော တိုက်ပွဲမရှိပါ။ (No War can Justify any Truth) ကလေးငယ်များနှင့် အမျိုးသမီးများသည် အကြမ်းအဖက်ခံရဆုံး ဖြစ်ပါတယ်။ ယောကျ်ားတော်တော်များများကလည်း Penal Code ပြစ်မှုပုဒ်မ ၁၇(၁)အရ ကချင်ပြည်နယ်၌ အများအပြား ဖမ်းဆီးခံထားရပါတယ်။

မနှစ်က ဇွန်၊ ဇူလိုင်မှာ ခ.လ.ရ(၃၂၁)က ဖမ်းဆီးသွားတဲ့ ကလေးနှစ်ဦး အမေ မဆွမ်လွတ်ရွယ်ဂျာလည်း ဒီနေ့အထိ ပြန်မတွေ့နိုင်တော့ပါ။ မဟုတ်မမှန် KIA ဖြစ်တယ်ဆိုပြီး ဖမ်းဆီး၍ အတင်းအဓမ္မ ဝန်ခံခိုင်းတာတွေ၊ ကန်တော့ပါတယ်၊ စစ်ကြောရေးတွင် လိင်တူဆက်ဆံ၊ အတင်းအဓမ္မပြုကျင့်ခြင်း ခံရတာတွေ၊ ငြင်းဆန်ပါက ယောကျ်ား အင်္ဂါကို ဖယောင်းတိုင်မီးစက်ဖြင့် အစက်ချခံရခြင်း၊ ပိုဆိုးတာက သင်တို့က ခရစ်ယာန်ပဲ သခင်ယေရှုလို သေရမယ်။ ဘာသာရေးဆန်ဆန် လက်ဝါးကပ်တိုင်မှာ၊ တကျင်းမှာ အသေခံသည့်ပုံ အကြာကြီးဆွဲလဲထားခြင်းတို့သည် ဘာသာရေးကို ထိခိုက်နစ်နာစေပါတယ်။ ဦးဘရန်ရှွန်း ဆိုသည့်သူကလည်း KIA မဟုတ်ပါ။ ကျွန်တော်တို့ တောင်ယာချင်းနီးလို့ သိပါတယ်။ ပူတာအိုခရိုင် (၁၄၀၀၀၀)ကျော် ပြည်သူများသည်လည်း စစ်ဘေးစစ်ဒဏ်ခံနေရ၍ မေ့ပစ်၊ စွန့်ပစ်ထားသလို ခံစားနေရပါတယ်။

လွန်ခဲ့တဲ့အပတ်က မြန်မာ့အလင်းသတင်းစာမှာ ပါတဲ့အတိုင်းပဲ ကျွန်တော့်ရဲ့ မဲဆန္ဒရှင်(၄)ဦးမှာ ဆိုင်ကယ်ဖြင့် မြစ်ကြီးနားသို့ ဆင်းလာရာ အင်စွပ်တံတားမှာလည်း တပ်မတော်ကပဲ လုံခြုံရေးယူထားတဲ့နေရာ ဖြစ်ပါတယ်။ မလှမ်းမကမ်းမှာပဲ ပစ်သတ်ခံရလို့

တစ်ဦး အခုဆေးရုံမှာ ဆေးကုတယ်လို့ ကြားနေရပါတယ်။ ခေးပြမှုလည်း ခဏခဏ ဖြစ်နေတယ်လို့ ကြားရပါတယ်။ ဒါကြောင့် အမြန်ဆုံး အရေးယူပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလျှောက်ထားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကုစားမယ့်နည်းလမ်း အနည်းငယ် တင်ပြလိုပါတယ်။ ရှေ့ကကိုယ်ချင်းစာ၍ ငြိမ်းချမ်းရေးကို လိုလားသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်ချင်းစာနာမှုကို ကျေနပ်နှစ်သိမ့် ကျေးဇူးတင်မိပါတယ်။ ကျွန်တော်လည်း သူတို့နဲ့ တစ်ထပ်တည်းပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းပြီးဖြစ်သော ဒေသတွင်းနိုင်ငံ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား တို့ကို အတုယူရမှာဖြစ်ပါတယ်။

လိုအပ်ပါက အကူအညီလည်း တောင်းသင့်ရင် တောင်းရမှာ ဖြစ်ပါတယ်။ ပျက်အစဦ ပြင်ခဏ၊ အချိန်မီချုပ် အစုတ်သက်သာ (A Stetch in Time, Saves Nine) အခုက နှစ်ရှည် လများစွာ ပျက်နေခဲ့တဲ့ယုံကြည်ချက်ကို တစ်ခဏအတွင်း ပြင်လို့ရမှာ မထင်ပါဘူး။ လက်နက်ကိုင်မှုကို စွဲလမ်းနေကြပြီဖြစ်လို့ တန်းတူညီမျှခြင်း၊ တရားမျှတခြင်း၊ Transparency မှုများကိုကျင့်သုံးပြီး သဘောပေါက်နားလည်လာကာမှ လက်နက်ဖျက်သိမ်းရေးကို ပြုလုပ်ပြီး လက်နက်ကိုင်လိုပါက စစ်ဦးစီးချုပ်လက်အောက်၌ ဝင်ရောက်လာနိုင်မည် ဖြစ်ပါတယ်။ အတိတ်ကအမှားများကို Assessment, Analysis များ အချိန်ယူပြုလုပ်ပြီး အမှားများကို ထပ်မမှားရလေအောင် အကောင်းဆုံးနည်းလမ်းမူဝါဒများ ချမှတ်သွားရန်ဖြစ်ပါတယ်။

မဟတ္တမဂန္ဒီ ၏ အကြမ်းမဖက်ရေးလမ်းစဉ် (Ahimsa Non Violence) ဝါဒ အကြမ်းဖက်ရေးကို ရှောင်ရှားပြီး အနုနည်းဖြင့် ကျင့်သုံးကြရမည်။ တစ်ရက်တည်း၊ တစ်ကြိမ်တည်းမှာ အပစ်အခတ်ကို ပြိုင်တူရပ်စဲကြရမှာ ဖြစ်ပါတယ်။ ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲများမဖြစ်အောင် နှစ်ဖက်တပ်များ ဆုတ်ကြရမှာ ဖြစ်ပါတယ်။ တစ်ဦးကိုတစ်ဦး အပြစ်ပုံချနေကြခြင်း၊ သွားပုတ်လေလွင့်ခြင်းများ ကင်းစင်၍ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အကျိုးမဖက်တဲ့ Diplomatic Ways သဘောထားကြီးမားစွာ စိတ်ရှည်သည်းခံခြင်းနှင့် ပြည့်ဝသော သံတမန်နည်းလမ်းများကျသော ဆွေးနွေးမှုများ ဖြစ်ရမှာ ဖြစ်ပါတယ်။

Win Win Situation သူမသာ၊ ကိုယ်မနာသောနည်းလမ်းများ၊ ကိုယ်လျှော့၊ သူလျှော့နည်းလမ်းများ Bilateral နှစ်ဦးနှစ်ဖက်ပဲ မဟုတ်ဘဲနဲ့ Multilateral all Inclusive

Active Participatory အားလုံးတက်ကြွစွာပါဝင်ခြင်းဖြစ်သော လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမောင်စောဖြူ ဆွေးနွေးတဲ့ Tripartite အစီအစဉ်များပါဝင်ခြင်း၊ တင်းလွန်းလျှင် ပြတ်မယ်၊ လျော့လွန်းလျှင် ပတ်မယ်၊ အဲဒါကို နှစ်ဖက်အစွန်းမရောက်စေဘဲ မဇ္ဈိမပဋိပဒါ ကျင့်သုံးသွားမယ်ဆိုရင် အကောင်းဆုံးဖြစ်ပါမယ်ဟု ဆွေးနွေးရင်း (၁) နိုင်ငံတော်အဆင့် အမိအဖများ၊ ပြည်ထောင်စုလွှတ်တော်မှ အားကိုးအားထိုက်သူများ၊ လူထုမှ ခေါင်းဆောင်ကောင်းကြီးများ ပါဝင်သော ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ သို့မဟုတ် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ သို့မဟုတ် Strong Mediator သို့မဟုတ် Facilitator အဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ပါဝင်ကူညီလက်တွဲဆောင်ရွက်ရန်၊ (၂) ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြန်မာ့တပ်မတော်နှင့် KIA နှစ်ဖက်တပ်များ တိုက်ပွဲရပ်စဲရန်၊ (၃) လွှတ်တော်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ စစ်ရှောင်ဒုက္ခသည်များအတွက် အတတ်နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရန်ဆိုသောအဆိုကို ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် အား ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၄။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား ဖတ်ကြားဆွေးနွေးခွင့်ပြုပါခင်ဗျား။

ကျွန်တော် ဦးနေဝင်းထွန်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ ဦးခက်ထိန်နန် တင်သွင်းသွားတဲ့ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော စစ်ပွဲများရပ်စဲပြီး ငြိမ်းချမ်းရေးရရှိရေး

အတွက် ကချင်လက်နက်ကိုင် KIO, KIA များနှင့် ပြည်ထောင်စုအစိုးရတို့ နိုင်ငံရေးဆွေးနွေးခြင်းကို (၁) နိုင်ငံတော်အဆင့်အမိအဖများ၊ ပြည်ထောင်စုလွှတ်တော်မှ အားကိုးအားထားသူများ၊ လူထုမှ တိုင်းရင်းသားခေါင်းဆောင်ကြီးများ ပါဝင်သော ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ သို့မဟုတ် စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ပါဝင်လက်တွဲ ကူညီဆောင်ရွက်ရန် လွှတ်တော်သို့တင်ပြခြင်း၊ (၂) ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြန်မာ့တပ်မတော်နှင့် KIA နှစ်ဖက်တပ်များ တိုက်ပွဲရပ်စဲရေး၊ (၃) လွှတ်တော်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ စစ်ရှောင်ဒုက္ခသည်များအတွက် အတတ်နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံက ကချင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ်(၇)ခု ပေါင်းစည်း၊ ဖွဲ့စည်းထားတဲ့ တိုင်းရင်းသားလူမျိုး (၁၀၀)ကျော် အတူတကွ ပူးပေါင်းနေထိုင်တဲ့ ပြည်ထောင်စုကြီး ဖြစ်ပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ လီဆူး၊ ရဝမ် စတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ကို ပေါင်းပြီးတော့ မြန်မာ ဖြစ်လာရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကချင်ကလည်း မြန်မာ ဖြစ်သလို မြန်မာဆိုလည်း ကချင် ပါဝင်နေပါတယ်။ ယနေ့ တိုက်ပွဲဆင်နွှဲနေကြတဲ့ နှစ်ဖက်စလုံးက ကျွန်တော်တို့ရဲ့ ပြည်ထောင်စုတိုင်းရင်းသားပြည်သူတို့နဲ့ ဖွဲ့စည်းထားတဲ့ ပြည်သူ့တပ်မတော်တွေလို့ပဲ မြင်ပါတယ်။ ကိုယ့်အချင်းချင်းနစ်နာစေမယ့် လက်နက်ကိုင်တိုက်ခိုက်နေကြတယ်၊ ပဋိပက္ခကို လက်နက်ကိုင်ဖြေရှင်းနေကြတယ်လို့ မြင်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ပြောသလိုပဲ ကချင်တပ်သားတစ်ယောက်ကျဆုံးတာလည်း ပြည်သူတစ်ယောက် ဆုံးရှုံးမှု၊ တပ်မတော် တပ်သားတစ်ယောက်ကျဆုံးတာလည်း ပြည်သူတစ်ယောက်ဆုံးရှုံးမှုဖြစ်သလို ပြည်ထောင်စုအတွက် ဆုံးရှုံးမှုလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ တပ်မတော်ဟာ တစ်ချိန်က ကချင် သေနတ်ကိုင်တပ်ရင်း၊ ချင်း သေနတ်ကိုင်တပ်ရင်း၊ ကယား သေနတ်ကိုင်တပ်ရင်း၊ ကရင် သေနတ်ကိုင်တပ်ရင်း၊

ရှမ်း သေနတ်ကိုင် တပ်ရင်းဆိုပြီး ပြည်ထောင်စုတိုင်းရင်းသားတပ်ဖွဲ့များနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုရဲ့ တပ်မတော်ကြီးအဖြစ် ဖွဲ့စည်းထားပြီး နိုင်ငံတော်ကို အတူလက်တွဲကာကွယ်ခဲ့ ကြတာဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားတွေ လက်တွဲပြီး ပြည်တွင်းရန်၊ ပြည်ပရန်ကို အတူတကွ တွန်းလှန်ခဲ့ကြတဲ့ တပ်မတော်သမိုင်း ရှိခဲ့ပါတယ်။ အခုလည်း ကချင်တပ်မတော် KIO, KIA တွေ နဲ့ ပြည်သူ့တပ်မတော်တွေဟာ ပြည်ထောင်စုက မွေးဖွားလာတာဖြစ်တာကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပေါင်းစည်းပြီး ငြိမ်းချမ်းရေးရယူပြီးသော အခြားတိုင်းရင်းသား၊ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်များနဲ့အတူ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးကို ပြည်သူ့ တပ်မတော်အင်အားတောင့်တင်းစေကာ ပြည်တွင်းရန်ဖြစ်ပေါ်လာစေရန် ဖန်တီးလာသည့် ပြည်ပဘေးအန္တရာယ်များ၊ ပြည်ထောင်စုကြီးကို ဖျက်ဆီးတိုက်ခိုက်နှောင့်ယှက်လာမယ့် ပြည်ပရန်သူ များကိုသာ ကာကွယ်သွားစေလိုပါတယ်။

ယနေ့ ပြည်ထောင်စုအစိုးရက ကျွန်တော်တို့ ပြည်ထောင်စုကြီးကို ကမ္ဘာ့နိုင်ငံ များနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် ရင်ပေါင်တန်းလိုက်နိုင်အောင် တိုင်းဒေသကြီး များနှင့် ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်သူ့ ကိုယ်စားလှယ်များ ပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်နဲ့ လက်တွဲပြီးဆောင်ရွက်လျက် ရှိရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် တိုင်းရင်းသားကိုယ်စားလှယ်ကြီးများကလည်း ကိုယ့်တိုင်းဒေသအသီးသီး၊ ပြည်နယ်အသီးသီးအတွက် ဖွံ့ဖြိုးတိုးတက်ဖို့ တင်ပြတောင်းဆို ပေါင်းစည်းဆောင်ရွက်လျက်ရှိရာမှာ ယခုလိုတိုက်ပွဲများ ချုပ်ငြိမ်းစေပြီး ကိုယ့်တိုင်း၊ ပြည်နယ် ဒေသကို စီးပွားရေး၊ လူမှုရေး၊ ပညာရေး အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်ဖို့ လက်တွဲ အကောင်အထည်ဖော်ရန် လိုအပ်နေပြီဖြစ်ပါတယ်။

ပြည်ထောင်စုထဲမှာ မငြိမ်းချမ်းဘဲ စစ်ပွဲတွေဖြစ်နေတာ ပြည်ထောင်စုကြီးရဲ့ ဆုံးရှုံးမှု ဖြစ်ပါတယ်။ တိုက်ပွဲများ ဖြစ်ပွားနေတဲ့ဒေသမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ပြည်သူလူထုတွေ အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံမှု၊ ဘေးကင်းမှုမရှိတော့ဘဲ ပြေးလွှား ပုန်းရှောင်ရင်း စစ်ဘေးစစ်ဒဏ်လူမှုဒုက္ခကြီးကို ခံစားနေကြရတာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် ဆိုသော်လည်း ကချင်တိုင်းရင်းသားများ သီးသန့်နေထိုင်တာ မဟုတ်ဘဲ အခြားတိုင်းရင်းသား လူမျိုးစုတွေ၊ လူမျိုးနွယ်တွေ အများအပြား နေထိုင်ကြတာ ဖြစ်ပါတယ်။

ပြည်သူတွေခံစားရတဲ့ဒုက္ခကိုစာနာကြည့်ရင် ဘယ်အကြောင်းရင်း၊ ဘယ်အကြောင်းခံနဲ့မျှ လက်နက်ကိုင်လမ်းစဉ်နဲ့ စစ်ရေးအရမဖြေရှင်းသင့်ဘဲ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် စစ်ပွဲများကိုအဆုံးသတ်ဖို့သင့်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအဖြစ် တိုင်းရင်းသား လက်နက်ကိုင်(၁၁)ဖွဲ့ကို ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ခဲ့ပါတယ်။ (၁၀)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရနှင့် သဘောထားချင်း ညီညွတ်မှု မရရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ညှိနှိုင်းမှုများပြုလုပ်ရန် ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center) တည်ထောင်ခြင်း၊ နိုင်ငံရေးအရ ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် နိုင်ငံရေးဆွေးနွေးပွဲပုံစံ ပြင်ဆင်ထားရှိခြင်း၊ ငြိမ်းချမ်းရေးရယူပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်များအဖြစ် အသွင်ပြောင်း၍ နိုင်ငံတော်၏နယ်နိမိတ်လုံခြုံရေးကို တပ်မတော်နှင့်လက်တွဲဆောင်ရွက်စေလျက် ရှိခြင်းများဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

KIA နဲ့ပတ်သက်ရင် တပ်မတော်အစိုးရလက်ထက်မှာ စေ့စပ်ညှိနှိုင်းမှု ပြုလုပ်နိုင်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ (၁၇)နှစ်တိုင်တိုင် အပစ်အခတ်ရပ်စဲကာ ပြည်ထောင်စုအတွက် ငြိမ်းချမ်းရေးတည်ထောင်နိုင်ခဲ့သလို ငြိမ်းချမ်းရေး၏ အနှစ်သာရအကျိုးကျေးဇူးများကြောင့် ဒီမိုကရေစီထူထောင်ရေးမှာ များစွာ အကျိုးပြုနိုင်ခဲ့ပါတယ်။ ထိုသို့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တဲ့အတွက် ကချင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်သင့်သလောက် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ကျွန်တော်တို့ ပြည်ထောင်စုကြီးက ယခုလို စီးပွားရေးတံခါးဖွင့်ဝါဒ ကျင့်သုံးနေတဲ့ အချိန်ကာလမှာ ပြည်ထောင်စုကြီး ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်ဖို့ခိုင်မာတဲ့ Foundation တွေ ချနေတဲ့အချိန်ကာလ၊ ကချင်ပြည်နယ်အနေနဲ့လည်း သယံဇာတပေါကြွယ်ဝစွာဖြင့် ကချင်ပြည်နယ်၏ ယခင်ဖွံ့ဖြိုး တိုးတက်မှု ထက် ပိုမိုအဆင့်မြင့်မားသောပြည်နယ်တစ်ခုအဖြစ် ဖွံ့ဖြိုးလာတော့မယ့်အချိန်တွင် မမျှော်လင့်ဘဲ လက်နက်ကိုင်တိုက်ပွဲများ၊ ပဋိပက္ခများပြန်လည်ဖြစ်ပေါ်လာသည့်အတွက် ပြည်ထောင်စုကြီးအတွက် များစွာနစ်နာပါသည်။

ကချင်ပြည်နယ်မှာတော့ တိုင်းရင်းသားဒေသခံအချို့ဟာ အိုးပစ်၊ အိမ်ပစ်နဲ့ စစ်ဘေးရှောင်ရင်း (၁)နှစ်ကျော်သည်အထိ လူမှုဒုက္ခများ ပင်လယ်ဝေလျက် စစ်ပြေးဒုက္ခသည် အဆင့် ရောက်ရှိနေပါတယ်။ ဒါကိုအဆုံးသတ်ဖို့ ကချင်ပြည်နယ်ဒေသခံ ပြည်သူတွေက ပြင်းပြတဲ့ဆန္ဒ၊ ကြီးမားတဲ့မျှော်လင့်ချက်တွေနဲ့ သူတို့ရဲ့ တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များထံမှတစ်ဆင့် နိုင်ငံတော်ကို တောင်းဆိုနေပြီ ဖြစ်ပါတယ်။

ယခုကဲ့သို့ ပြည်ထောင်စုအတွင်း ပြည်ထောင်စုသားချင်းပဋိပက္ခမှသည် လက်နက်ကိုင် စစ်ပွဲများ၊ အသက်ပေးစတေးရမှုများ ဖြစ်ပွားနေတဲ့အခြေအနေကို ပြန်လည်သုံးသပ် ကြည့်လျှင် ယာလည်း ညက်စေ၊ ကြက်လည်း မောစေ ဆိုတဲ့ သဘောမျိုးနဲ့ ပြည်တွင်း တည်ငြိမ်အေးချမ်းမှုနှင့် ပြည်ထောင်စုကြီး ဒီမိုကရေစီနိုင်ငံကြီး ကမ္ဘာ့အလယ်မှာ ဖွံ့ဖြိုး တိုးတက်လာမှာကို မလိုရှုစိမ့် နှောင့်ယှက်နေတဲ့၊ နှောင့်ယှက်ဖျက်ဆီးလာနိုင်တဲ့ ဘေးပယောဂ ကိုလည်း ကျွန်တော်တို့ ပြည်ထောင်စုကြီးက သတိထားမိဖို့ လိုပါ့မယ်။ အဲဒီလို သတိထားပြီး ပြည်ထောင်စုသားချင်း ဖြစ်ပွားနေတဲ့ ပဋိပက္ခစစ်ပွဲကို ရပ်တန့်ပြီး ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးမှာ လက်တွဲဆောင်ရွက်ဖို့ အချိန်အခါ ရောက်ပြီ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရဘက်ကလည်း ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နေပြီး နိုင်ငံရေးဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန် နိုင်ငံရေး ဆွေးနွေးပွဲပုံစံ ပြင်ဆင်ထားရှိပြီး ဖြစ်ပါ၍ ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခက်ထိန်နန် အဆိုပြုသကဲ့သို့ ထာဝရငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ထိရောက်အောင်မြင် စေဖို့ နိုင်ငံတော်အဆင့်အမိအဖများ၊ ပြည်ထောင်စုလွှတ်တော်မှ အားကိုးအားထား ပြုထိုက် သူများ၊ လူထုထဲမှ တိုင်းရင်းသားခေါင်းဆောင်ကြီးများ ဖွဲ့စည်းပါဝင်တဲ့ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ သို့မဟုတ် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းကာ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားဖို့ကိုလည်း ထောက်ခံပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရမှ ပြည်ထောင်စုတိုင်းရင်းသား အားလုံး အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်များအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် စီမံကိန်းများချမှတ်၍ လူမျိုးမရွေး၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာမရွေး ဖွံ့ဖြိုးတိုးတက်မှု ၏အသီးအပွင့်များကို ခံစားခွင့်ရရှိစေရန် ဆောင်ရွက်နေချိန်တွင် ကချင်ပြည်နယ်အား

စစ်မီးများ တောက်လောင်၍ ကျန်ရစ်ခဲ့မည်ကို ပြည်ထောင်စုကြီးတစ်ရပ်လုံးက မလိုလားပါ။ ဒေသခံတိုင်းရင်းသား ပြည်သူများကို လူမှုဒုက္ခကြီးစွာ ရောက်စေတဲ့ ပြည်ထောင်စုကြီး၏ လူသားအရင်းအမြစ် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစေတဲ့ အပစ်အခတ်၊ တိုက်ခိုက်နေမှုများကို ငြိမ်းချမ်းစွာရပ်စဲရေးအတွက် ပြည်ထောင်စုအစိုးရဖက်မှ သဘောထားကြီးကြီး၊ နှလုံးသား ကြီးကြီးဖြင့် ဦးစွာစတင်ပြီး ထိုမှတစ်ဆင့် နှစ်ဦးနှစ်ဖက် ယုံကြည်အားကိုး လေးစားအားထား နိုင်တဲ့ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး ခိုင်မာသည့် နိုင်ငံရေးဆွေးနွေးမှု များဆောင်ရွက်သွားမည်ဆိုလျှင် ပြည်ထောင်စုသားချင်း ဖြစ်ပွားနေတဲ့ပဋိပက္ခကို အောင်မြင်စွာ ဖြေရှင်းအဆုံးသတ်မယ်လို့ ယုံကြည်ပါတယ်။

ယခု ကချင်ပြည်နယ်မှာ KIO, KIA တို့နဲ့ တပ်မတော် တိုက်ပွဲ ဖြစ်ပွားနေတဲ့ အတွက် ပြည်နယ်ဒေသနေပြည်သူတွေ စစ်ဘေးဒုက္ခသည်တွေ ဖြစ်နေရတဲ့အရေးဟာ ပြည်ထောင်စုအရေး၊ ပြည်သူလူထုအရေးဖြစ်လို့ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူ များက ရွေးချယ်တင်မြှောက်တဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များပါဝင်ပြီး မြန်မာ့တပ်မတော်၊ ပြည်ထောင်စုအစိုးရနဲ့ ပူးပေါင်းကာ ခိုင်မာသည့်နိုင်ငံရေးဆွေးနွေးပွဲ များ ပြုလုပ်နိုင်ကြမည်ဖြစ်ပြီး ယခုအချိန်မှစ၍ အပစ်အခတ်ရပ်စဲကြကာ ပြည်ထောင်စုကြီး အတွင်း ရောဂါကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ အခွင့်အလမ်းများကို ထိခိုက်ပျက်ဆီးဆုံးရှုံးမှု ဘေးအန္တရာယ်များမှ ကင်းဝေးပြီး ပြည်ထောင်စုကြီးအတွက် အမြော်အမြင် ကြီးမားစွာဖြင့် အပြန်အလှန်တန်ဖိုးထား နားလည်မှု များ အပြည့်အဝထား၍ ထာဝရငြိမ်းချမ်းရေးကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် အကူအညီရယူ၍ တည်ဆောက်နိုင်ကြစေရန် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါ သဖြင့် ဦးခက်ထိန်နန် ၏ အဆိုကို လေးလေးနက်နက် ဆွေးနွေးထောက်ခံ အပ်ပါသည် ခင်ဗျား။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပါဝင်ထောက်ခံဆွေးနွေးမယ့် အဆိုကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူး ဦးခက်ထိန်နန်တင်သွင်းတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသောအခြေခံမူများ ချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုပဲဖြစ်ပါတယ်။

အဆိုမှာ အဓိကတောင်းဆိုလိုတဲ့ အချက် သုံးချက်ကို တင်ပြထားပါတယ်။ (၁)က ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ သို့မဟုတ် စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားနိုင်ဖို့ ဖြစ်ပါတယ်။ အချက်(၂)ကတော့ နှစ်ဖက်တပ်များ တိုက်ပွဲ ရပ်စဲဖို့နဲ့၊ အချက်(၃)ကတော့ စစ်ရှောင်ဒုက္ခသည်များအား အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးနိုင်ဖို့ ဆိုတဲ့ အချက်သုံးချက် ဖြစ်ပါတယ်။

အခုတောင်းဆိုခဲ့တဲ့ အချက်သုံးချက်စလုံးဟာ လတ်တလောမှာ လုပ်သင့်လုပ်ထိုက်ပြီး လုပ်ကိုလုပ်ရမယ့် လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ လုပ်ချင်တာရယ်၊ လုပ်သင့်တာရယ်၊ လုပ်နိုင်တာရယ် ဆိုတာကို ချင့်ချိန်ကြည့်မယ်ဆိုလို့ရှိရင် အဆိုမှာ တောင်းဆိုထားတဲ့ သုံးချက်စလုံးဟာ ဒေသခံတိုင်းရင်းသားတွေအတွက်ကတော့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စဖြစ်သည်သာမက လုပ်နိုင်တဲ့ကိစ္စလည်း ဖြစ်နေပါတယ်။ ဒါမှလည်း နှစ်ဖက်တပ်တွေကို တိုက်ပွဲရပ်တဲ့အဆင့်တင် မဟုတ်တော့ဘဲ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ထာဝရရယူနိုင်မှာဖြစ်လို့ပါပဲ။ စစ်ရှောင်ဒုက္ခသည်တွေကို အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးနိုင်ဖို့ ကိစ္စတွေလည်း တစ်ချက်ခုတ် သုံးချက်ပြတ် ဆိုသလို ပိုမိုပြီး ပံ့ပိုးကူညီနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမှာ နိုင်ငံတော်သမ္မတက ဦးဆောင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီအဖွဲ့ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ဖော်ဆောင်နေပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး အကျိုးဆောင်အဖွဲ့တွေကတော့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီးတော့

လည်း လုပ်ဆောင်နေပါတယ်။ ယခု ဦးခက်ထိန်နန် တင်ပြတဲ့ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေကတော့ လိုအပ်ရင် လိုအပ်သလို ပူးပေါင်းပါဝင်မှုတွေ ပိုမိုအားကောင်းလာအောင် ထပ်မံဖွဲ့စည်းလုပ်ဆောင် သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်က ယုံကြည်လက်ခံနိုင်တဲ့ ပုဂ္ဂိုလ်တွေ ပါဝင်ဖို့ လိုပါတယ်။ အားလုံးပူးပေါင်း ပါဝင်သင့်တဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး မြန်မြန်ဖြစ်လေ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုမို လုပ်ဆောင်နိုင်လေ ဖြစ်မှာပါပဲ။

နိုင်ငံတစ်ခုမှာ အေးချမ်းတဲ့နေရာဒေသတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ပြီး မအေးချမ်းတဲ့ဒေသတွေမှာ မလုပ်ဆောင်နိုင်ဘူးဆိုလို့ရှိရင် ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ကြာလေ အချိုးညီမျှမှု ပိုမိုကွာခြားလေ ဖြစ်လာမှာပါပဲ။ အချိန်ဆွဲထားသင့်တဲ့ကိစ္စ မဟုတ်တော့ပါဘူး။ ယနေ့လက်ရှိအခြေအနေကို ကြည့်မယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်တွင်းငြိမ်းချမ်းရေးဟာ အလွန်အရေးကြီးတဲ့အတွက် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေကို ဖြေရှင်းနေကြရတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရှိမှလည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တက်ညီလက်ညီ ဝိုင်းဝန်းပါဝင်လုပ်ဆောင်နိုင်ကြပြီးတော့ တိုးတက်မှု လျင်မြန်လာမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၁၈)ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ သတင်းထုတ်ပြန်ချက် အပိုဒ် ၇ နဲ့ ၈ မှာ နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် ထာဝရ ငြိမ်းချမ်းရေးတည်ဆောက်နိုင်အောင် အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ခိုင်မာတဲ့ နိုင်ငံရေးဆွေးနွေးမှုများကို ဆက်လက် လုပ်ဆောင်သွားမှာ ဖြစ်တယ်။ KIO/KIA နှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆက်လက်ပြုလုပ်မှာ ဖြစ်တယ်။ နောင် တွေ့ဆုံဆွေးနွေးမှုတွေမှာ KIO/KIA လက်နက်ကိုင်အဖွဲ့မှ တပ်ပိုင်းဆိုင်ရာများကို အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေက တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါတယ်။

နိုင်ငံတော်အစိုးရဟာ ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့အတွက် KIO/KIA အပါအဝင် တိုင်းရင်းသား

ပြည်သူအားလုံးနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိတယ်လို့ သတင်းထုတ်ပြန်ထားပါတယ်။ ဒီသတင်းထုတ်ပြန်ချက်နဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သတင်းထုတ်ပြန်ချက်ကတစ်ဆင့် ရှေးအလားအလာကောင်းတွေကို ဖော်ဆောင်သွားနိုင်မယ်လို့ မျှော်လင့်တဲ့အကြောင်း KIO အဖွဲ့ကနေပြီးတော့ ဇန်နဝါရီလ ၁၉ ရက်နေ့မှာ သတင်းထုတ်ပြန်ခဲ့တာကိုလည်း ကြားသိခဲ့ရပါတယ်။

ဒါပေမဲ့ တိုက်ပွဲတွေကတော့ ဆက်ဖြစ်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက လက်နက်ကိုင်အဖွဲ့အစည်း (၁၀)ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေး ထိုးနိုင်ခဲ့ပေမယ့်လည်း ကချင်ပြည်နယ်မှာရှိတဲ့ ကချင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ပြေလည်မှု မရရှိသေးတာဟာ တစ်နေရာရာမှာ တစ်ခုခုတော့ လွဲချော်နေသေးတယ်လို့ ထင်မြင်ပါတယ်။ တိုးတက်ဖြစ်ထွန်းလာတဲ့ မီဒီယာများရဲ့ အကူအညီနဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မိမိတို့ရဲ့ အမြင်တွေ သဘောထားတွေကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်နိုင်နေတဲ့ ယခုလို အချိန်အခါကောင်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ရပ်တည်ချက်၊ ခံယူချက်၊ ယုံကြည်ချက်တွေကို သိသာစွာ တင်ပြဆွေးနွေးနိုင်ကြတဲ့ အခြေအနေကိုရောက်ပြီလို့ ယူဆပါတယ်။

အဲဒီလို တင်ပြဆွေးနွေးလာတဲ့ တိုင်းရင်းသားလက်နက်ကိုင်များရဲ့ ယုံကြည်ချက်၊ နိုင်ငံရေးအမြင်သဘောတရားတွေကို ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမယ့် အချိန်ကိုလည်း ရောက်ပါပြီ။ အားလုံး ပူးပေါင်းပါဝင်ကြရမယ့် အချိန်အခါကောင်းလည်း ဖြစ်လာနေပါပြီ။ ယခုဖြစ်ပေါ်နေတဲ့ ပဋိပက္ခပြဿနာများရဲ့ အရင်းအမြစ်ကို လေ့လာဆန်းစစ်ပြီး အားလုံးက သဘောထားကြီးစွာနဲ့ စုပေါင်းအဖြေရှာသွားကြရမယ့်ကိစ္စလည်း ဖြစ်နေပါတယ်။

ယခုလည်း လွှတ်တော်ကိုယ်စားလှယ် အတော်များများက သမိုင်းအချက်အလက်တွေ၊ သမိုင်းရဲ့သင်ခန်းစာတွေနဲ့ တိုင်းရင်းသားများရဲ့ ပြည်နယ်တွေမှာ တန်းတူညီမျှမှု မရှိခဲ့တဲ့ အခြေအနေတွေနဲ့ ပြည်နယ်တွေမှာ သူတို့ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်နိုင်ခွင့်တွေ မရှိခဲ့တဲ့ အပေါ်မူတည်ပြီး လက်ရှိဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပြဿနာတွေကို မီးမောင်းထိုးပြ သွားပါတယ်။ ဒါတွေကို မဖြေရှင်းနိုင်သေးသ၍တော့ ယုံကြည်မှုတည်ဆောက်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ နှေးကွေးနေဦးမယ် ဆိုတာပါပဲ။

နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်မှာချက်တွေအတိုင်းပါပဲ။ ကျွန်တော်တို့နိုင်ငံက ပြည်ထောင်စုနိုင်ငံဖြစ်တယ်။ နိုင်ငံရေးလမ်းစဥ်မှာ တိုင်းရင်းသားအားလုံး တန်းတူညီတူ ပါဝင်ခွင့်ရရှိဖို့ မဖြစ်မနေ ဆောင်ရွက်ရမှာဖြစ်တယ်။ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးရဲ့ ခေတ်အဆက်ဆက် အကောင်အထည် မဖော်ခဲ့တဲ့အိပ်မက်၊ လွင့်ပျယ်ပျောက်ပျက်ခဲ့ရတဲ့ မျှော်လင့်ချက်တွေဖြစ်တယ်။ သာတူညီမျှမှု အခွင့်အရေးကိုအားလုံးမျှဝေရရှိပြီး တန်းတူရည်တူ ဖြစ်ပေါ်လာဖို့ဆိုတဲ့ တိုင်းရင်းသားတွေရဲ့ မျှော်မှန်းချက်ဟာ ကျွန်တော်တို့ အစိုးရရဲ့ လိုလားချက်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားတွေခံစားနေကြရတဲ့ ခါးသီးလှတဲ့ဒဏ်ရာတွေနဲ့ စူးနစ်တဲ့ အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့အိပ်မက်တွေကို ကျွန်တော်တို့အားလုံး ဖြည့်ဆည်း ပေးဖို့တာဝန်ရှိပါတယ်ဆိုတဲ့ ပြောကြားချက်တွေဟာဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းရင်းသား တွေအတွက် ခွန်အားတစ်ခု ဖြစ်ပေါ်လာစေပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေ အချင်းချင်း စစ်ခင်းနေကြရတာနဲ့ ယုံကြည်မှုတွေပျောက်ပြီး အိမ်နီးချင်းနိုင်ငံတွေရဲ့နောက်ကို ရောက်မှန်းမသိ ရောက်နေကြတဲ့ဘဝကို အဆုံးသတ်ချင်နေကြပါပြီ။ ဒီပြဿနာတွေကို နိုင်ငံရေး နည်းနဲ့ မဖြေရှင်းဘဲ မရပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အများရဲ့ဆန္ဒအရ ဆုံးဖြတ်လုပ်ကိုင်ရတဲ့ ဒီမိုကရေစီစနစ်ကြီး မှာ လူနည်းစုဖြစ်တဲ့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်တွေ ပျောက်ဆုံး မသွားရေးနဲ့ ပြည်နယ်တွေမှာ သူတို့ရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်နိုင်ခွင့် တွေကို အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားသော်လည်းပဲ တန်းတူညီမျှမှုမှာ အားနည်းနေတုန်းပါပဲ။ ဒီအချက်တွေကို ပြုပြင်နိုင်ခွင့်ရှိပေမယ့် လွယ်လွယ်ကူကူတော့ မဟုတ်ပါဘူး။ ဒီအချက်တွေကို ပြုပြင်နိုင်တဲ့ ပြုပြင်နိုင်ရန် အခွင့်အရေးရှိတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်က ပူးပေါင်းပါဝင်ကြရပါမယ်။ ဘယ်လိုနည်းလမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြ မလဲဆိုတဲ့ သိသာထင်ရှားတဲ့ တိုင်းရင်းသားများအတွက် တန်းတူညီမျှကို အာမခံချက်တွေ ရှိမယ့် အစီအစဥ်တွေ မရှိမချင်း လူနည်းစုတိုင်းရင်းသားတွေ ယုံကြည်မှု လျော့နည်းနေ သေးတာတွေဟာ တိုင်းရင်းသားလက်နက်ကိုင်တွေအတွက် ထောက်ပြစရာတစ်ခုလို ဖြစ်နေ ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ တကယ့်ဆန္ဒအရင်းအမှန်ကိုသိအောင် ကြိုးစားကြရပါမယ်။ သူတို့ဖြစ်ချင်တဲ့ အပြောင်းအလဲတွေက ဘယ်လိုအပြောင်းအလဲမျိုးတွေလည်း ယနေ့နိုင်ငံရဲ့ အပြောင်းအလဲတွေဟာ လျှင်မြန်စွာပြောင်းလဲလာသော်လည်းပဲ တိုင်းရင်းသားများအတွက် တကယ်လုံခြုံစိတ်ချရတဲ့ အပြောင်းအလဲမဖြစ်ရင် တကယ့်ပြောင်းလဲခြင်း ဖြစ်မလာပါဘူး။ တိုင်းရင်းသားများအားလုံးအတွက် လုံခြုံစိတ်ချရတဲ့စနစ်တစ်ခုနဲ့ အပြောင်းအလဲကသာလျှင် တကယ့်အစစ်အမှန် ပြောင်းလဲခြင်း ဖြစ်လာပါမယ်။ ဒါတွေကိုလည်း နိုင်ငံရေးဆွေးနွေးပွဲတွေမှာ များစွာဆွေးနွေးကြရပါဦးမယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကလည်း ပါဝင်ဆုံးဖြတ်ကြရပါဦးမယ်။ သမိုင်းသစ် ရေးကြရပါဦးမယ်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့ ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်မှာ ပြောကြားခဲ့တဲ့ နိုင်ငံတော်သမ္မတကြီး ရဲ့ မိန့်ခွန်းမှာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိတဲ့အထိ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ KIO မှလွဲပြီး ကျန်အဖွဲ့(၁၀)ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီး Political dialogue ကိစ္စတွေကို အခု ၂၀၁၃ နှစ်ဦးပိုင်းမှာစပြီးဆောင်ရွက်ဖို့ ပြင်ဆင်ပြီး ဖြစ်ပါတယ်။ KIO ကိုလည်း ငြိမ်းချမ်းရေးဆောင်ရွက်ဖို့ ဆက်လက် ကမ်းလှမ်းထားပြီး ယခုလည်း ထပ်မံဖိတ်ခေါ်လိုက်ပါတယ်။ မကြာမီ ငြိမ်းချမ်းရေးကို လက်ကမ်းလာနိုင်မယ်လို့ ယုံကြည်ပါတယ်။ တပ်မတော်က အကာန့်အသတ်နဲ့ ဆောင်ရွက်နေတဲ့ စစ်ရေးကိစ္စဆောင်ရွက်မှုများ ရပ်ဆိုင်းဖို့ အမိန့်ပေးထားပြီး ဖြစ်ပါတယ်။ တစ်ဖက်ကလည်း အလားတူရပ်ဆိုင်းပေးသွားဖို့ လိုအပ်ပါတယ်ဆိုတဲ့ ပြောကြားတဲ့အချက်တွေဟာ တစ်ဖက်လက်နက်ကိုင်များအတွက် တိုက်ပွဲတွေကို အမြန်ရပ်ပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို လက်ခံလာနိုင်မယ့် အခြေအနေကောင်းများပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ တိုင်းရင်းသားလက်နက်ကိုင်တွေကလည်း ညီရင်းအစ်ကိုတွေပါပဲ။ တပ်မတော်ဆိုတာကလည်း နိုင်ငံတွင်းမှာရှိတဲ့ တိုင်းရင်းသားများနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ ပြည်ထောင်စုတပ်မတော်ပဲ ဖြစ်ရပါမယ်။ လက်နက်ကိုင်ပဋိပက္ခရဲ့ တိုက်ပွဲတွေအကြားမှာ ဒေသခံပြည်သူတွေရဲ့ လူမှုဒုက္ခပြဿနာတွေက အများအပြားပါပဲ။ တိုက်ပွဲတွေရပ်လိုက်တာနဲ့အမျှ ဒေသခံတိုင်းရင်းသားတွေရဲ့ ဒုက္ခတွေ ရာခိုင်နှုန်း အတော်များများကို ဖြေရှင်းပြီးသား ဖြစ်သွားမှာပါ။

တိုက်ပွဲတွေရပ်ပြီး စစ်မှန်တဲ့ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတွေ တည်ဆောက်ကြပါ။ ယုံကြည်မှုတွေတည်ဆောက်ရင်း နိုင်ငံရေးဆွေးနွေးမှုတွေလုပ်ကြပါ။ နိုင်ငံရေးဆွေးနွေးမှုကနေ ရရှိလာတဲ့ရလဒ်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ကျွန်တော်တို့ တပ်မတော်သားကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကလည်း ပူးပေါင်းပါဝင်ပြီး သမိုင်းသစ်တစ်ခု ရေးကြရပါဦးမယ်။ ရေးနိုင်ကြလိမ့်မယ် လို့လည်း ယုံကြည်ပါတယ်။

နိုင်ငံသားများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်မယ့် နိုင်ငံသားများရဲ့ အသံနဲ့ ဆန္ဒကိုကြားနာနိုင်တဲ့ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် လွှတ်တော်တွေလည်းပေါ်လာနိုင်ခဲ့ပြီး နိုင်ငံသားအားလုံးရဲ့ အသံနဲ့ ဆန္ဒတွေကိုလည်း ကြားလာနိုင်ခဲ့ကြပါပြီ။ အားလုံးပူးပေါင်းပါဝင်နိုင်တဲ့ တန်းတူညီမျှမှုရှိမယ့် တိုင်းရင်းသားများရဲ့ဆန္ဒနဲ့အညီ ဖော်ဆောင်ပေးနိုင်မယ့် နိုင်ငံရေးဆွေးနွေးမှုတွေ ဖြစ်ပေါ်လာနေပါပြီ။ ဒီအခွင့်အရေးတွေဟာ လွယ်လွယ်ကူကူနဲ့ ဖြစ်လာတာတော့ မဟုတ်ပါဘူး။ နိုင်ငံရေးဆွေးနွေးနိုင်ဖို့ တိုက်ပွဲတွေကို အရင်ဆုံး ရပ်စဲနိုင်ရပါမယ်။ နိုင်ငံသားအားလုံးက အမှန်တကယ် လိုချင်တောင့်တနေတဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်နဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပူးပေါင်းပါဝင်လာစေနိုင်မယ့် စနစ်တစ်ခုလည်း တည်ဆောက်နိုင်မှာဖြစ်တဲ့အတွက် ဦးခက်ထိန်နန်ရဲ့အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း နှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့်

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်၍ ထာဝရ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသော အခြေခံမှု များ ချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ဦးခက်ထိန်နန် ရဲ့အဆိုမှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသောအခြေခံမှုများ ချမှတ်ပေးရေး လို့ဆိုထားပါတယ်။ အဲဒီမှာပြန်ကြည့်ရင် နှစ်ဦးနှစ်ဖက် ယုံကြည်မှုဆိုတာပါပါတယ်။ အဲဒီတော့ နှစ်ဦးနှစ်ဖက် ယုံကြည်မှုရအောင် ဖော်ဆောင်ပေးနိုင်ဖို့၊ ဖန်တီးပေးနိုင်ဖို့ လိုတယ်ဆိုတာ ဒီမှာ ဖော်ပြထားပါတယ်။

နောက်တစ်ချက်က ခိုင်မာသောအခြေခံမှုများ ချမှတ်ပေးရေးဆိုပြီးတော့ ပါပါ တယ်။ ခိုင်မာသော၊ ခိုင်မာတဲ့အခြေခံမှုများကို ချမှတ်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ နှစ်ဦးနှစ်ဖက် ယုံကြည်မှုရှိအောင် ဘယ်လိုလုပ်ရမလဲ၊ အဲဒီတော့ အခြေခံမှုမှာမှ ခိုင်မာတဲ့အခြေခံမှုဖြစ်အောင် ခိုင်မာတဲ့အခြေခံမှုဖြစ်မှလည်း ကျွန်တော်တို့က ငြိမ်းချမ်းရေးက ထာဝရငြိမ်းချမ်းရေးကိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ခိုင်မာသော အခြေခံမှုများ ချမှတ်နိုင်ဖို့အတွက် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတဲ့ဟာကိုပဲ ဖောင်းပေးပြီးတော့ ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ပထမဦးစွာ ကချင်ပြည်နယ်ရဲ့အခြေအနေကို အနည်းငယ် တင်ပြလိုပါတယ်။ အဲဒီတော့ ကချင်ပြည်နယ် ငြိမ်းချမ်းရေးရဖို့အတွက် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့နဲ့ သော်လည်းကောင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့နဲ့ သော်လည်းကောင်း၊ KIA/KIO ကိုယ်စားလှယ်များ နဲ့ ကြိမ်ဖန်များစွာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။ ဒါကိုလည်း ရှေ့ကလွှတ်တော်ကိုယ်စားလှယ်များက အသေးစိတ် တင်ပြဆွေးနွေးသွားကြပြီး ဖြစ်ပါတယ်။

အဲဒီလို အကြိမ်ကြိမ်အခါခါ ဆွေးနွေးခဲ့ပေမယ့်လည်း အပစ်အခတ်ရပ်စဲမှုကို မရနိုင်ပါ။ ပိုမိုဆိုးရွားတဲ့အနေအထားကိုပဲ ရောက်ရှိလာတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါ တယ်။ နောက်တစ်ခါ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု

အခြေအနေကို တင်ပြလိုပါတယ်။ အဲဒီတော့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုရဲ့ အခြေခံမူ ချမှတ်ထားတာရှိပါတယ်။ အဲဒါဘာလဲဆိုရင် ပထမအဆင့် အပစ်အခတ်ရပ်စဲမယ်၊ ဒုတိယအဆင့် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးမယ်ဆိုတဲ့ အခြေခံမူချမှတ်ထားပါတယ်။ အဲဒီလို အခြေခံမူနဲ့ ဆောင်ရွက်လာတဲ့အခါမှာ လက်နက်ကိုင်အဖွဲ့အစည်း (၁၀)ဖွဲ့ဟာ အပစ်အခတ်ရပ်စဲဖို့ သဘောတူညီခဲ့ကြပြီး ဖြစ်ပါတယ်။

အဲဒီတော့ ဆက်လက်ပြီးတော့လည်း နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးဖို့ စိုင်းပြင်း ဆောင်ရွက်နေကြတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီတော့ KIA ကတော့ အပစ်အခတ် ရပ်စဲလို့ ဆွေးနွေးညှိနှိုင်းလို့ရတဲ့ အနေအထားမှာ မရှိပါဘူး။ ဘာကြောင့်လဲဆိုတဲ့အခါ ကျတော့ KIA က ယခင်တုန်းကလည်း အပစ်အခတ် ရပ်စဲမှုတွေဟာ ရပ်ဆိုင်းထားခဲ့ပြီးပြီ၊ အဲဒီတော့ အပစ်အခတ်ရပ်ဆိုင်းထားခဲ့ပြီးတော့လည်း ငြိမ်းချမ်းရေးဟာ မရနိုင်လို့ အခုလည်း တစ်ခါ အပစ်အခတ်ရပ်စဲပြီးတော့ ငြိမ်းချမ်းရေးဆောင်ရွက်မယ်ဆိုရင်လည်း ယခင်ကလိုပဲ ထူးခြားစရာအကြောင်း မရှိဘူး။

ဒါကြောင့်မို့လို့ သူတို့က နိုင်ငံရေးနည်းအားဖြင့် အရင်ညှိနှိုင်းဆွေးနွေးမယ်။ ပြီးတဲ့အခါမှာ အပစ်အခတ်ရပ်စဲမယ်ဆိုတဲ့ မူကိုစွဲကိုင်ထားပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ ငြိမ်းချမ်းရေးဆွေးနွေးဖို့က ရှေ့ကို မရောက်နိုင်ဘူး။ မရောက်ဘဲနဲ့ ပိုပို ပြီးတော့ ဆိုးလာတဲ့ အနေအထားဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ နိုင်ငံတော် အစိုးရကတော့ဖြင့် ငြိမ်းချမ်းရေးတံခါးကို အမြဲတမ်း ဖွင့်ထားပါတယ်။ KIA က အခြား လက်နက်ကိုင် အဖွဲ့အစည်းများလိုပဲ ယုံကြည်မှု မရရှိနိုင်ဘဲနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ရပ်တံ့စေတဲ့ အနေအထား ရှိနေပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကချင်ပြည်နယ်ရဲ့ အခြေအနေပါ။ အဲဒီတော့ ကျွန်တော်တို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများရဲ့ သဘောထားကို ဒီနေရာမှာ တင်ပြလိုပါတယ်။

အဲဒီတော့ လက်နက်ကိုင်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဗြိတိသျှ ကိုလိုနီစနစ်ရဲ့ တောင်ပေါ်မြေပြန့် ခွဲခြား သွေးခွဲအုပ်ချုပ်မှု ဆိုးမွေကနေပြီးတော့ ပေါ်ပေါက် လာတဲ့ စိတ်ဝမ်းကွဲပြားမှုမှတစ်ဆင့် ဖြစ်ပေါ်လာတဲ့ တန်းတူညီမျှရေး တောင်းဆိုမှုမှ အခြေခံ ပြီးတော့ လက်နက်ကိုင်ပြီးတော့ အစိုးရကို တော်လှန်ပုန်ကန်ခဲ့ကြတာ ဖြစ်ပါတယ်။

ယခုအချိန်မှာ လက်နက်ကိုင်အဖွဲ့အစည်းများဟာ ပြည်နယ်ခွဲထွက်ဖို့ ဆန္ဒမရှိဘူး။ ရည်ရွယ်ချက် မရှိဘူး။ တန်းတူညီမျှမှု အခွင့်အရေးကိုသာ တောင်းဆိုနေကြ တယ်ဆိုတာ ဒါ ကျွန်တော်တို့အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါဆိုရင် တန်းတူညီမျှမှုဟာ ထာဝရငြိမ်းချမ်းရေး ရရှိရန် အရေးကြီးတဲ့အချက် ဖြစ်တယ်ဆိုတာ ကျွန်တော်တို့အားလုံးက အလေးအနက် ခံယူကြရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ဖွဲ့စည်းပုံအခြေအနေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ပြည်သူအားလုံးရဲ့ထောက်ခံမှု(၉၂.၄)ရာခိုင်နှုန်းရပြီးတော့ အားလုံးအတည်ပြု ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားနှင့်အညီ ရေးဆွဲထားတာ ဖြစ်ပါတယ်။ အစိုးရအသီးသီးနဲ့ လွှတ်တော်အသီးသီးကလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲဒီတော့ ယခုခေတ်စနစ် အခြေအနေလေးကို အနည်းငယ် တင်ပြလိုပါတယ်။ ယခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးနေပြီ ဖြစ်ပါတယ်။ ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ အစိုးရလည်း ပေါ်ပေါက်လာပြီ ဖြစ်ပါတယ်။ လွှတ်တော် နှစ်ရပ်လည်း ပေါ်ပေါက်လာပြီ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ စီမံဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လွှတ်တော်ထဲ မှာ တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးနေကြပြီ ဖြစ်ပါတယ်။

အဲဒီတော့ ၁၇-၁-၂၀၁၃ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ ကနေပြီးတော့ ပဥ္စမကာလတို (၅)နှစ်စီမံကိန်းရဲ့ နောက်ဆုံးနှစ်ဖြစ်တဲ့၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်မှာ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး ပြည်နယ်(၅)ခုဟာ နှစ်စဉ် တိုးတက်ရမယ့် (၇.၇)ရာခိုင်နှုန်းထက်ကို အောက်ရောက်နေတဲ့အတွက်ကြောင့်မို့ ဒီစီမံကိန်းဟာ ကျွန်တော်တို့ ဒီပြည်မနဲ့ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုဟာ တန်းတူညီမျှဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ဒီစီမံကိန်းကို ပြန်လည်ရေးဆွဲဖို့ လိုအပ်တယ်လို့လည်း ဆွေးနွေးခဲ့တာတွေ ရှိပါတယ်။ ဒါဟာ ပြည်မနဲ့ပြည်နယ် မခွဲခြားဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းမှုနဲ့အညီ

အကောင်အထည်ဖော်နိုင်ရန် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း ဆွေးနွေးတင်ပြ လိုပါတယ်။ အဲဒီတော့ လွှတ်တော်ရဲ့ အခန်းကဏ္ဍကိုလည်း ကျွန်တော် ဆွေးနွေးလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ ဆောင်ရွက်ရန်ရှိသည်များကို ပြည်သူ့ကိုယ်စား ဆောင်ရွက်ဖို့ ပြည်သူက ရွေးချယ်တင်မြှောက်ထားသူများ ဖြစ်ပါတယ်။ အစိုးရကလည်း ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်ပါတယ်။ ဒါကြောင့်မို့ ပါတီစုံဒီမိုကရေစီစနစ်မှာ ပြည်သူသည်သာ အဓိက ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄ မှာလည်း နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံး၌ တည်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ကလည်း ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆောင်ပုဒ်များနဲ့အညီ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုနေကြပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ နှစ်ဦးနှစ်ဖက်အခြေခံမူဝါဒများ ရဲရဲတင်းတင်းချမှတ်နိုင်တယ်ဆိုတာကို ဆက်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးပြုလုပ်ရာမှာ အားလုံးသဘောတူတဲ့ အခြေခံမူရေးဆွဲဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ယခင်ခေတ်ကလို စိုးရိမ်စရာ မလိုတော့ပါဘူး။ အလျှော့အတင်း ရဲရဲတင်းတင်း ပြုလုပ်လို့ရနေတဲ့ အနေအထားရှိပါတယ်။ ပြည်ထောင်စုအစိုးရနဲ့ တိုင်းရင်းသားလူမျိုးနွယ်စုအားလုံးရဲ့ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေး သဘောတူတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူများနဲ့ ညီညွတ်တဲ့ ထာဝရငြိမ်းချမ်းရေးမူကို ချမှတ်ဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးတင်ပြ လိုပါတယ်။ အဲဒီရရှိတဲ့မူဘောင်အတိုင်းပဲ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးကို ဆွေးနွေးရမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးနွယ်စုအားလုံးကလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုမှာ လိုအပ်သလို ဝိုင်းဝန်းကူညီပေးကြရန် လိုအပ်မှာဖြစ်ပါတယ်။

အဲဒီအခါမှာ ပွင့်လင်းထင်သာမြင်သာမှုရှိဖို့ လိုပါတယ်။ ယခုလို နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲမှုနဲ့ ငြိမ်းချမ်းရေးဆောင်ရွက်နေမှုအခြေအနေများကို ပြည်သူက မည်သူများသည်၊ မည်သူမှန်သည်ဆိုတဲ့ အခြေအနေမှန်ကို သိရှိရန် လိုအပ်ပါတယ်။ ပြည်သူ၏

အဆုံးအဖြတ်ဟာ အဓိက ကျပါတယ်။ ဒါကြောင့်မို့ ဆွေးနွေးပွဲမှာ လေ့လာသူများ၊ မီဒီယာများ တက်ရောက်စေဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဆွေးနွေးပွဲ အစမှ အဆုံး TV မှ ပြန်လည် ထုတ်ပေးနိုင်ဖို့နဲ့ ဖြစ်နိုင်က အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် ပေးဖို့လိုအပ်ပါတယ်။ အဲဒီတော့ မီဒီယာသမားများကလည်း ဘက်မလိုက်ဘဲနဲ့ ထုတ်ပြန်ရန် တာဝန်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု တွေပြုလုပ်နေပြီ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ထာဝရငြိမ်းချမ်းရေး မရနိုင်တဲ့အခါကျ တော့ အပြည့်အဝ တိုးတက်နိုင်တဲ့အနေအထားမှာ မရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ ကချင်ပြည်နယ် ငြိမ်းချမ်းမှုမရှိတဲ့အတွက်ကြောင့်မို့ နိုင်ငံခြားရင်းနှီးမှုတွေဟာလည်း လာဖို့ တုံ့ဆိုင်းနေကြပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်များကလည်း အရင်းအနှီးများပြားတဲ့ လုပ်ငန်းတွေမှာ ရင်းနှီးဖို့ တုံ့ဆိုင်းနေတာရှိပါတယ်။

နိုင်ငံရှိ ပြည်သူအားလုံး လူနေမှုဘဝအစစ မတိုးတက်နိုင်တဲ့ အခြေအနေကို ရောက်ရှိနေပါတယ်။ ဒါကြောင့်မို့ နိုင်ငံမှာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်နေသူ များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဆန္ဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲ ကင်းကင်းနဲ့ သမိုင်းရဲ့ နာကျည်းမှုတွေကို သင်ပုန်းချေပြီး တိုင်းပြည် တိုးတက်စေချင်တဲ့ စိတ်ကောင်းစေတနာနဲ့ စိတ်ရှည်သည်းညည်းခံပြီး မပြတ်သောလုံ့လနဲ့ ဆောင်ရွက်ကြရ ပါမယ်။ ပြည်သူများကလည်း အမျိုးသားစိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝနဲ့ ပူးပေါင်းပါဝင်ကြမယ်ဆိုရင် ကျွန်တော်တို့ အားလုံးမျှော်လင့်နေတဲ့ ထာဝရငြိမ်းချမ်းရေးကို မလွဲမသွေရနိုင်မှာဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုဆွေးနွေးရင်း ဦးခက်ထိန်နန် ရဲ့ အဆိုကို ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) ဦးအောင်ကြည်ညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊

ပြည်ထောင်စုဝန်ကြီးနဲ့ တက်ရောက်လာတဲ့ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ ကျွန်တော်တို့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးခက်ထိန်နန် တင်သွင်းခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ထာဝရ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမယ့် ခိုင်မာတဲ့အခြေခံမူများ ချမှတ်ပေးရေးဆိုတဲ့အဆိုပေါ်မှာ ထောက်ခံဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့က မြောက်မြားစွာသော ကိုယ်စားလှယ်တော်ကြီးများဟာ သမိုင်းအထောက်အထား အချက်အလက်ပေါင်းမြောက်မြားစွာနဲ့ ပြောခဲ့ပြီးဖြစ်တဲ့အတွက် အနှစ်ချုပ်လောက်အပေါ်မှာပဲ မူတည်ပြီးတော့ ကျွန်တော် ဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။

ကျွန်တော့်အနေအထားနဲ့ အခုပေါ်ပေါက်နေတဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ အကြောင်းခြင်းရာ အချက်အလက်တွေ ရှေ့ကတင်ပြသွားတဲ့ ကိုယ်စားလှယ်တော်များရဲ့ ဆွေးနွေးချက်တွေ သမိုင်းဆိုင်ရာအချက်တွေကို မူတည်ပြီးတော့ အနှစ်သာရပိုင်းအရဆွေးနွေးမယ်ဆိုရင် ဒီကနေ့ ကချင်ပြည်နယ်မှာ ဘာတွေဖြစ်နေတာလဲ၊ ဘာကြောင့်ဖြစ်နေတာလဲ၊ ဒါကို ကျွန်တော်တို့ ဘယ်လိုကျော်လွှားဖြေရှင်းမလဲဆိုတဲ့ကိစ္စ (၃)ခုနဲ့ ပတ်သက်ပြီးတော့ပဲ ကျွန်တော်တို့ စဉ်းစားနေကြတာလို့ ဒီလိုသဘောပေါက်ပါတယ်။ ကျွန်တော့်အနေအထားနဲ့ကတော့ ကချင်ပြည်နယ်မှာ ဒီကနေ့ ဘာတွေဖြစ်နေသလဲဆိုတဲ့ အဖြေဟာတစ်ခုပဲ ရှိပါတယ်။ မဖြစ်သင့်တာတွေ ဖြစ်နေတယ်လို့ ဒီလိုပဲဖြေရမှာ ဖြစ်ပါတယ်။ ဘာကြောင့်ဖြစ်နေတာလဲဆိုတဲ့ အဖြေကတော့ အပြန်အလှန်ယုံကြည်မှုမရလို့ သံသယတွေကြီးထွားနေလို့ဆိုတဲ့အကြောင်းကို တွေ့ရမှာ ဖြစ်ပါတယ်။ ဘယ်လိုကျော်လွှား ဖြေရှင်းမလဲဆိုတာကတော့ ဆွေးနွေးညှိနှိုင်း အဖြေရှာတဲ့နည်းလမ်းသာ လူသားဆန်တဲ့ လူ့ယဉ်ကျေးမှုနဲ့ဆီလျော်တယ်လို့ဆိုတဲ့ကိစ္စလည်း အငြင်းပွားမယ် မဟုတ်ဘူးလို့ ကျွန်တော် ဖြေချင်ပါတယ်။

ဒါကြောင့် ဒီမှာ အရေးကြီးဆုံးစိန်ခေါ်မှု၊ အကြီးမားဆုံး စိန်ခေါ်မှု တစ်ခု ရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ တစ်ဖက်တည်းက သဘောကောင်းနေရုံနဲ့လည်း မရနိုင်သလိုတစ်ဖက်သတ် အနိုင်ယူလို့လည်း ခိုင်မြဲတဲ့အဖြေ မရနိုင်ဘူးဆိုတဲ့ စိန်ခေါ်မှုပဲ ဖြစ်ပါတယ်။

ယခု ကျွန်တော်တို့ အဓိကထားပြီးတော့ စဥ်းစားနေရတဲ့၊ စဥ်းစားရမယ့် အခြေအနေက အခု ဒီကိစ္စတွေဟာ ဘာကြောင့်ဖြစ်နေရတာပါဆိုတဲ့ ဖြစ်ရပ်တွေကို မီးမောင်းထိုး အကြောင်းတွေပြပြီးတော့ တစ်ဖက်ဆီက ကိုယ်မှန်ကြောင်း၊ တရားကြောင်းပြောနေကြဖို့ထက် ဒီဖြစ်စဥ်ကြီးကို ဘယ်လိုရအောင် လုပ်မလဲဆိုတဲ့ အဖြေကိုရှာဖို့ဟာ ပိုပြီးတော့ အလေးအနက်ထားသင့်တယ်လို့ ကျွန်တော် သုံးသပ်တင်ပြလိုခြင်း ဖြစ်ပါတယ်။ လက်တွေ့ကျတဲ့နည်းလမ်းကို ကျွန်တော်တို့ ရွေးရမှာ ဖြစ်ပါတယ်။

တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ကျွန်တော်တို့ စစ်မီးတောက်ကြီး ဖြစ်စေနိုင်လောက်အောင် စိုးရိမ်ဖွယ်ရာ ဖြစ်ခဲ့တဲ့ တစ်ချိန်တုန်းက ကျူးဘားအရေးနဲ့ပတ်သက်တဲ့ အင်အားကြီးနိုင်ငံကြီး နှစ်ခုရဲ့ အငြင်းပွားမှုမှာ ကျွန်တော်တို့ ကမ္ဘာပေါ်မှာရှိတဲ့ အလွှာစုံကပုဂ္ဂိုလ်ကြီးတွေရဲ့ တောင်းဆိုမှုတွေကို အားယူပြီးတော့ နှစ်နိုင်ငံအကြား ဝင်ရောက်ညှိနှိုင်းပေးခဲ့တဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဖြစ်ခဲ့တဲ့ ဦးသန့် ရဲ့ ဆောင်ရွက်အောင်မြင်မှုမျိုးလို သင်ခန်းစာတွေလည်း သမိုင်းမှာ အများကြီးရှိခဲ့ဖူးပြီ ဖြစ်ပါတယ်။ အကျယ်ပြောဖို့ မလိုဘူး ထင်ပါတယ်။ အဲဒီတော့ ရပ်တည်ချက်နဲ့အမြင်မတူတဲ့ ဘက်နှစ်ဖက်ဟာ ကိုယ့်အမြင်နဲ့ကိုယ်တော့ မှန်တယ်လို့ ထင်ကြတာပဲဖြစ်ပါတယ်။ တချို့ဖြစ်ရပ်တွေမှာ တစ်ခါတလေမှာ သက်ဆိုင်တဲ့ လူချင်း တိုက်ရိုက်ဆွေးနွေးဖြေရှင်းလိုက်လို့ အောင်မြင်သွားတာ ရှိနေပေမယ်လို့ ပြင်းထန်တဲ့အမြင်ကွဲလွဲမှု ရှိတဲ့အခါတွေမှာကျတော့ တိုက်ရိုက်တွေ့ဆုံဖို့ အဆင်မပြေတာတွေ ရှိပါတယ်။

အဲဒီအခါမှာ ကြားဝင်ဆောင်ရွက်ပေးကြရတဲ့ဟာ လိုအပ်လာတာမျိုးတွေ ကျွန်တော်တို့ တွေ့ရပါတယ်။ တစ်ဖက်စီရဲ့ ကျွန်တော်တို့အတ္တ၊ မာနကိုမထိခိုက်စေဘဲနဲ့ နှစ်ဖက်စလုံး အတွက် ဆိုးကျိုးသက်ရောက်မှုတွေကို ထောက်ပြပြီးတော့ အကျိုးလိုလားတဲ့ စိတ်နဲ့ ဖျန်ဖြေရေး လုပ်ငန်းစဥ်ဟာ မရှိမဖြစ်လိုအပ်လာပါတယ်။ ငြိမ်းချမ်းလိုတဲ့စိတ် တကယ်ဖြစ်ထွန်းလာအောင် ဆောင်ရွက်ရေးဟာ အဦးဆုံးလုပ်ငန်း ဖြစ်လာပါတယ်။ ကျွန်တော်တို့ ကမ္ဘာလုံးနဲ့ဆိုင်တဲ့ အငြင်းပွားမှုတွေ (Global Conflict) တွေကို သုတေသနတွေပြုပြီးတော့ ဒီလိုအငြင်းပွားမှု ဖြေရှင်းရေး (Global Resolution)ဆိုတာ ဒီကနေ့ ဘာသာရပ်တစ်ခုအနေအထားနဲ့ကို လေ့လာ

သုံးသပ်ဆွေးနွေးနေကြတာတွေ အများကြီး ရှိပါတယ်။ သင်ခန်းစာတွေလည်း အများကြီး ကျွန်တော်တို့ လေ့လာစရာ တွေ့ရပါတယ်။

အဲဒီတော့ ဒီလိုအောင်မြင်အောင် ဆောင်ရွက်ပေးနိုင်တဲ့နေရာမှာ ဒီလို အောင်မြင်အောင် ကြားဝင် ဆောင်ရွက်ပေးမယ့်ပုဂ္ဂိုလ်၊ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုဟာ(၁)က နှစ်ဖက်က လေးစားယုံကြည်သူ ဖြစ်ရပါမယ်။ (၂)က နှစ်ဖက်ရဲ့ဩဇာလွှမ်းမိုးမှုကင်းကြောင်း သံသယ ဖြစ်ဖွယ်မရှိတဲ့ ကြားနေသူတွေ ဖြစ်ကြရပါမယ်။ (၃)နှစ်ဖက်လုံးရဲ့ စိုးရိမ်သောကတွေကို မျှတစွာ အလေးအနက်ထားပြီးတော့ ကြားနာနိုင်တဲ့သူ ဖြစ်ဖို့လိုပါတယ်။ (၄) သွားတမန် ပြန်ရှေ့နေဆိုတဲ့ သဘောမျိုးနဲ့ စေ့စပ်ညှိနှိုင်းရေးကို ကျွမ်းကျင်လိမ္မာမှု ရှိရမှာလည်း ဖြစ်ပါတယ်။ (၅)ကတော့ အများလေးစားကြည်ညိုအားထားခြင်းဆိုတဲ့ စွမ်းအားရှိတဲ့သူလည်း ဖြစ်ရမှာ ဖြစ်ပါတယ်။

အဲဒီလို အင်္ဂါ(၅)ချက်နဲ့ပြည့်စုံတဲ့ အဖွဲ့အစည်းမျိုး၊ ပုဂ္ဂိုလ်မျိုး နှစ်ဖက်က လက်ခံ လာပြီဆိုရင်တော့ဖြင့်ရင် ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းစဥ်မှာ လိုအပ်မယ့်အခြေအနေကောင်း တွေကိုလည်းပဲ အာမခံရှိရှိနဲ့ စီမံဆောင်ရွက်နိုင်ရေးဟာ အဆင်ပြေချောမွေ့လာနိုင်မှာ ဖြစ်ပါတယ်။တကယ်တော့ အမြင်မတူတဲ့ဘက်နှစ်ဖက်က ထိပ်ပိုင်းတာဝန်ရှိတဲ့သူ အချင်းချင်း တွေ့ဆုံကြတယ်။သဘောတူ လက်မှတ်ထိုးကြတယ်ဆိုတဲ့ အဆင့်ဟာ တကယ်ပြောရင် ဒါ နောက်ဆုံးအဆင့် ဖြစ်ပါတယ်။ အဲဒီလို တိုက်ရိုက်တွေ့ကြတဲ့အခါမျိုးမှာ သဘောတူနိုင်တဲ့ ကိစ္စရပ်တွေမှာ ဘာမှပြဿနာ မရှိပေမယ်လို့ ငြင်းဆိုစရာ သဘောမတူနိုင်တာတွေ တွေ့လာတဲ့ အခါမျိုးမှာ တိုက်ရိုက်ငြင်းဆိုရတာဟာ အင်မတန်မှ မျက်နှာပျက်ကြရပါတယ်။

အဲဒီလိုဖြစ်လာခဲ့ပြီဆိုရင် အပြုံးတရားထက် အမုန်းပွားတာတွေ ပိုဖြစ်ပြီးတော့ အနာတွေ ပိုပိုပြီးတော့ကြီးလာတတ်တာ ကျွန်တော်တို့ တွေ့ရပါတယ်။ နှစ်ဖက်ခေါင်းဆောင်တွေ၊ တာဝန်ရှိတဲ့သူတွေ သဘောတူလက်မှတ် ထိုးကြပြီဆိုတဲ့အဆင့်ဟာ နောက်ဆုံးအဆင့် ဖြစ်သွား ပြီးတော့ အဲဒီအဆင့်မရောက်ခင်မှာ ကျွန်တော်တို့ ရှေ့ပြေးညှိနှိုင်းမှုတွေ၊ အခြေခံအဆင့်တွေ ဒါမှမဟုတ် ကြားလူတွေနဲ့ဆောင်ရွက်တဲ့အဆင့်တွေ နိုင်ငံတကာမှာလည်း ဒီလိုပဲဆောင်ရွက်နေတဲ့ အနေအထား အားလုံးမြင်သာထင်သာ ရှိပြီးဖြစ်ပါတယ်။ အင်အားရှိတဲ့ ကျွန်တော်တို့ စက်သွားဘီး နှစ်ခုကို လားရာတူ (Direction) အတူ လည်အောင်ဆက်မယ်ဆိုရင်တော့ ကြားထဲက Fly Wheel ခံပေးရတာဟာ အင်မတန်မှ သဘာဝကျတဲ့နည်းတစ်ခု ဖြစ်ပါတယ်။

အဲဒီတော့ အဲဒီလို မဟုတ်ဘဲနဲ့ အင်အားရှိတဲ့ Direction တူတဲ့ ဘီးနှစ်ဘီးကို တိုက်ရိုက်သာ ဆက်လိုက်မယ်ဆိုရင်တော့ လည်ပတ်တာက ပြောင်းပြန်လည်သွားဖို့ပဲ ရှိပါတယ်။ ဒါကြောင့် ဒါဟာအင်မတန်မှ အရေးကြီးတဲ့သဘာဝ တစ်ခု ရှိပါတယ်။ နောက်ဆုံးပိတ် ဘာသွားတွေ့ ရသလဲဆိုတော့ ဒီကနေ့ဖြစ်နေတဲ့ဖြစ်ရပ်တွေဟာ သူ့ဖက်ကိုယ့်ဖက် ဆိုတဲ့ အပြစ်ချနေမှာထက် ဖြစ်ရပ်ဖြစ်စဉ်ကို လေ့လာလိုက်မယ်ဆိုရင် လောလောဆယ် ကျွန်တော်တို့ ကချင်ပြည်နယ်မှာ စစ်ရှောင်ဒုက္ခသည်တွေ အများကြီး ရှိနေတယ်။ စစ်ဖြစ်နေရတဲ့အတွက် ကြောင့် အမျိုးမျိုးသော ဘေးထွက်ဆိုးကျိုးတွေ အများကြီး ရင်ဆိုင်နေရတယ်။ အမျိုးသမီး တွေနဲ့ ရင်သွေးငယ်တွေ၊ သက်ကြီးရွယ်အိုတွေ လုံခြုံမှုမဲ့နေကြတယ်။ စစ်ပွဲမှာ အသက်စတေး လိုက်ရတဲ့သူတွေအားလုံးဟာ သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမ တိုင်းရင်းသားများ တွေချည်းပဲ ဖြစ်တယ်ဆိုတာရယ်၊ လက်တွေ့ပါဝင်ပတ်သက်နေကြရတဲ့ တပ်မတော်သားများ ကလည်းပဲ ငြိမ်းချမ်းရေးကို လိုချင်ကြသူများ ဖြစ်ပါတယ်ဆိုတဲ့ ကျွန်တော်တို့ မနေ့ကတောင် တပ်မတော်သား ကိုယ်စားလှယ်တော်ကြီးများ တင်ပြဆွေးနွေးသွားတဲ့ ဆွေးနွေးချက်အပေါ် မှာလည်းပဲ ကျွန်တော်တို့ နှလုံးသားနဲ့ကို ယုံကြည်ပါတယ်။ ကြိုလည်း ကြိုဆိုပါတယ်။

အဲဒီလိုပဲ အသက်နဲ့ဖွဲ့စည်းထားတဲ့ အသက်နဲ့ လူသားများသာ ဖြစ်ကြတဲ့ KIA၊ KIOတိုင်းရင်းသား ညီနောင်ဖွားများမှာလည်းပဲ ဒီလိုပဲရှိမှာဖြစ်မယ်လို့ ကျွန်တော်တို့ ယုံကြည် ပါတယ်။ စိုးရိမ်စိတ်တွေကြောင့် တကယ်လိုတာထက် အပိုတွေစွက်နေကြတဲ့ အနေအထား မျိုးဟာ နိုင်ငံတကာအငြင်းပွားမှုကို ဖြေရှင်းတဲ့ပုဂ္ဂိုလ်တွေ သိခဲ့ကြပြီး ဖြစ်ပါတယ်။ တစ်ဖက်စီရဲ့ တကယ့်စိုးရိမ်မှုတွေဟာ ဘာလဲ။ တကယ် သူတို့လိုချင်တာ ဘာလဲ။ အဲဒါကို သူတို့ လွတ်လွတ်လပ်လပ်နဲ့ သူတို့ ရင်ထဲမှာ ရှိတဲ့အတိုင်း ပြောခွင့်သာစေ၊ ပြောခွင့်ရစေ ပြီးတော့ အသွားအပြန် ကျွန်တော်တို့ ပင်ပေါင် Diplomacy သဘောမျိုးနဲ့ ဖလှယ်ပြီးတော့ ဖြောင့်မတ်ခြင်းနဲ့ လိမ္မာပါးနပ်ခြင်းရှိရှိ ကြားဝင်ဆောင်ရွက်နိုင်မယ်ဆိုရင် တချို့ပြဿနာ များဟာ ထင်သလောက် မခက်ခဲဘဲနဲ့ ပြီးပြေသွားတဲ့ ပဋိပက္ခပေါင်းမြောက်မြားစွာ ကျွန်တော်တို့ သင်ခန်းစာတွေ ရှိပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုရှင် ဦးခက်ထိန်နန် ရဲ့ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရှိမယ့် ခိုင်မာတဲ့အခြေခံမူတွေ ချမှတ်ပေးရေးဆိုတာနဲ့ ဆွေးနွေးချက်မှာ

တင်ပြသွားတဲ့ နိုင်ငံတော်အဆင့် အမိအဖများ၊ ပြည်ထောင်စုလွှတ်တော်မှ အားကိုးအားထား ပြုထိုက်သူများ၊ လူထုမှ တိုင်းရင်းသား ခေါင်းဆောင်ကြီးများပါဝင်တဲ့ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့ သို့မဟုတ် စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးရေးအဖွဲ့တို့ကို ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း ဒါမှမဟုတ် ပြည်ထောင်စု လွှတ်တော်က ပါဝင်လက်တွဲကူညီ ဆောင်ရွက်ရန် လွှတ်တော်ကို တင်ပြကြောင်းဆိုတဲ့ အဆိုဟာ အဆိုရှင် ဦးခက်ထိန်နန် ရဲ့ စေတနာအားဖြင့်ရော၊ လုပ်ရပ်အားဖြင့်ရော၊ အချိန်အခါ အားဖြင့်ရော ကိုက်ညီဆီလျော်မှုရှိတဲ့အတွက် အလေးအနက် ထောက်ခံကြောင်း တင်ပြလိုပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၁။**

**ဗိုလ်မှူးဝင်းသိန်း (တပ်မတော်သားကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၇၃၅၆ ဗိုလ်မှူးဝင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသောအခြေခံမှုများ ချမှတ်ပေး ရေးအဆိုနဲ့ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူများက ရွေးချယ်ပေးလိုက်တဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ ပြည်သူ့အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်း များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို အားလုံးအသိပဲ ဖြစ်ပါတယ် ခင်ဗျား။ ပြည်သူများရဲ့ဆန္ဒဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ လူမှုစီးပွားဖွံ့ဖြိုး

တိုးတက်ရေး ဖြစ်ပါတယ်။ တိုင်းရင်းသားပဋိပက္ခ တစ်နည်းအားဖြင့် လူမျိုးစုလက်နက်ကိုင် တိုက်ပွဲများ အဆုံးသတ်နိုင်မှသာလျှင် နိုင်ငံရဲ့စီးပွားရေး တိုးတက်မှုကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ အပိုင်း(၃)ပိုင်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပထမအဆင့်အနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး အဆင့်၊ ဒုတိယအဆင့်အနေနဲ့ ပြည်ထောင်စုအဆင့်၊ တတိယအဆင့်အနေနဲ့ ပြည်ထောင်စု လွှတ်တော်အဆင့်ဟူ၍ ပိုင်းခြားဆောင်ရွက်လျက် ရှိပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဆင့် (၃)ဆင့်အပြင် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center)ရဲ့ အထူးအကြံပေး အဖွဲ့ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ် ခင်ဗျား။ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အသေးစိတ် တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်ပြီး အဖွဲ့ဝင်(၈)ဦး ပါဝင်တဲ့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ကို နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် ရက်စွဲပါစာအမှတ်၊ ၁၁၂(၆)/၈/ သမ္မတရုံးဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ် ခင်ဗျား။

ကချင်ပြည်နယ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနဲ့ ငြိမ်းချမ်းရေးဆွေးနွေး နိုင်ရန် တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း ခေါင်းဆောင်ပြီး ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း နဲ့ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်၊ အဖွဲ့ဝင်(၈)ဦးနဲ့ ထပ်မံဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးဟာ နိုင်ငံတော်သမ္မတကြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပါဝင်တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီကို ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့မှာ အဖွဲ့ဝင်အားဖြင့် စုစုပေါင်း (၁၁)ဦး ပါဝင် ပါတယ် ခင်ဗျား။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်းနဲ့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးခြင်း ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှာ နိုင်ငံတော် သမ္မတရုံးရဲ့ အမိန့်အမှတ် ၁၂/၂၀၁၂ ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး

လုပ်ငန်းကော်မတီကို ဒုတိယသမ္မတ ဦးဆောင်ပြီး စုစုပေါင်း (၅၂) ဦးနဲ့ ဖွဲ့စည်းခဲ့ပါ တယ်။ နိုင်ငံတော်အစိုးသစ်ဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးနဲ့ စီးပွားရေးပြောင်းလဲမှုများ အောင်မြင်အောင် အခြေခံအုတ်မြစ်ဖြစ်တဲ့ အမျိုးသားပေါင်းစည်းရေးနဲ့ တိုင်းရင်းသား ပဋိပက္ခများပြေငြိမ်းရေးအတွက် လက်နက်ကိုင် လူထုလူတန်းစားနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို စိတ်ရှည်သည်းခံမှု၊ နားလည်စာနာမှု၊ တစ်ဦးပေါ်တစ်ဦး လေးစားမှု၊ တန်းတူရည်တူ ဆက်ဆံမှု တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ် ခင်ဗျား။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီဟာ လုပ်ငန်းစဥ်နဲ့ မူဝါဒများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ယခုအခါမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၂)ဖွဲ့နဲ့ ပြည်နယ်အဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ယင်း(၁၂)ဖွဲ့အနက်မှ (၉)ဖွဲ့ကို ပြည်ထောင်စုအဆင့်သို့ လက်မှတ်ရေးထိုး နိုင်ခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။ KNU အဖွဲ့ရဲ့ (၁၅) ကြိမ်မြောက် ညီလာခံမှာ ရွေးချယ် တင်မြောက်ခံရတဲ့ KNU ခေါင်းဆောင်များနဲ့ ကျွန်တော်တို့ရဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နဲ့ တွေ့ဆုံချိန်မှာ ကာကွယ်ရေးဦးစီးချုပ်က ပဋိပက္ခ ဖြစ်ပြီဟေ့ဆိုရင် စစ်သားပဲ၊ ပထမဆုံး အသက်ပေးရတာ စစ်သားတွေပဲ။ အသက်နဲ့ရင်းပြီး တည်ဆောက်ခဲ့ရတာဖြစ်တဲ့ အတွက်ကြောင့် ငြိမ်းချမ်းရေးကို အလိုချင်ဆုံးက စစ်သားပါဟု ပြောကြားခဲ့ပါတယ်။ ဒီ ပြောကြားချက်များအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တပ်မတော်ရဲ့ သဘောထား အမှန်ကိုသိမြင်လို၍ ဖြစ်ပါတယ်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ စစ်ဆိုရဲ့ နောက်ကွယ် မှာ ကျွန်တော်တို့ဆုံးရှုံးမှုများစွာ ရှိစမြဲ ဖြစ်ပါတယ်။ အသက်အိုးအိမ်များစွာ ဆုံးရှုံးခဲ့ ရပါတယ်။ တိုင်းပြည်ရဲ့ဘဏ္ဍာငွေများစွာ ဆုံးရှုံးရပြီး ဒီထက်မက များပြားတဲ့ ဆိုးကျိုးများ ကိုလည်း ခံစားရမှာ ဖြစ်ပါတယ်။

နောင်လာ နောက်သား တိုင်းရင်းသားများအနေနဲ့၊ ပြည်သူများအနေနဲ့လည်း ဆိုးကျိုးများကို ခံစားရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာအသိုက်အဝန်းမှာလည်း ကဲ့ရဲ့ခြင်း၊ ဝေဖန်ရှုံ့ချခြင်း ခံကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက် အတိုင်း၊ ညွှန်ကြားချက်များအတိုင်း၊ ကမ်းလှမ်းချက်များအတိုင်း နှစ်ဦးနှစ်ဖက် ခြွင်းချက်မရှိ

အပစ်အခတ် ရပ်စဲနိုင်မှသာ ပဋိပက္ခကြီးကို နိုင်ငံရေးနည်းလမ်းအရ (Political dialogue) ဆွေးနွေးခြင်းအားဖြင့် ညှိနှိုင်းအဖြေရှာသင့်ကြောင်း ထောက်ခံ တင်ပြအပ်ပါတယ် ခင်ဗျား။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့မှာ မြန်မာနိုင်ငံတော်သတင်း ထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါတယ်။ဒီထုတ်ပြန်ချက်မှာ KIO၊ KIA အဖွဲ့များက ကျွန်တော်တို့တပ်မတော် တပ်စခန်းဖြစ်တဲ့ လဂျားယန်စခန်းကို ဝိုင်းပတ်ပိတ်ဆို့ပြီးတော့ ရိက္ခာများ ဖြတ်တောက်ထားတဲ့ အတွက်ကြောင့်မို့လို့ တပ်မတော်အနေနဲ့ မဖြစ်မနေ လက်နက်ကြီးများ ပစ်ခတ်ပြီးတော့ အင်အားသုံးပြီးတော့ ကျွန်တော်တို့ ဖြေရှင်းရတဲ့အပိုင်း တွေရှိခဲ့ပါတယ်။ လဂျားယန်စခန်းအပြင်ကနေပြီးတော့ သံဆူးကြိုးခတ် ကာရံထားတဲ့အတွက် ကြောင့်မို့လို့ ရိက္ခာပို့တဲ့လမ်းကြောင်းကို ဖြတ်တောက်ထားတဲ့ အပိုင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် မိမိတပ်များ အသက်အန္တရာယ် စိုးရိမ်ရတဲ့အတွက်ကြောင့်မို့လို့ တပ်စခန်းရဲ့ ပစ်မှတ်များကို ထိထိရောက်ရောက် ချေမှုန်းနိုင်စေရန်နှင့် မသက်ဆိုင်တဲ့ ပစ်မှတ်များကို မထိစေရန်အတွက် ကျွန်တော်တို့ ဒီလိုလေကြောင်းပစ်ကူကို မဖြစ်မနေ ရယူခဲ့တဲ့အပိုင်း ဖြစ်ပါတယ်။

ယခုအခါ တပ်မတော်အနေနဲ့ လဂျားယန်စခန်းမှာရှိတဲ့ စစ်သည်များနဲ့ ကျွန်တော်တို့ ပြည်ထောင်စုလမ်းမကြီးလုံခြုံရေးအတွက် မြစ်ကြီးနား-ဗန်းမော်လမ်းပိုင်းမှာရှိတဲ့ ကန့်သတ် ရည်မှန်းချက်များ ဒီအချိန်မှာ ကျွန်တော်ပြောချင်တာ ကန့်သတ်ရည်မှန်းချက် ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ တိုက်ခိုက်ရတဲ့အခါ ကန့်သတ်ရည်မှန်းချက်ကို တိုက်တာ ဖြစ်ပါတယ်။ အားလုံးကို တိုက်ခိုက်နေခြင်း မဟုတ်ပါဘူးခင်ဗျ။ ဒါကြောင့်မို့လို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့ (၆)နာရီကနေစပြီး လဂျားယန်ဒေသမှာရှိတဲ့ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး များကို ရပ်ဆိုင်းထားပြီး ဖြစ်ပါတယ်လို့ ကျွန်တော်တို့ ထုတ်ပြန်ချက် ထုတ်ပြန်ရခြင်း ဖြစ်ပါ တယ်။

KIA၊ KIO တပ်ဖွဲ့များအနေနဲ့လည်း အများပြည်သူများ သွားလာနေတဲ့ ရထားလမ်း၊ ကားလမ်းများကို နှောင့်ယှက်ခြင်းများအား ရပ်ဆိုင်းရန် လိုအပ်မည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါတယ်။ နောက်တွေ့ဆုံမည့် ဆွေးနွေးပွဲများတွင် KIO၊ KIA အဖွဲ့မှ တပ်ပိုင်းဆိုင်ရာ အဆုံးအဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်များ တက်ရောက်ရန် လိုအပ်ပါကြောင်း၊

နိုင်ငံတော်အစိုးရဟာ ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနဲ့တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် KIO၊ KIA အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း သတင်းထုတ်ပြန်သွားပါတယ်။ ဒီထုတ်ပြန်ချက်အရ KIO၊ KIA ခေါင်းဆောင်များဟာ ယခင်ဆွေးနွေးပွဲများမှာ တက်ရောက်ခဲ့ခြင်းမရှိတာကို ဖော်ပြနေခြင်းဖြစ်ပါတယ်ခင်ဗျား။

KIO၊ KIA အဖွဲ့ဟာ ရထားလမ်း၊ ကားလမ်း၊ တံတားကြီး၊ ငယ်များ၊ တာဝါတိုင်များကို၊ ရဲစခန်းများကို ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပါတယ်။ (၁၈၀)ပေ အထက်တံတားပေါင်း(၁၆)စင်းနဲ့ (၁၈၀)ပေ အောက်တံတားပေါင်း (၁၀၁)စင်း၊ စုစုပေါင်း (၁၁၇)စင်း ပျက်စီးဆုံးရှုံးခဲ့ပါတယ်ခင်ဗျား။ KIO၊ KIA အဖွဲ့ဟာ သမ္မတရုံးရဲ့ ညွှန်ကြားချက် ရရှိခဲ့တဲ့ ဒီဇင်ဘာလ (၁၁) ရက်ကစပြီး ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့အထိ လမ်းတံတားဖောက်ခွဲမှု (၁၁၂)ကြိမ်၊ မိမိတပ်စခန်းများအား လာရောက်နှောင့်ယှက်ခြင်း (၆၄)ကြိမ်၊ အရပ်သားများ မိုင်းနင်းခြင်း(၃၀)ကြိမ်၊ လုယက်ဖျက်ဆီးခြင်း (၆၀)ကြိမ်၊ လူသစ်စုဆောင်းခြင်းနဲ့ အဓမ္မဖမ်းဆီးခြင်း(၂၈)ကြိမ်၊ မိမိတပ်များနှင့် ထိတွေ့မှုပေါင်း (၁၀၉၅)ကြိမ် ဖြစ်ပွားခဲ့ကာ ဒီဖြစ်စဉ်များမှာ မိမိတပ်များက ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရွက်ခဲ့ရတဲ့ ဖြစ်စဉ်များဖြစ်ပါတယ်။ ဒီလိုထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရွက်ထားတဲ့အတွက်ကြောင့်မို့လို့ မိမိဘက်မှ အရာရှိ၊ စစ်သည်အများအပြား ကျဆုံးခြင်းနဲ့ ဒဏ်ရာရရှိခြင်းများ ဖြစ်ခဲ့ပါတယ်။

KIA အဖွဲ့ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ သတင်းထုတ်ပြန်ချက် ၃/၂၀၁၃ ထုတ်ပြန်ပြီးနောက်ပိုင်းမှာလည်း ဖောက်ခွဲဖျက်ဆီးမှုတွေ ဆက်လက်ပြုလုပ်ခဲ့ပါတယ်ခင်ဗျား။ ၁၉-၁-၂၀၁၃ နံနက် (၄း၅၅) မိနစ်အချိန်မှာ ကာမိုင်းမြို့နယ်ခွဲ ရဲစခန်းအား KIA အကြမ်းဖက်သောင်းကျန်းသူများမှ ဝင်ရောက် တိုက်ခိုက်ခဲ့ပါတယ်။ ဒီလို (၁၉) ရက်နေ့မှာပဲ ညနေ (၅း၃၀) မိနစ်အချိန်မှာ ဖားကန့်မြို့ မရှီကတောင်ရပ်ကွက်မှာရှိတဲ့ ငွေတောင်ကမ္ဘာ ကုမ္ပဏီရဲ့ရုံးခန်းကို KIA (၇)ဦးခန့် ရောက်လာပြီးတော့ သူ့ရဲ့ဝန်ထမ်းအိပ်ဆောင်ကို ဓာတ်ဆီလောင်းပြီးတော့ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပါတယ်။ အဲဒီနားမှာရှိတဲ့ ပါဂျဲရိုးကားကိုလည်း ဗုံးခွဲ ဖျက်ဆီးခဲ့ပါတယ်။

ဒီလိုပဲ(၁၉)ရက် နေ့ မနက် (၁၀)နာရီအချိန်မှာပဲ ဗန်းမော်-လွယ်ဂျယ် ကားလမ်း မိုင်တိုင်အမှတ်(၂၇)မှာ ခရီးသည်တင်ယာဉ်ကား (၂)စီးကို အကြောင်းမဲ့ ဗုံးခွဲ တိုက်ခိုက်ခဲ့ ပါတယ်။ ဒီဖြစ်စဉ်များအရ နိုင်ငံတော် သမ္မတရဲ့အမိန့်နဲ့ညွှန်ကြားချက်ကို တပ်မတော်ကသာ လိုက်နာရပြီး KIO၊ KIA အဖွဲ့က မျက်ကွယ်ပြု လျစ်လျူရှုနေတယ်ဆိုတာ အားလုံးသိသာ ထင်ရှားနေပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျား။ စည်းကမ်းဟာ တပ်မတော်ရဲ့ အမာခံကျောရိုး ဖြစ်ပါတယ်။ အမိန့်နဲ့ ညွှန်ကြားချက်ဟာ တပ်မတော်ရဲ့ အသက်သွေးကြော ဖြစ်ပါတယ်။ Discipline is blood bound of Army လို့ဆိုထားပါတယ် ခင်ဗျား။ အထက်က ပေးအပ်တဲ့အမိန့်ကို လက်အောက်ငယ်သားများက တသွေမတိမ်း လိုက်နာရပါတယ်။ အောက်ခြေအထိ ကျွန်တော်တို့က အာဏာသက်ရောက်မှုရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ Change of Command လို့ခေါ်ပါတယ် ခင်ဗျား။

ဒါကြောင့် တိုက်ပွဲဖြစ်စဉ်များနဲ့ပတ်သက်ပြီးတော့ KIO၊ KIA အဖွဲ့ဟာ အောက်ခြေ အထိ အာဏာသက်ရောက်မှု ရှိရဲ့လားလို့ ကျွန်တော်ဒီနေရာကနေ မေးလိုက်ချင်ပါတယ်။ တိုက်ပွဲဖြစ်စဉ်များကို သုံးသပ်ရရင် ရိုက္ခာပို့လမ်းကြောင်းများကို ကျွန်တော်တို့ အချိန်မီ အကြောင်းကြားထားသော်လည်း ဖောက်ခွဲဖျက်ဆီးပြီး လက်အောက်က အချိန်မီ မသိလို့ပါ ဆိုတဲ့ ဖြေရှင်းချက်တွေ ပေးနေရုံနဲ့ မလုံလောက်တော့ပါဘူး။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် တပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်၍ KIO အဖွဲ့က အဆုံးအဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်များကို တပ်မတော်နဲ့တွေ့ဆုံညှိနှိုင်းရန်ဆိုတဲ့ တောင်းဆိုချက်အရ ယခင်က ပြည်ထောင်စု ဆွေးနွေးပွဲများမှာ ဆွေးနွေးစဉ်မှာ အဆုံးအဖြတ် ပေးနိုင်သည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ခြင်း မရှိတာကို ဒါဖော်ပြနေပါတယ်။ ဆွေးနွေးပွဲကိုလည်း တန်ဖိုးမဲ့ အလေးမထားရာ ရောက်နေပါ တယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

နိုင်ငံတကာ လူ့အခွင့်အရေးကော်မတီရဲ့ ထုတ်ပြန်ချက် ၁/၂၀၁၃ မှာ ကချင် ပြည်နယ်ရဲ့ ပဋိပက္ခတွေဟာ လူတို့ရဲ့အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်ရဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေး ကြိုးပမ်းအားထုတ်မှုများ ထိခိုက်မှုရှိနေ၍ နှစ်ဖက်လက်ခံနိုင်သော ဖြေရှင်းချက်

တစ်ရပ် အမြန်ဆုံးရရှိရေး အချိန်ပြည့် ကြိုးပမ်းအားထုတ်သွားရန် တိုက်တွန်းဟူ၍ ဖော်ပြထားပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် First Myanmar Development Cooperation Forum ကနေပြီးတော့ နိုင်ငံတော်သမ္မတကြီးက KIO၊ KIA အဖွဲ့နဲ့ငြိမ်းချမ်းရေးကိစ္စကို ပြောလိုပါကြောင်း၊ စစ်မှန်သော ငြိမ်းချမ်းရေး ရရှိသည် အထိ မိမိအနေဖြင့် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ KIO မှလွဲ၍ ကျန်အဖွဲ့(၁၀)ဖွဲ့နဲ့ အပစ်အခတ် လက်မှတ်ရေးထိုးပြီး Political dialogue ကိစ္စရပ်များကို ယခု၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းတွင် စတင်ဆောင်ရွက်နေပြီး ပြင်ဆင်နေပါကြောင်း၊ KIO ကိုလည်း ငြိမ်းချမ်းရေးဆောင်ရွက်ရန် ဆက်လက်ကမ်းလှမ်းထားပြီး ယခုလည်း ဤနေရာမှ ထပ်မံဖိတ်ခေါ်လိုက်ပါကြောင်း၊ မကြာမီ ငြိမ်းချမ်းရေးကမ်းလှမ်းလာမည်ဟု ယုံကြည်ပါကြောင်း၊ ယခုအခါ တပ်မတော်က အကန့်အသတ်ဖြင့်၊ ကျွန်တော်တင်ပြလိုတာက အကန့်အသတ်ဖြင့် ကျွန်တော် နှစ်ကြိမ် တင်ပြပြီး ဖြစ်ပါတယ်။ ဆောင်ရွက်နေသော စစ်ရေးကိစ္စဆောင်ရွက်နေမှုများကို ရပ်ဆိုင်းရန် အမိန့်ပေးထားပြီး ဖြစ်ပါကြောင်း ဒီနေရာမှာ ကျွန်တော်တို့ သမ္မတကြီးကနေပြီး အမိန့်ပေးထားပြီး ဖြစ်ပါကြောင်းဆိုပြီး သုံးနှုန်းထားပါတယ်။

တစ်ဖက်ကလည်း အလားတူ ရပ်ဆိုင်းပေးသွားရန် လိုအပ်ပါကြောင်း ထည့်သွင်းပြောကြားသွားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တပ်မတော်အနေနဲ့ သမ္မတကြီး ပထမအကြိမ် ညွှန်ကြားချက်အတိုင်း ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်နေ့အထိ မိမိကိုယ်ကို ခုခံကာကွယ်ရုံမှအပ ပြန်လည်တိုက်ခိုက်ခြင်း၊ ထိုးစစ်ဆင်ခြင်းမပြုရန်ဆိုတဲ့ အမိန့်ကို ကျွန်တော်တို့အနေနှင့် တိတိကျကျ လိုက်နာခဲ့ရပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်တို့ တွေ့ဆုံစဥ်မှာ ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံမြောက်ပိုင်းမှာ လက်နက်ကိုင်အကြမ်းဖက်မှုများ ပေါ်ပေါက်လာခဲ့ပါတယ်။ စီမံကိန်းလုပ်ငန်းများနဲ့ လမ်းတံတားများကို နှောင့်ယှက်ခြင်း မပြုလုပ်ရန် နည်းလမ်းပေါင်းစုံဖြင့် အသိပေးတားမြစ်ခဲ့သော်လည်း လိုက်နာခြင်း မရှိ၍ မိမိကိုယ် မိမိခုခံပိုင်ခွင့်နှင့် စစ်ရေးအရ လာရောက်တိုက်ခိုက်ခြင်းမှ ကာကွယ်ရန်

သွားရောက် တိုက်ခိုက်ခဲ့ရပါကြောင်း၊ ကာကွယ်ရန် မဟုတ်ဘဲ လာရောက်တိုက်ခိုက်မှုများကို ကာကွယ်ရန် လိုအပ်ပါကြောင်း၊ တပ်မတော်အနေနဲ့ စိတ်ရှည်သည်းခံ၍ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ခဲ့သဖြင့်၊ ဒီနေရာမှာ စိတ်ရှည်သည်းခံ၍ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ခဲ့သဖြင့် ထိခိုက်ဆုံးရှုံးမှု များစွာရှိပါကြောင်း၊ မိမိတပ်စခန်းများအား ဝိုင်းပတ်တိုက်ခိုက်သည်အထိဖြစ်ခဲ့ရပါကြောင်း၊ တပ်စခန်းများသို့ ရိက္ခာပို့မှုအား မနှောင့်ယှက်ရန်ပြောသော်လည်း ချုံခိုတိုက်ခိုက်မှုများ ရှိခဲ့သဖြင့် အရာရှိ၊ စစ်သည်များ ထိခိုက်ကျဆုံးမှုများရှိပါကြောင်း၊ မိမိစစ်သည်များ ရိက္ခာပြတ်လပ်၍ သေရမည့်အခြေအနေ ဖြစ်လာခဲ့ပါကြောင်း၊ ဒီဇင်ဘာလ (၂၃)ရက်နေ့မှာ KIA တပ်များ နောက်ဆုတ်ပေးရန် ပြောသော်လည်း လိုက်နာခြင်းမရှိ၍ အကန့်စနစ်၊ အကန့်စနစ်ဖြင့် တိုက်ခိုက်ခဲ့ရပါကြောင်း၊ တပ်မတော်အနေနဲ့ တိုင်းရင်းသားများအား တိုက်ခိုက်ခြင်း မဟုတ်ဘဲ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနဲ့ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်အား နှောင့်ယှက်ဖျက်ဆီး လျက်ရှိသောမည်သည့် လက်နက်ကိုင် အကြမ်းဖက် အဖွဲ့အစည်းကိုမဆို တပ်မတော်၏ တာဝန်အရ ကာကွယ်တိုက်ခိုက်ရပါကြောင်း ပြောကြားသွားခဲ့ပါတယ် ခင်ဗျား။

စစ်ရေးနည်းလမ်းဟာ နိုင်ငံရေးနည်းလမ်းရဲ့ နောက်ဆုံးနည်းလမ်း ဖြစ်၍ နိုင်ငံရေးနည်းလမ်းအရသာ ဖြေရှင်းရန်သာ အတတ်နိုင်ဆုံး ကြိုးစားလိုပါကြောင်း၊ ဇန်နဝါရီလ (၁၉) ရက်နေ့ကစပြီး ထိုးစစ်များကို ရပ်တန့်ထားပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အခြားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေး သဘောတူညီမှုရပြီးဖြစ်သော်လည်း KIA၊ KIO တစ်ဖွဲ့တည်းသာ ငြိမ်းချမ်းရေးရရှိရန် ကျန်ရှိပါကြောင်း ပြောကြားသွားခဲ့ပါတယ်ခင်ဗျာ။ အဲဒီပြောကြားချက်ဟာ တပ်မတော်ရဲ့ သဘောထား အမှန်ကိုသာ ထင်ဟပ်နေပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းလုံခြုံရေးအရ ပြောင်းရွှေ့ရောက်ရှိလာတဲ့ အိမ်ထောင်စုများ၊ စစ်ရှောင်ဒုက္ခသည်များ အရေးဟာ ကချင်ပြည်နယ်ရဲ့အရေး မဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်မျိုးသားလုံးရဲ့ အရေးကိစ္စလို့ လက်ခံထားပြီး နိုင်ငံတော်အနေနဲ့ ပေးကမ်းထောက်ပံ့မှုများ ရှိခဲ့ပါတယ်။ ၃၁-၁၂-၂၀၁၂ ရက်အထိ နိုင်ငံတော်သမ္မတ၊ ကချင်ပြည်နယ်အစိုးရ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်

ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဌာနဆိုင်ရာတပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းများမှ ထောက်ပံ့ငွေပေါင်း ကျွန်တော်တို့ စုစုပေါင်း ကျပ်သန်းထောင်ပေါင်း (၆၇၃၇)သန်းနဲ့ (၄၇၆၇၉၇)ကျပ် ထောက်ပံ့ပေးခဲ့ပါတယ်။ စစ်ရှောင် ဒုက္ခသည်များနေရပ်သို့ပြန်လာပြီး အစိုးရ၊ NGO၊ INGO၊ ပရဟိတအဖွဲ့အစည်းများရဲ့ အကူအညီ၊ အထောက်အပံ့များနဲ့ ပြန်လည်နေရာချထားပေးရန်မှာ အပစ်အခတ်များ ရပ်ဆိုင်းနည်းပါးသွားစဥ် ပြုလုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲမှုဟာ တပ်မတော်တစ်ခုတည်းမှ တစ်ဖက်သတ် ရပ်တန့်၍ မဖြစ်ပါ။

KIO၊ KIA ခေါင်းဆောင်များမှလည်း မည်သည့်နည်းနဲ့မဆို မြန်မာ့တပ်မတော်အား ထိုးစစ်ဆင် တိုက်ခိုက်ခြင်းမပြုရန် အရပ်သားများကို ဦးတည်နေသည့် မီးရထားလမ်း၊ ကားလမ်းများနှင့် တံတားများအား မိုင်းခွဲခြင်း၊ ရဲစခန်းများအား ဝင်ရောက်တိုက်ခိုက်ခြင်း ကဲ့သို့ အဖျက်လုပ်ငန်းများအား ရပ်တန့်ပေးရန် လွှတ်တော်မှ အဆုံးအဖြတ် မှတ်တမ်းတင်သင့်ပါတယ်ခင်ဗျား။ KIA၊ KIO ဘက်မှလည်း တစ်သွေမတိမ်းလိုက်နာ ဆောင်ရွက်နိုင်မှသာလျှင် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အခြားဒေသရှိ တိုင်းရင်းသားများနည်းတူ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ နယ်မြေတည်ငြိမ်အေးချမ်းရန် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် မလွဲမသွေ လိုအပ်လှပါတယ်။ တစ်ဦးနှင့် တစ်ဦး ယုံကြည်မှု တည်ဆောက်ရပါမယ် ခင်ဗျား။ ယုံကြည်မှုရရှိရေးအတွက် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ရပါမယ်။ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှု ဆောင်ရွက်ဖို့အတွက် အပစ်အခတ် ရပ်စဲဖို့ လိုပါတယ်။ ဒါကြောင့် KIO၊ KIA ဘက်မှလည်း အခြားအဖွဲ့များနည်းတူ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ် ရေးထိုး၍ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းပြည် တည်ငြိမ်အေးချမ်းမှ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းသော ငြိမ်းချမ်းရေးသည် ဒါ မရှိမဖြစ် လိုအပ်လှပါတယ်။ ပြည်ထောင်စုကြီးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်အတွက် အဓိကအရေးကြီးသော စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ဒီနေရာမှာပြောချင်တာ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ရှိဖို့ အရေးကြီး

ပါတယ်။ ဒါကြောင့်မို့လို့ အဓိကအရေးကြီးသော စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို လေ့ကျင့်မွေးမြူသွားရန် အထူးပဲ လိုအပ်လှပါတယ်။

ယခုအခါ နိုင်ငံတော်အစိုးရရဲ့ တပ်မတော်တို့မှ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုနေတာကို နိုင်ငံတော်သမ္မတကြီးနဲ့ကျွန်တော်တို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့ ရှင်းလင်းပြောကြားချက်များအရ သိသာထင်ရှားနေပါတယ် ခင်ဗျား။ နိုင်ငံတော် အစိုးရအနေနဲ့ ဒီမိုကရေစီပန်းတိုင်သစ်ကို လျှောက်လှမ်းနေချိန်မှာ တပ်မတော်အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး အမျိုးသားနိုင်ငံရေး တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားမည်ဟု ပြောကြားရင်း ကျွန်တော်၏ ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၃၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၄၅) နာရီ အချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျာ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘရန်ရှောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘရန်ရှောင် ဖြစ်ပါတယ်။ ဦးခက်ထိန်နန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)ရဲ့ ပြည်တွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမယ့် ခိုင်မာသောအခြေခံမှုများ ချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်မှာ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ရောင်စုံသူပုန်များ သောင်းကျန်းခဲ့တဲ့အတွက် ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်မှု အများကြီး နောက်ကျခဲ့တယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ နိုင်ငံတော်မှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ် ရောက်လာတဲ့ အခါကျတော့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေး ပြုလုပ်လာနိုင် ခဲ့ပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ ကချင်ပြည်နယ်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ စစ်ဘေးစစ်ဒဏ် ခံစားခဲ့ရပြီး ၁၉၉၄ ခုနှစ်ကျမှ နိုင်ငံတော်ခေါင်းဆောင်ကြီးများ ကြိုးပမ်း အားထုတ်မှုကြောင့် ငြိမ်းချမ်းရေးရရှိခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ် မေလကုန် လောက်အထိ ကျွန်တော်တို့ ကချင်ပြည်နယ် ငြိမ်းချမ်းရေး ရရှိနေတဲ့အတွက် အစစအရာရာ တိုးတက်ခဲ့ပါတယ်။ ဖွံ့ဖြိုးခဲ့ပါတယ်။

လမ်း၊ တံတားများ ဆောက်လုပ်ပေးခြင်း၊ ရေအားလျှပ်စစ်တည်ထောင်ခြင်း၊ ကျန်းမာရေးဆေးပေးခန်းများ၊ကျောင်းများ၊ အစိုးရရုံးအဆောက်အအုံများ ဆောက်လုပ်

ပေးခြင်း စတဲ့ တိုးတက်မှုများစွာရှိခဲ့ပါတယ်။ လုပ်သားပြည်သူများကလည်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ စီးပွားရေး လုပ်ငန်းများကို လွတ်လွတ်လပ်လပ် လုပ်ကိုင်သွားလာရလို့ ဝမ်းစာရေးမှ စီးပွားရေး ဖြစ်ထွန်းခဲ့ကြပြီး ရိုးရာယဉ်ကျေးမှု ပွဲတော်များ၊ ကချင်ပြည်နယ် မနောပွဲတော်၊ ကောက်သစ်စားပွဲတော်၊ နှစ်သစ်ကူးပွဲများ၊ ဘာသာရေးပွဲလမ်းသဘင်များ၊ ဘုရားပွဲများ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကျောင်းသူ၊ ကျောင်းသားများလည်း ကျောင်းပညာကို ကောင်းမွန်စွာ သင်ယူနိုင်ခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တဲ့အတွက် ကုန်စျေးနှုန်း တည်ငြိမ်တယ်။ သယံဇာတ၊ ကျောက်သံပတ္တမြားများကိုလည်း တူးဖော်နိုင်ခြင်းတို့ကြောင့် နိုင်ငံတော်အတွက်လည်း များစွာ ဝင်ငွေတိုးခဲ့ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ကဏ္ဍ အစစအရာရာတိုးတက်ခဲ့ကာ နိုင်ငံတော် ခေါင်းဆောင်ကြီးများရဲ့ စေတနာကြီးမားမှုနဲ့ စွမ်းဆောင်ရည် မြင့်မားမှုများ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ အားလုံးတွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်၊ဇွန်လ ၉ ရက်နေ့မှစပြီးမှ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ငြိမ်းချမ်းရေး ပျက်ပြားသွားပြီး စစ်ရဲ့ဒဏ်ကိုတစ်ခါ ပြည်သူလူထုက ပြန်လည်ခံစားခဲ့ရပါတယ်။ စစ်ပွဲဖြစ်တဲ့နေရာ၊ ပြင်းပြင်းထန်ထန် ဖြစ်တဲ့နေရာတွေမှာ ရှိတဲ့ ပြည်သူလူထုတွေက မိမိရဲ့အိမ်၊ ခြံ၊ လယ်ယာမြေ၊ အိမ်မွေးတိရစ္ဆာန်များကိုပစ်ပယ်ထားပြီးမှ စစ်ရှောင်စခန်းများသို့ ဆင်းဆင်းရဲရဲ သွားရောက်ခိုလှုံနေကြရပါတယ်။ အနေဆင်းရဲ၊ အစားအသောက်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်နေကြတာ တွေ့ရပါတယ်။ မိသားစု၊ ဆွေမျိုးတကွဲတပြားစီ ဖြစ်နေကြပြီး ခြေဦးတည့်ရာ၊ အဆင်ပြေရာ ထွက်ပြေးတိမ်းရှောင်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။ KIO ဘက်နီးတဲ့သူတွေက KIO ဘက်ကို အဲဒီမှာ ဖွင့်ထားတဲ့ စခန်းဘက်ကို ပြေးကြတယ်။ မြို့ကြီးဘက်ကို ပြေးတဲ့သူကလည်း ပြေးကြတယ်ဆိုတော့ မိသားစုတွေ ဒီလိုပဲ ကိုယ့်ရပ်ကိုယ်ရွာကို ပစ်ခွာပြီးမှ ထွက်ပြေးကြရတယ်။ အခု ရက်၊ လ ကြာလာတဲ့အခါ ကျတော့ မိမိရပ်ရွာကို ပြန်ချင်လည်း မပြန်ရဘဲ စိတ်ဒုက္ခတွေ ကြုံတွေ့နေရတာကိုလည်း ဝမ်းနည်းစရာ ကျွန်တော်တို့ တွေ့မြင်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုတစ်ရပ်လုံး ပစ်ခွာသွားတဲ့ အိုးအိမ်၊ လယ်ယာမြေ၊ ခြံမြေ၊ တိရစ္ဆာန်များရဲ့တန်ဘိုးများ၊ လုပ်အားခတန်ဘိုးများကို ကျွန်တော်တို့ တွက်ကြည့်ခြင်း၊ နောက်ပြီးမှ KIO ၊ KIA များ စစ်ရေးအရဆိုပြီးမှ ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ ဆုံးရှုံးမှုများ၊ စစ်ပွဲဆင်နွှဲရတဲ့အတွက် ကုန်ကျခဲ့တဲ့လက်နက်ခဲယမ်း စစ်စရိတ်များကို ကျွန်တော်တို့ တွက်ကြည့်မယ်ဆိုရင် အင်မတန်မှကြီးမားတဲ့ နိုင်ငံတော်ရဲ့ ဆုံးရှုံးမှုတန်ဖိုးများဖြစ်ပါတယ်။ အခုအတိုင်း ငြိမ်းချမ်းရေးကို မရ ရအောင် မကြိုးစားဘဲနဲ့ ပစ်ခတ်တိုက်ခိုက်တဲ့နည်းနဲ့ အနိုင်ယူရအောင်ဆိုရင်တော့ နိုင်ငံတော်က ပိုပြီးမှ ကုန်ကျစရိတ်များလာဦးမှာဖြစ်တယ်ဆိုတာ ကျွန်တော်စဥ်းစားမိပါတယ်။ ပြဿနာကလည်း ရှင်းလို့ မလွယ်ဘူးလို့ ယူဆမိပါတယ်။

နောက်ပြီးတော့ ဒီလိုစစ်ဖြစ်နေတဲ့အခါမှာကျတော့ စစ်ဦးက ဘီလူး ဆိုတဲ့အတိုင်း ကျွန်တော်တို့ နယ်မြေတွေမှာ ခံစားနေရတဲ့ ဒုက္ခတွေလည်း အများကြီးရှိပါတယ်။ မနေ့က ဦးစိုင်းမြမောင် ပြောသွားသလို နီးရာဓားကို ကြောက်ရတယ်ဆိုတာ တကယ်မှန်ပါတယ်။ KIA ရောက်လာတဲ့ အခါမှာပဲဖြစ်ဖြစ်၊ တပ်မတော်က ရောက်လာတဲ့အခါမှာပဲဖြစ်ဖြစ် ကျေးရွာမှာ နေတဲ့သူတွေက ပိုပြီးမှ သူတို့ကြောက်ကြပါတယ်။ မသင်္ကာရင် စစ်ဆေးတယ်။ ရိုက်နှက် တယ်။ ပစ်ခတ်တယ် စသည်အားဖြင့် ကျေးရွာသားတွေက ပိုပြီးမှ ခံစားရပါတယ်။

ကျွန်တော် ပဋ္ဌမပုံမှန်အစည်းအဝေးပြီး ပြန်သွားတဲ့အခါ ဒီ ဖားကန့်မြို့နယ်၊ ရှဒူဇွပ်ကျေးရွာ ရောက်တဲ့အခါကျတော့ ရွာသားတွေက စုစုရုံးရုံးနဲ့ဖြစ်နေကြတာ တွေ့ရတယ်။ အဲဒါနဲ့ဘုန်းကြီးကျောင်းမှာ ကျွန်တော်တို့ကားကို ဝင်ထိုးပြီးမှ ဘုန်းကြီးကျောင်းသားတွေက ပြောပြတယ်။ အခုပဲ ဟိုဘက်ကမ်းမှာ မိုင်းတစ်လုံးကွဲလို့ တပ်မတော်ယာဥ်တန်း၊ ရိက္ခာယာဥ်တန်းက ရွာထဲကိုပစ်ရှင်း ရှင်းပြီးမှ ဝင်လာခဲ့တယ်တဲ့။ နောက်ပြီးမှ KIA ကလည်း တောင်ကုန်းပေါ်က ပစ်တယ်တဲ့။အဲဒါနဲ့ ရွာထဲမှာ ပစ်ကြခတ်ကြတယ်တဲ့။

အဲဒီနားက ထွက်ပြေးသွားတဲ့ ဦးအင်ထပ်နော် ဆိုတဲ့သူက လယ်တောက ပြန်လာတာ၊ သူကြတော့လည်း ဒီမိုင်းခွဲတဲ့နားကနေ ထွက်ပြေးသွားတယ်ဆိုပြီး မသင်္ကာပြီး ပစ်လိုက်တဲ့အခါကျ အဲဒီ ဦးအင်ထပ်နော် အဖိုးကြီးကလည်း အဲဒီမှာပဲ ထိမှန်ပြီးမှ အသက်ဆုံးရှုံးသွားတယ်။ နောက်ပြီးမှ ရွာထဲမှာလည်း ဆရာမတစ်ယောက်နဲ့ ကလေး တစ်ယောက်က ခြေထောက်တွေ ဘာတွေထိသွားတယ်ဆိုပြီးမှ ကျွန်တော်တို့က အဲဒီည တနိုင်းကို မရောက်ဘဲ

နဲ့ အဲဒီရွာမှာပဲအိပ်လိုက် ရပါတယ်။ တပ်မတော်ပဲဖြစ်ဖြစ်၊ KIA ပဲဖြစ်ဖြစ်ပေါ့လေ၊ စစ်ကြောင်းထွက်ပြီဆိုတဲ့အခါကျတော့ ကိုယ့်ရဲ့ စစ်ကြောင်းကို ကိုယ်က ကာကွယ်ကြမှာပဲ။ အဲ ကျွန်တော်သာ စစ်သားဆိုရင်လည်း ဒီထက်ဆိုးမလားတော့မသိဘူး။

နောက်ပြီးမှ လွန်ခဲ့တဲ့နှစ် စက်တင်ဘာ ၁၉ တုန်းက ကျွန်တော်တို့ သတ္တုနဲ့ သယံဇာတရေးရာကော်မတီက မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်ကို လေ့လာရေး သွားရအောင်ဆိုပြီးတော့မှ ကျွန်တော့်ကိုခေါ်တယ်။ အဲဒါနဲ့ လာခဲ့တဲ့အခါလည်း လမ်းမှာ (၅) ရက် ကြာသွားပါတယ်။ တနိုင်းနဲ့ မြစ်ကြီးနားတောင် မိုင် (၁၂၀)ပဲ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နောက်မီရွာထိပ် ရောက်တဲ့အခါကျတော့ ရွာမီးဖက်မှာ တိုက်ပွဲတွေ ဖြစ်နေကြတယ်။ လက်နက်ကြီးတွေလည်း ထုတယ်။ အဲဒါနဲ့ ရွာထိပ်မှာ ကားကိုရပ်ပြီးမှ ကျွန်တော်တို့က စုနေကြတာပေါ့လေ။ နောက်မှာကားတွေလည်း အများကြီး ရောက်လာတယ်။ ဆိုင်ကယ်စီးတဲ့ ဆိုင်ကယ်သမားတွေကလည်း အများကြီး ရောက်လာ တယ်။ အဲဒါနဲ့ မိုးချုပ်သွားတဲ့အခါကျတော့ အဲဒီနေ့ တစ်ရက်က ကျွန်တော်တို့ မိုင် (၅၀) ခရီးပဲရောက်ပြီးမှ နောက်မီရွာမှာ အိပ်လိုက်ရတယ်။

နောက်နေ့ကျတော့လည်း ရွှေမှာမိုးတွင်းကြီးဆိုတော့ တစ်ခါတည်း ယာဉ်တန်းကြီးက ဗွက်နစ်နေတဲ့ အခါကျတော့ တစ်နေကုန် အဲဒီမှာ တချို့ကားတွေကျတော့ ဆင်နဲ့ ဆွဲထုတ်တယ်။ တချို့ကားတွေကျတော့ ကားအချင်းချင်းဆွဲထုတ်ပြီးမှ တစ်နေကုန် အဲဒီဗွက်ထဲမှာပဲ နေခဲ့ရတယ်။ နောက်နေ့ကျမှ ကျွန်တော် မြစ်ကြီးနားကို ရောက်ခဲ့တယ်။ ဒီကြားထဲမှာ မိုင် (၁၂၀) ခရီးကို (၃) ရက် သွားလိုက်ရပါတယ်။ ဒါတွေကတော့မငြိမ်းချမ်းတဲ့အခြေအနေရဲ့ကြုံတွေ့ရတဲ့အခက်အခဲတွေပဲ ဖြစ်ပါတယ်။ နောက်ပြီးမှ ကျွန်တော်တို့ လာတဲ့အခါလည်း (၄) (၅) ရက် ကြာတယ်။ ဒါပေမဲ့ ကျွန်တော် ဒီမှာခရီးစရိတ် တင်တောင်းတဲ့အခါကျတော့ ခရီးစရိတ်တော့ ရပါတယ်။ နေ့တွက်ကတော့ မရပါဘူး။

နောက်အဲဒီလမ်းမကောင်းလို့ ကျွန်တော်တို့ တနိုင်းမှာဆိုရင်(၂) ရက်လောက် ဆန်တစ်အိတ်က (၅၀၀၀၀) ဈေး ဖြစ်သွားတယ်။ ဆန်ရောင်းတဲ့ သူကတော့ ဝမ်းသာမှာပဲ။ နောက်ပြီးမှ ဖားကန့်မှာဆိုရင် (၁၀၀၀၀၀)နဲ့ (၂) ရက် (၃) ရက် ရောင်းလိုက်တယ်လို့ ကြားရတယ်။ ပူတာအို ဘက်ကတော့ နို့ဆီတစ်ဗူးတောင်မှ၊ ဆန်နို့ဆီ တစ်ဗူးတောင်မှ

ဟိုဥစ္စာပေါ့လေ၊ (၁၅၀၀) (၂၀၀၀) အထိ ဈေးတက်သွားတယ်ဆိုပြီးတော့မှ ဈေးနှုန်းတွေကလည်း မသက်မသာ တက်သွားတာကို ကျွန်တော်တို့ မငြိမ်းချမ်းတဲ့ ဒဏ်တွေကို ခံစားနေရပါတယ်။ အဲဒါကြောင့်စစ်ပွဲတာရှည်နေရင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားနိုင်တယ်။ KIA ကြောင့် နှိပ်စက်ခံရရင်လည်း KIA ကိုမုန်းကြတယ်။ တပ်မတော်ကြောင့်ခံရရင်လည်း တပ်မတော်ကိုမုန်းကြတယ် ဆိုတော့ ပြည်သူများက နှစ်ခြမ်း ဖြစ်နေတာကို ကျွန်တော်တို့ တွေ့မြင်ရမှာဖြစ်တယ်။

အဲဒါကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စစ်ကြောင့် တိုင်းပြည်ဝင်ငွေမဆုံးရှုံးရေး၊ ကုန်ထုတ်လုပ်မှုအပေါ်မှာ မကျဆင်းရေးနဲ့ စစ်ပြေးစစ်ရှောင်များ ဆင်းရဲမွဲတေမှု ပပျောက်သွားရေးအတွက် ကျွန်တော်တို့ ငြိမ်းချမ်းရေး အမြန်ဆုံးလိုအပ်နေပြီ၊ ငြိမ်းချမ်းရေးမရလျှင် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ဖို့လည်း မဖြစ်နိုင်ဘူးဆိုတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ မတ်လ ၁၂ ရက်တုန်းက နိုင်ငံတော် သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စုနိုင်ငံ ဖြစ်တဲ့အကြောင်း တိုင်းရင်းသားအားလုံး တန်းတူညီတူ ပါဝင်ခွင့်ရရှိဖို့ မဖြစ်မနေ ဆောင်ရွက်ရမှာဖြစ်ကြောင်း တိုင်းရင်းသားများရဲ့ မျှော်မှန်းချက်ဟာ အစိုးရရဲ့လိုလားချက်ဖြစ်ကြောင်း၊ ခါးသီးတဲ့ဒဏ်ရာတွေ စူးနစ်တဲ့အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့အိပ်မက်တွေ ဖြည့်ဆည်းပေးရမှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ငြိမ်းချမ်းရေးရရှိဖို့အတွက် သမ္မတကြီးမှ မြန်မာ့တပ်မတော်ကို ထိုးစစ်မဆင်ရန်၊ မိမိတပ်များဖက်မှ စတင်မပစ်ခတ်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ပြောကြားခဲ့တာ တွေ့ရပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကြည့်မယ်ဆိုရင် မိမိနိုင်ငံရဲ့ ဆုံးရှုံးမှုများ ဖြစ်တယ်ဆိုတဲ့အကြောင်းတွေ၊ ငြိမ်းချမ်းရေးကို စိတ်ရှည်သည်းခံမှု နားလည်စာနာမှု၊ တစ်ဦးပေါ်တစ်ဦးလေးစားမှုနဲ့ အကောင်အထည်ဖော်ဖို့ မိန့်ခွန်းပြောကြားခဲ့တာ၊ တိုက်တွန်းခဲ့တာ ကျွန်တော်တို့ အားလုံးအသိပဲ ဖြစ်ပါတယ်။

အခု ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ စသည်တို့ကလည်း အပစ်အခတ်

ရပ်စဲပြီးမှ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ဖို့ တိုက်တွန်းတဲ့ မိန့်ကြားစာတွေ ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ နောက်ပြီးမှ ဒီနှစ်ပိုင်းမှာ၊ နှစ်ဆန်းပိုင်းမှာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကလည်း ၂၀၁၃ ခုနှစ်သည်ငြိမ်းချမ်းရေးနှစ်ဆိုပြီးမှပြည်တွင်းပြည်ပခေါင်းဆောင် များနဲ့ တွေ့ဆုံတဲ့အခါမှာ မိန့်ဆိုခဲ့တာလည်း တွေ့ရပါတယ်။ အခုလို ခေါင်းဆောင်ကြီးများ ထာဝရ ငြိမ်းချမ်းရေးကို ဆန္ဒရှိပြီး ထုတ်ဖော်ပြောကြားခြင်းဟာ ဝမ်းမြောက်စရာ ကောင်းပါတယ်။ ထာဝရငြိမ်းချမ်းရေး ရရှိတော့မယ်လို့ ကျွန်တော်က ယုံကြည်မိပါတယ်။

အဲဒါကြောင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ၊ တိုင်းရင်းသားရေးရာ ကော်မတီများကလည်း ဖွဲ့စည်းပြီးဖြစ်တဲ့ ကော်မတီရဲ့ လုပ်ငန်းတာဝန်များကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ဖို့ပဲ လိုပါတော့တယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒါကြောင့် ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမယ့် ခိုင်မာသော အခြေခံမူများ ချမှတ်ပေးရေးဆိုတဲ့ အဆိုကို ကျွန်တော်ဤမျှပဲ ဆွေးနွေးပြီးမှ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးတဲ့အခါမှာ အသုံးအနှုန်း လေးတွေ အနည်းငယ်ပြုပြင်ပေးဖို့ ရှိနေပါတယ်။ ရောင်စုံသူပုန်ဆိုတဲ့ အသုံးအနှုန်း၊ နောက် သောင်းကျန်း ဆိုတဲ့ အသုံးအနှုန်းပေါ့နော်။ အဲဒီတော့ ဟိုတုန်းကတော့ ရောင်စုံဆိုတာ အလံနီ ကွန်မြူနစ်၊ အလံဖြူကွန်မြူနစ်၊ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ ပအိုဝ်း၊ ပအိုဝ်းအနီ၊ ပအိုဝ်းအဖြူ ဒီလို အရောင်တွေရှိတယ်။ အခုကတော့ အရောင်တွေ မရှိတော့ပါဘူး။ ဟိုတုန်းက ဒါကြောင့်မို့လို့ ရောင်စုံလို့ သုံးခဲ့တာပါ။ သူပုန်ဆိုတဲ့ကိစ္စကလည်း သူပုန်သူကန်၊ ဓားပြကြီးတော့ သူပုန်ဖြစ်တယ်ဆိုတဲ့ စကားရှိတဲ့အတွက် တစ်ဖက်သားနားမခံသာဘူး။

ထို့အတူပဲ သောင်းကျန်းဆိုတဲ့ကိစ္စကလည်း ဟိုကြားရတဲ့သူဘက်က နားခံနိုင် စရာအကြောင်းမရှိဘူးပေါ့။ အဲဒီတော့ အခုလို သင့်မြတ်ရေးဆောင်ရွက်တဲ့အချိန်မှာ ဒီလိုအသုံးအနှုန်းလေးတွေ ပိုပြီးတော့ ဂရုပြုဖို့ လိုပါတယ်။ ဒါ နယ်တွေမှာ စကားပြောတဲ့ အခါဖြစ်ဖြစ်ပေါ့နော်။ လက်နက်ကိုင်ဆန့်ကျင်တဲ့အဖွဲ့လို့ သုံးလိုက်လို့ရှိရင် ပြီးသွားတာ ပါပဲ။ လက်နက်ကိုင် ဆန့်ကျင်တဲ့အဖွဲ့လို့ပဲ သုံးလိုက်ပါ။ သူပုန်လည်း မသုံးပါနဲ့။

သောင်းကျန်းတယ် ဆိုတာလည်း မသုံးပါနဲ့။ သောင်းကျန်းသူလို့လည်း မသုံးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်အေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၆။**

**ဗိုလ်မှူးကြီးခင်မောင်အေး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီး၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၉၅၂၅ ဗိုလ်မှူးကြီး ခင်မောင်အေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက်ယုံကြည်မှု ရရှိနိုင်ရန် ခိုင်မာတဲ့အခြေခံမူများ ချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ KIO/KIA အဖွဲ့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုအခြေအနေ ကချင်ပြည်နယ်မှာ ယခုချိန်ထိဘာဖြစ်လို့ အပစ်အခတ်မရပ်စဲနိုင်သေးတာလဲ၊ ကချင်ပြည်နယ်မှာ ဘာဖြစ်လို့ တိုက်ပွဲတွေ ဖြစ်နေတာလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နဲ့ KIO/KIA အဖွဲ့တို့ရဲ့ ဆွေးနွေးမှု အခြေအနေများကို တင်ပြပါမယ်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၈ရက်၊ ၁၉ ရက်နေ့တွေမှာ ဦးအောင်သောင်း ဦးဆောင်တဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နဲ့ KIO ပညာရေးဌာန တာဝန်ခံ ဦးဆွန်လွပ်ဂမ် ဦးဆောင်တဲ့အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပြီးတော့ စစ်ရေးအရှိန် ထိန်းသိမ်းဖို့နဲ့ ယုံကြည်မှုတည်ဆောက်ဖို့ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုပြီးတော့ ကြေညာချက် ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ၂၀၁၂ အောက်တိုဘာ ၃၀ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး

လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်ဦးဆောင်တဲ့အဖွဲ့နဲ့ KIO အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းဦးဆောင်တဲ့ အဖွဲ့နဲ့ အလွတ်သဘော (၄)ကြိမ် ဆွေးနွေးခဲ့ပြီးတော့ နောက်ဆုံး အကြိမ်ကို တရုတ်နိုင်ငံ ရွှေလီမြို့မှာ ပြုလုပ်ခဲ့တယ်။ တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ဖို့ အတွက် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံညှိနှိုင်းရေး ကြိုတင်ညှိနှိုင်းခဲ့ပြီးတော့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်နေ့မှာ ကြိုတင်အကြောင်းကြား တောင်းဆိုချက်အရ တပ်မတော်က ဒုတိယ ဗိုလ်ချုပ်ကြီး တစ်ဦး အဖွဲ့ဝင်အဖြစ် စေလွှတ်ပေးခဲ့ပေမယ်လို့ KIA စစ်ဘက်ခေါင်းဆောင်ပိုင်းဟာ တက်ရောက်ရန် ပျက်ကွက်ပါတယ်။ ဒါသူတို့ရဲ့ တောင်းဆိုချက် အရ ကျွန်တော်တို့ဆီက သွားရောက်တာကို သူတို့အနေနဲ့ အလေးမထားတဲ့ သဘောကို တွေ့ရပါတယ်။

ဒါကြောင့် အရေးကြီးတဲ့ စစ်ဘက်ဆိုင်ရာဆွေးနွေးမှုများကို ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒီတွေ့ဆုံဆွေးနွေးမှုတွေမှာလည်း KIA အဖွဲ့အနေနဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုကိုပဲ ဦးစွာပြုလုပ်မယ်။ ပြီးမှ အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်မယ်ဆို ပြီးတော့ ပြောဆိုနေခဲ့ကြပါတယ်။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု ဆိုတာ အချိန်ကာလ တစ်ခု ကြာမြင့်မှာ ဖြစ်တဲ့အတွက် နယ်မြေအေးချမ်းမှု အမြန်ဆုံး ရအောင် နိုင်ငံတော်အစိုးရက အပစ်အခတ်ရပ်စဲရေးကို ဦးစွာဆောင်ရွက်ခဲ့တာ ဖြစ်ပါ တယ်။ အပစ်အခတ်ရပ်စဲရေးကို ဒုတိယ နေရာမှာထားရှိတဲ့ KIA တို့ရဲ့ သဘောထားဟာ သူတို့ရဲ့ နိုင်ငံရေးလိုလားချက်မရမချင်း တိုက်ပွဲတွေ ဆက်လုပ်ဦးမယ်၊ တစ်နည်းအားဖြင့် တိုက်ပွဲတွေ တိုးမြှင့်ဆောင်ရွက်ပြီးတော့မှ နိုင်ငံရေး လိုလားချက်ကို တောင်းဆိုသွားမယ် ဆိုတဲ့ ဒီသဘောသက်ရောက်ပါတယ်။ အပစ်အခတ် မရပ်ချင်တဲ့သဘော၊ ငြိမ်းချမ်းရေး မလိုချင်တဲ့သဘော ဖြစ်နေပါတယ်။

အစိုးရမှ ငြိမ်းချမ်းရေး ဖိတ်ခေါ်ပြီးနောက်ပိုင်း ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် နေ့မှစ၍ တွေ့ဆုံမှုတွေ ဆက်လက်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် အလွတ်သဘော (၄)ကြိမ်၊ ပြည်နယ်အဆင့် (၃)ကြိမ်၊ ပြည်ထောင်စုအဆင့် (၄)ကြိမ်၊ ပေါင်း(၁၁)ကြိမ်

ဒီလောက်ငြိမ်းချမ်းရေး ဆွေးနွေးခဲ့ပေမယ်လို့ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးကြောင်း တွေ့ရပါတယ်။

ကချင်ပြည်နယ်မှာ ဘာလို့တိုက်ပွဲတွေ ဖြစ်နေတာလဲဆိုတာ ကျွန်တော်တို့ ပြန်ဆန်းစစ်ကြည့်ရင် ကျွန်တော်တို့ရဲ့တပ်ဖွဲ့တွေ ချီတက်တိုက်ခိုက်ခြင်း မပြုဖို့ ဆိုပြီးတော့ ကျွန်တော်တို့ အထက်က ညွှန်ကြားချက်အပေါ်မှာ KIA အဖွဲ့က အခွင့်ကောင်း ယူပြီးတော့ နယ်မြေဒေသတွေ တိုးချဲ့ လှုပ်ရှားတယ်။ ရွှေမှော်တွေ၊ ဖားကန့် ရေမဆေး ကျောက်ရှာတဲ့ သူတွေ၊ ရေကြည်ရာ မြက်နုရာ လုပ်ကိုင်ရှာဖွေ စားသောက်တဲ့ ကျပန်းအလုပ်သမားတွေပါ မကျန် အဓမ္မ လူသစ်စုတယ်။ ငွေကြေးပေးနိုင်တဲ့သူတွေ ပြန်လွှတ်တယ်။ ရိက္ခာ ဆက်ကြေး အဆမတန် တောင်းခံတဲ့အပြင်၊ အကြမ်းဖက်လုပ်ရပ်တွေကို ပိုမိုလုပ်လာတာကို တွေ့ရပါ တယ်။ နောက် KIA ဟာ ဖားကန့်အတွင်းပိုင်းအထိ လှုပ်ရှားလာတဲ့အတွက် နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် ကျွန်တော်တို့ တပ်တွေဟာ နယ်မြေ ရှင်းလင်းဆောင်ရွက်ခဲ့ ရပါတယ်။ ဒီလိုနယ်မြေရှင်းလင်းစဉ်မှာ မိမိတပ်ဖွဲ့တွေအနေနဲ့ အရပ်သားတွေရဲ့ အသက် အိုးအိမ်စည်းစိမ် မထိခိုက်အောင် ထိန်းသိမ်းဆောင်ရွက် ခဲ့ပါတယ်။ ဒါပေမဲ့ KIA က ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှာ ဒီအရပ်သားကုမ္ပဏီ၊ ဝေအောင်ကမ္ဘာကုမ္ပဏီဝင်းအတွင်းမှာ အကာအကွယ် ယူပြီးတော့ ထောင်ချောက်ဆင် မိုင်းခွဲတိုက်ခိုက်လို့ အဲဒီမှာ ကျွန်တော်တို့ အရာရှိ၊ စစ်သည်တော်များ ကျဆုံးခဲ့ရပါတယ်။

ဒီKIA လက်နက်ကိုင်တပ်ဖွဲ့တွေအနေနဲ့ လဂျားယန်စခန်းမှာရှိတဲ့ တပ်မတော် သားတွေဆီကို ရိက္ခာပို့တဲ့ တပ်မတော်စစ်ကြောင်းတွေကို သူတို့(၃)ကြိမ် ချုံခိုတိုက်ခိုက် တဲ့အတွက် အဲဒီမှာ တပ်မတော်သား (၃၅)ဦး ကျဆုံးပြီး၊ ကျွန်တော်တို့ (၁၉၀)လောက် ဒဏ်ရာရခဲ့ပါတယ်။ ဒီ(၃)ကြိမ်မှာ၊ ဒီလဂျားယန်စခန်း ဆိုတာလည်း ၁၉၉၄ ခုနှစ်၊ အပစ်အခတ်ရပ်စဲရေးမတိုင်မီ KIA ရဲ့ လိုင်ဇာစခန်း မရှိမီကတည်းက ဒါကျွန်တော်တို့ တပ်မတော်က နယ်မြေလုံခြုံရေး ဆောင်ရွက်တဲ့စခန်း ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီစခန်းကို ရိက္ခာပို့မယ် ဆိုတာလည်း KIA အဖွဲ့ကို ကြိုတင်အသိပေးပါတယ်။ အဲဒီလို အသိပေးတဲ့ ဟာကိုမှ KIA အဖွဲ့က ကြားဖြတ်တိုက်ခိုက်တဲ့အတွက် ကျွန်တော်တို့ အရာရှိ၊ စစ်သည်များ တော်တော်များများ ကျဆုံးခဲ့ရပါတယ်။

ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ အများပြည်သူများ သွားလာအသုံးပြုနေတဲ့ အဓိက ဆက်သွယ်ရေးလမ်းကြောင်းတွေကိုလည်း KIA က ဟန့်တားပိတ်ဆို့ထားပါတယ်။ လမ်းကြောင်းပိတ်တဲ့အခါမှာ သူတို့က ဒီလမ်းရဲ့ မလှမ်းမကမ်း တောင်ကုန်းတွေမှာ စခန်းတွေချ၊ ပြီးရင် ကျွန်တော်တို့ စစ်ကြောင်းတွေကို နှောင့်ယှက်တိုက်ခိုက်၊ နောက် အခြား အဖျက်အမှောင့်တွေ၊ လုပ်ငန်းတွေ လုပ်တယ်။ နောက် ဒီ လဂျားယန်စခန်း ရိက္ခာပို့တာကို အကြိမ်ကြိမ် နှောင့်ယှက်တဲ့အတွက် လဂျားယန်စခန်းဟာ (၁၄)ရက်လောက် ရိက္ခာပြတ် ပြီးတော့ ဒီစစ်သည်တွေရဲ့ အသက်အန္တရာယ် စိုးရိမ်လာရတဲ့အတွက် ကျွန်တော်တို့က ဒါ ဒီလမ်းကြောင်းကို မဖွင့်မဖြစ်တော့တဲ့အတွက်ကြောင့် သူတို့ရဲ့ အဓိကကျတဲ့ပွိုင့် ၇၇၁ တောင်ကုန်းကို ကျွန်တော်တို့က ဒါရှင်းလင်းပြီးတော့ ကျွန်တော်တို့က သိမ်းရတဲ့ အနေအထား ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရုံးကနေပြီး မိမိကိုယ်ကို ခုခံကာကွယ်ရုံမှအပ ချီတက် ထိုးစစ်ဆင် တိုက်ခိုက်ခြင်း မပြုလုပ်ဖို့ ညွှန်ကြားတဲ့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်နေ့ ကနေပြီးတော့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့အထိ KIA အဖွဲ့အနေနဲ့ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှု (၇၆)ကြိမ်၊ ကျွန်တော်တို့တပ်စခန်းတွေကို လာရောက်နှောင့်ယှက် ပစ်ခတ်တာ (၇၄)ကြိမ်၊ KIA က မိုင်းထောင်လို့ အရပ်သားတွေ မိုင်းနင်းတာ(၃၆)ကြိမ်၊ လုယက်ဖျက်ဆီးတာ (၃၈)ကြိမ်၊ လူသစ်စုဆောင်းတာနှင့် အဓမ္မဖမ်းဆီးတာ (၇)ကြိမ် ရှိခဲ့ ပြီးတော့ မိမိတပ်နဲ့ ထိတွေ့မှုပေါင်း (၁၀၄၀)ကြိမ်ထိ ဖြစ်ပါတယ်။ (၁၀၄၀)ကြိမ် ဆိုတာက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှာ ဖြစ်တဲ့အနေအထား ဖြစ်ပါတယ်။ အလားတူ အရှေ့ မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းမှာလည်း (၂၃၉)ကြိမ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အတွင်းမှာ (၇)ကြိမ်နဲ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းမှာ (၂)ကြိမ် ဖြစ်ပွား ခဲ့တာကို တွေ့ရပါတယ်။

မနေ့က ကျွန်တော်တို့ရဲ့ တပ်မတော်သား ကိုယ်စားလှယ်များတွေဟာ KIA က ဖျက်ဆီးထားတဲ့ ပုံတွေကို ဒီမှာပြသတဲ့အခါမှာ တချို့ကိုယ်စားလှယ်တော်ကြီးတွေက ဒါဟာ စစ်ပွဲရဲ့ အနိဋ္ဌာရုံတွေ ပါပဲ။ အပြန်အလှန် စွပ်စွဲမှုတွေပါပဲဆိုပြီး ကျွန်တော်တို့ကို ပြောဆိုသွားကြတာ ရှိပါတယ်။ ရထားလမ်းမိုင်းခွဲတာ၊ တံတားတွေ မိုင်းခွဲဖျက်ဆီးတာဟာ

စစ်ပွဲဖြစ်လို့ နှစ်ဖက် ပျက်စီးတာ မဟုတ်ပါဘူး။ စစ်ရေးနဲ့မဆိုင်တဲ့ အရပ်ဖက် ပစ်မှတ်တွေကို KIA ဟာ သက်သက်မဲ့ ဖျက်ဆီးတာသာ ဖြစ်ပါတယ်။ ဒါတွေကို မျက်ကွယ်ပြုနေလို့ ကျွန်တော်တို့က ဒါ ထောက်ပြပြောဆိုခြင်း ဖြစ်ပါတယ်။ အပြန်အလှန် စွပ်စွဲနေတာ မဟုတ်ပါဘူး။ တချို့ကိုယ်စားလှယ်တော်ကြီးများက ကျွန်တော်တို့ တပ်က ဘာဖြစ်လို့ ဆိုပြီးတော့ အပြစ်ပုံချပြောတာလည်း ကြားလိုက်ရပါတယ်။ ဒါပေမယ်လို့ KIA က ရထားလမ်း မိုင်းခွဲတာ၊ တံတားခွဲတာတော့ တစ်ခုမှ ပြောသွားတာ မရှိပါဘူး။ အဲဒီတော့ ဒါကိုလည်း ကျွန်တော်တို့အနေနဲ့ မျှမျှတတ သုံးသပ်ကြဖို့ အကြံပြုလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများ လွှတ်တော်မှာ မိမိဒေသအတွက် တံတားတစ်စင်း၊ ကျောင်းတစ်ကျောင်း၊ လမ်း(၁)မိုင် ရဖို့အတွက် ကျွန်တော်တို့ ဒီမှာတင်ပြတောင်းဆိုကြတာ ဘယ်လောက်တောင် တင်ပြတောင်းဆိုကြသလဲဆိုတာကို ကိုယ်စားလှယ်တော်ကြီးများ အသိဖြစ်ပါတယ်။ အခု KIA က ဖျက်ဆီးတာဟာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ တောင်းတာထက်မက အများအပြား ဖျက်ဆီးနေတဲ့အနေအထားကို ကျွန်တော်တို့က ဒါကို အသိပေးပြီးတော့ တင်ပြနေခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို မထိခိုက်စေလိုတဲ့အတွက် တစ်နှစ်ကျော်ကာလ ကျွန်တော်တို့က သည်းခံပြီးတော့ နှစ်ဖက်တွေ့ဆုံမှုတွေပြုလုပ်ဖို့ တောင်းဆိုခဲ့ပေမယ်လို့ ဒါတိုးတက်မှု မရှိတဲ့အပြင် KIA ဟာ ရထားလမ်း၊ ကားလမ်း၊ တံတားတွေကို ဖောက်ခွဲဖျက်ဆီးတယ်။ နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေနဲ့ ဒီတာဝါတိုင်တွေကို ဖျက်ဆီးတယ်။ စစ်ဘက်နှင့် မသက်ဆိုင်တဲ့ အစိုးရရုံးတွေ၊ လူထုတွေကို နှောင့်ယှက်လာတဲ့အတွက် ဒီတပ်မတော်ဟာ မိမိကိုယ်ကို ခုခံကာကွယ်ခြင်းနှင့် နယ်မြေအေးချမ်းဖို့အတွက် စစ်ရေးအရ မလွဲရှောင်သာတဲ့အတွက် ကျွန်တော်တို့က ပြန်လည်တုံ့ပြန်ခဲ့ရခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ကချင်လူမျိုးကို တိုက်နေတာ မဟုတ်ပါဘူး။ လူမျိုးတုံး တိုက်တာလည်း မဟုတ်ပါဘူး။ အကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်နေတဲ့ KIA အဖွဲ့ကိုပဲ ကျွန်တော်တို့ တိုက်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့တပ်မတော်ဟာ ဘယ်ပါတီ၊ ဘယ်လူမျိုးတစ်စု၊ ဘယ်နေရာဒေသ တစ်ခုကိုမှ ကိုယ်စားပြုတာမဟုတ်ဘဲနဲ့ တစ်နိုင်ငံလုံးကို ကိုယ်စားပြုတဲ့ တပ်မတော် ဖြစ်ပါတယ်။ တပ်မတော်ဟာ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စု တပ်မတော်ပဲ ဖြစ်ပါတယ်။ ဒီ KIA အဖွဲ့က လွဲပြီးတော့ ကျန်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အားလုံးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးတဲ့အခါမှာ နိုင်ငံတကာငြိမ်းချမ်းရေး ဆောင်ရွက်ခဲ့တဲ့ သာဓကတွေအရ ပထမဦးဆုံး အပစ်အခတ်ရပ်စဲပြီးမှ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးဖို့ ဆိုပြီးတော့ မူဝါဒချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတကာမှာလည်း ဒီအတိုင်း ဆောင်ရွက် တယ်။ ကျွန်တော်တို့ အဖွဲ့(၁၀)ဖွဲ့နဲ့လည်း ဒီအတိုင်းပဲ လုပ်ခဲ့ပါတယ်။

ဒီ KIA အဖွဲ့တစ်ဖွဲ့ကတော့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုကို ဦးစွာပြုလုပ်ပြီးမှ အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်မယ်ဆိုပြီးတော့ ပြောဆိုနေခဲ့ ပါတယ်။ နိုင်ငံရေးအရ ဆွေးနွေးမှုဆောင်ရွက်တဲ့အခါမှာ တစ်နေရာနှင့် တစ်နေရာ၊ လူမျိုးစု တစ်စုနှင့် တစ်စု၊ လက်နက်ကိုင်အဖွဲ့အစည်း တစ်ခုနှင့် တစ်ခုဟာ မတူညီကွဲပြားတဲ့အချက်တွေ ရှိတဲ့အတွက် ဒါဟာ အချိန်ယူဆွေးနွေးညှိနှိုင်း ဖြေရှင်းရမှာ ဖြစ်ပါတယ်။ နောက်ပြီးမှသာ နောက်ဆုံး အဆင့်မှာမှ ကျွန်တော်တို့က လွှတ်တော်မှာ ဆွေးနွေးပြီးတော့ ဆုံးဖြတ်ကြရမှာ ဖြစ်ပါတယ်။ နောက် ပြည်သူတွေကို ဘယ်သူတွေက ကူညီပေးပြီး ဘယ်သူတွေက ဒုက္ခရောက်အောင် လုပ်နေတာလဲဆိုတာလည်း ဒါ အားလုံး သိကြမှာပဲ ဖြစ်ပါတယ်။

ဒီKIO, KIA အဖွဲ့ဟာ ကျွန်တော်တို့နဲ့ တိုက်ခိုက်လာတဲ့ ဒီ(၁)နှစ်ကျော်အတွင်းမှာ ဒီတိုက်ခိုက်မှု တွေကြောင့် ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံတွေဟာ ကောင်းကောင်း မစိုက်ပျိုး နိုင်ဘူး၊ နောက် KIA အဖွဲ့ရဲ့ အဓမ္မလူသစ် စုဆောင်းတဲ့အတွက် ကျေးရွာတွေမှာ အေးချမ်းစွာ နေထိုင်နိုင်ခြင်း မရှိလို့၊ ဘေးကင်းရာကို သွားရောက် ခိုလှုံနေကြရပါတယ်။ KIA ရဲ့ အကြမ်းဖက်လုပ်ရပ်များကြောင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ပြီးတော့ စားနပ်ရိက္ခာ ပြတ်လပ်နေတဲ့ ပူတာအိုဒေသမှာရှိတဲ့ ပြည်သူတွေစားဖို့အတွက် ကျွန်တော်တို့ တပ်မတော်ဟာ မြစ်ကြီးနား-ပူတာအိုကားလမ်း မဖွင့်နိုင်သေးမီမှာ ဆန်အိတ် (၁၀၀၀) အပါအဝင် အခြားစားနပ်ရိက္ခာ(၁၈၂)တန်ကျော်ကို တပ်မတော်လေယာဉ်နဲ့ ကျွန်တော်တို့က ပို့ပေးခဲ့ပါတယ်။ မြစ်ကြီးနား-ပူတာအို ကားလမ်း ဖွင့်ပြီးတဲ့နောက် ယာဉ် (၉၇)စီးနဲ့ ဆန်၊ ဆီ၊

ဆားအပါအဝင် လူသုံးကုန် တန်(၄၆၀)ကျော်ကို ပေးပို့ခဲ့ပြီးတော့ နောက်ထပ် တန်(၃၀၀)ကျော်ကိုလည်း ကျွန်တော်တို့က ပို့ဖို့ ဆက်လက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒါ့အပြင် ကချင်ပြည်နယ်အတွင်းမှာ ကျွန်တော်တို့ တပ်မတော်နယ်လှည့် ဆေးကုသအဖွဲ့တွေနဲ့ လူနာပေါင်း(၄၀၀၀)ကျော်ကို စမ်းသပ်ကုသပေးနိုင်ပြီးတော့ ကျွန်တော်တို့ ဆက်လက်လည်း ဆောင်ရွက်ပေးသွားဦးမှာ ဖြစ်ပါတယ်။ တပ်မတော်က အဲဒီလို ပြည်သူလူထုကို အကူအညီပေးနေတဲ့အချိန်မှာ KIA ဟာ ပြည်သူလူထုအတွက် ရိက္ခာပို့တဲ့ ယာဉ်တန်းတွေကို ချုံခိုတိုက်ခိုက်ခဲ့ပါတယ်။ ဒီပူတာအိုမှာ ပို့တဲ့ယာဉ်တန်းတွေဆိုရင် သူတို့နှောင့်ယှက်လို့ ကားတွေ၊ ဘာတွေ ပျက်စီးခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ စိတ်ရှည်သည်းခံပြီး သဘောထားကြီးစွာနဲ့ KIA အဖွဲ့နှင့် အပစ်အခတ်ရပ်စဲပြီးတော့ နှစ်ဦးနှစ်ဖက် လိုလားချက်တွေ သဘောတူလက်ခံနိုင်တဲ့အချက်တွေကို ထိတွေ့ဆွေးနွေးမှု ပြုလုပ်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ထပ်မံတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နိုင်ရေး ကမ်းလှမ်းထားပြီးတော့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ ဆက်လက် ကြိုးပမ်းသွားမှာပဲ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်နေ့က ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီက KIO နဲ့တွေ့ဆုံညှိနှိုင်းရေးအတွက် KIO ဥက္ကဋ္ဌထံကို လိပ်မူပြီး ကမ်းလှမ်းခဲ့တာလည်း သတင်းစာတွေထဲမှာ အားလုံး အသိပဲ ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ မနက်(၆)နာရီကစပြီးတော့ လဂျားယန် ဒေသနယ်မြေ ရှင်းလင်းရေးထိုးစစ်တွေကို ရပ်ဆိုင်းကြောင်း နိုင်ငံတော်အစိုးရက ကြေညာခဲ့ပါတယ်။ KIO, KIA ရဲ့ လိုင်ဇာဌာနချုပ်ဟာ တပ်မတော်ရဲ့ လက်တကမ်း မှာရှိပေမယ့် အဆုံးသတ်သိမ်းပိုက်မှု မလုပ်ဘူးလို့ ကြေညာလိုက်တာဟာ အစိုးရ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးကို လိုလားတယ်ဆိုတာ ဒါသက်သေပြတာပဲဆိုပြီး နိုင်ငံတော်သမ္မတကြီးက လည်း ရန်ကုန်တိုင်းလွှတ်တော် လူမှုအဖွဲ့အစည်းနဲ့တွေ့ဆုံစဉ်မှာ ကျွန်တော်တို့ ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့က အဲဒီလို ရပ်ဆိုင်းပါမယ်လို့ ပြောတာကို KIA ဟာ အဲဒီ ကြေညာခဲ့တဲ့ ဇန်နဝါရီလ ၁၉ ရက်နေ့မှာပဲ ကာမိုင်းမြို့နယ်ခွဲ ရဲစခန်းကိုဝင်တိုက်လို့ ပြည်သူ့ရဲ (၂)ဦး ကျဆုံးပြီး (၅)ဦး ဒဏ်ရာရခဲ့ပါတယ်။

အဲဒီနေ့မှာပဲ ဗန်းမော်-လွယ်ဂျယ် ကားလမ်း မိုင်တိုင်(၂၇)မှာ ခရီးသည်ကား (၃)စီးကို မိုင်းခွဲတိုက်ခိုက်လို့ အပြစ်မဲ့တဲ့ပြည်သူ (၂၂)ဦး ဒဏ်ရာရခဲ့ပါတယ်။ နောက်တစ်ခုက ဝေအောင်ကမ္ဘာကုမ္ပဏီကိုလည်း မီးရှို့ပစ်လိုက်ပါတယ်။ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ မက်စ်မြန်မာ ကျောက်မျက်ကုမ္ပဏီ၊ ကြိုင်ကျောက်မျက် ကုမ္ပဏီတွေကိုလည်း မီးရှို့ပစ်ခဲ့ပါတယ်။ ၂၁ ရက်နေ့မှာ တပ်မတော်စစ်ကြောင်းကို လာတိုက်လို့ ကျွန်တော်တို့ဆီက နေပြီးတော့ ပြန်ခုခံခဲ့ရပါတယ်။ နောက် ပူတာအိုဒေသရိက္ခာပို့တဲ့ ယာဉ်တန်းကိုလည်း ချုံခို တိုက်ခိုက်တယ်။ နောက်လမ်းလုံခြုံရေးအဖွဲ့ကိုလည်း သူတို့လာတိုက်တာ ရှိပါတယ်။ ၂၂ ရက် နေ့မှာ မူဆယ်-လားရှိုး ဖရဲသီးကားကို မိုင်းခွဲတိုက်ခိုက်လို့ အဲဒီမှာလည်း အပြစ်မဲ့ပြည်သူ တွေ ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါတွေဟာဆိုရင် ကျွန်တော်တို့က ထိုးစစ်ရပ်ပါမယ်လို့ ပြောတဲ့ နောက်မှာကို သူတို့အနေနဲ့ ဒါဆောင်ရွက်နေတဲ့ အနေအထားပဲ ဖြစ်ပါတယ်။

အဲဒီတော့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဆိုတာဟာ ကျွန်တော်တို့ သဘောထား အမြင်ချင်း ညှိနှိုင်းဆွေးနွေးရတဲ့ကိစ္စဖြစ်လို့ အချိန်ယူဆောင်ရွက်ရမယ့်လုပ်ငန်းလည်း ဖြစ်ပါတယ်။ လွန်စွာသိမ်မွေ့နက်နဲတဲ့အပြင် ခက်ခဲမှုလည်း ရှိပါတယ်။ နောက် ငြိမ်းချမ်းရေး ဆိုတာ ကျွန်တော်တို့ တစ်ဖက်တည်းနဲ့ လုပ်လို့ရတာလည်း မဟုတ်ပါဘူး။ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှပဲ အောင်မြင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်မှာ အားလုံးပါဝင်နိုင်ဖို့အတွက် အကြောင်းအမျိုးမျိုးနဲ့ ပြည်ပရောက်နေတဲ့ နိုင်ငံသားတွေကိုလည်း နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေမှာ ပါဝင်နိုင်အောင် လက်ကမ်းဖိတ်ခေါ်ခဲ့လို့ ကျွန်တော်တို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တိုးတက် ကောင်းမွန်ပြီးတော့ ပြည်တွင်းနိုင်ငံရေး တိုးတက်မှု ရှိလာတာကိုလည်း အားလုံးတွေ့ရမှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံငြိမ်းချမ်းရေးဗဟိုဌာန (Myanmar Peace Center) ကိုလည်း ဖွဲ့စည်း တည်ထောင်ထားပြီးတော့ ငြိမ်းချမ်းရေးရပြီးတဲ့ ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် နိုင်ငံတကာ အသိုက်အဝန်းနဲ့ ကျွန်တော်တို့ ဒါပူးပေါင်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါ တယ်။

နိုင်ငံတော်အစိုးရဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အားလုံးနဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ KIO, KIA နဲ့လည်း ငြိမ်းချမ်းရေးဆက်လက်ဆွေးနွေးမှုတွေ ကျွန်တော်တို့ ပြုလုပ်သွားမှာပဲ ဖြစ်ပါတယ်။

မိမိတို့ရဲ့ ရည်မှန်းချက်ဟာ ထာဝရငြိမ်းချမ်းရေးရရှိဖို့နဲ့ ဥပဒေတစ်ခုတည်းအောက်မှာ တန်းတူညီမျှနေထိုင်ကြရေးဖြစ်ပြီးတော့ နိုင်ငံတော်အစိုးရရဲ့ ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းတွေအတိုင်း တပ်မတော်အနေနဲ့လည်း လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတ က ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက် ထုတ်ပြန်ပြီးတဲ့နောက် ငြိမ်းချမ်းရေး အကျိုးဆောင်များရဲ့ ကူညီပံ့ပိုးမှုနဲ့ တိုင်းရင်းသားလက်နက်ကိုင်(၁၀)ဖွဲ့နှင့် အပစ်အခတ် ရပ်စဲဖို့ သဘောတူညီချက် လက်မှတ် ရေးထိုးခဲ့ပါတယ်။

ကမ္ဘာပေါ်မှာ ဘယ်တိုင်းပြည်မှာမဆို တစ်နှစ်ကျော်အတွင်းမှာ ဒီလိုမတူကွဲပြားခြားနားတဲ့ တိုင်းရင်းသားလက်နက်ကိုင် (၁၀)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲနိုင်တယ်ဆိုတာဟာ မရှိသေးပါဘူး။ ဒီအချက်ကိုထောက်ခြင်းအားဖြင့် လက်ရှိအစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုတွေဟာ ထာဝရတည်မြဲတဲ့ ငြိမ်းချမ်းရေးကို ရရှိလိုကြောင်း၊ ဆန္ဒရှိကြောင်း ဒါသက်သေ ပြတာ ဖြစ်ပါတယ်။ ဒီအထဲမှာ KIA တစ်ဖွဲ့ပဲ ကျန်ရှိနေပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ဖို့အတွက် ကျွန်တော်တို့က ယုံကြည်မှု တည်ဆောက်ဖို့ လိုပါတယ်။ ယုံကြည်မှုတည်ဆောက်ဖို့ အတွက်ဆိုရင် နှစ်ဦးနှစ်ဖက် တွေ့ဆုံမှုဟာ အရေးကြီးပါတယ်။ ဒီလို တွေ့ဆုံဆွေးနွေးနိုင်ဖို့ ဆိုရင် အပစ်အခတ် ရပ်စဲဖို့လည်း လိုပါတယ်။ ဒါကြောင့် KIO, KIA ဟာလည်း တခြားတိုင်းရင်းသားအဖွဲ့ (၁၀)ဖွဲ့နည်းတူပဲ အပစ်အခတ်ရပ်စဲခြင်းကို သဘောတူ လက်မှတ်ထိုးဖို့ လိုပါတယ်။

ဘယ်အကြောင်းကြောင့်ဖြစ်ဖြစ် ကျွန်တော်တို့ တိုက်ပွဲတွေ ဖြစ်တယ်။ စစ်ဖြစ်တယ်ဆိုရင် အဲဒီနောက်ကွယ်မှာ ဆိုးကျိုးများစွာ ရှိပါတယ်။ အသက်အိုးအိမ်စည်းစိမ်များစွာ

စတေး ရပါတယ်။ လွတ်လပ်ရေး ရပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီနေ့တိုင် ဖြစ်နေတဲ့ တိုက်ပွဲကြောင့် သေဆုံးသူဟာ များစွာရှိပါတယ်။ ဒုက္ခိတဖြစ်ပြီး လူစဉ်မမီတဲ့ လူသားပေါင်းများစွာလည်း ရှိပါတယ်။ တိုင်းပြည်ရဲ့ဘဏ္ဍာငွေသန်းပေါင်းများစွာ အလဟဿ ဖြုန်းတီးရာလည်း ရောက်ပါတယ်။ ဒီထက်မက များပြားတဲ့ ဆိုးကျိုးတွေကိုလည်း စစ်ဖြစ်တဲ့ နှစ်ဖက်စလုံးက ခံစားရပါတယ်။ ဒါကြောင့် ဒီဒုက္ခတွေမခံစားရအောင်၊ တိုက်ပွဲမဖြစ်အောင် ဒါKIO, KIA အဖွဲ့အနေနဲ့ တပ်မတော်နဲ့ အပစ်အခတ်ရပ်စဲ သဘောတူဖို့ လိုပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ အစိုးရနှင့် အပစ်အခတ်ရပ်စဲခြင်း လုပ်ထားတဲ့ အဖွဲ့(၁၀)ဖွဲ့မှာရှိတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ ငြိမ်းချမ်းရေးအရသာ စတင်ခံစားလာရပုံ များကို တင်ပြလိုပါတယ်။ ကျွန်တော်တို့လက်ရှိ အစိုးရလက်ထက်မှာ တိုင်းရင်းသား လက်နက်ကိုင်(၁၀)ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲဖို့ သဘောတူညီမှုတွေ လက်မှတ်ထိုး ပြီးတဲ့နောက် ဒီဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ စားဝတ်နေရေးကိစ္စ တွေဟာ သိသိသာသာ ကျွန်တော်တို့ တိုးတက်ပြောင်းလဲ လာခဲ့ပါတယ်။ ဥပမာအားဖြင့် အပစ်အခတ်ရပ်စဲထားတဲ့ နယ်မြေတွေမှာ ပြည်သူပြည်သားတွေဟာ လွတ်လပ်စွာ အကြောက် တရားမရှိ သွားလာနိုင်ပြီးတော့ စားဝတ်နေရေးကိစ္စတွေကို ဆောင်ရွက်လာနိုင် ကြပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတချို့ထံကနေပြီးတော့ အကူအညီတွေလည်း ရလာခဲ့ပါတယ်။ ဒီကချင်ပြည်နယ်မှာတော့ တိုက်ပွဲတွေဖြစ်နေတဲ့အတွက် ဒီအခွင့်အရေးတွေ၊ ဒီဟာတွေ မခံစားရပါဘူး။ ဒါကြောင့် တခြားပြည်နယ်များကဲ့သို့ အခွင့်အရေးတွေ ခံစားကြရအောင် ဆိုရင် ကချင်ပြည်နယ်မှာလည်း အလားတူ ဖြစ်လာဖို့အတွက် အပစ်အခတ်ရပ်စဲဖို့ လိုပါ တယ်။

မြန်မာ့တပ်မတော်နှင့် KIA အကြားဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကြောင့် အသက်ဘေး လွတ်ရာကို ထွက်ပြေးပုန်းရှောင်နေသူတွေရဲ့အရေးဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ အမျိုးသား အရေးပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဒုက္ခသည်တွေ စစ်ပုန်းစစ်ရှောင်တွေ နေရပ် ပြန်လာ ပြီးတော့ အစိုးရ၊ NGO၊ INGO၊ ပရဟိတ အဖွဲ့အစည်းတွေရဲ့ အကူအညီအထောက်အပံ့ တွေနဲ့ ပြန်လည်နေရာချထားဖို့ဆိုတာ တိုက်ပွဲတွေရပ်မှပဲ လုပ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်အနေနဲ့ ဒုက္ခသည်တွေ၊ စစ်ပုန်းစစ်ရှောင်တွေရဲ့ နေ့စဉ်နှင့်အမျှ

ခံစားနေရတဲ့ ဆင်းရဲဒုက္ခဒဏ်တွေ ကိုလည်း နားလည်စာနာပါတယ်။ ဒါကြောင့် ဇန်နဝါရီလ ၁၉ ရက်နေ့ မနက်(၆)နာရီကစပြီး လဂျားယန်ဒေသ နယ်မြေရှင်းလင်းရေးထိုးစစ်ဆင်မှု ရပ်ဆိုင်းကြောင်း ကြေညာခဲ့ပြီးလည်း ဖြစ်ပါတယ်။ အလားတူ နိုင်ငံတော်သမ္မတရုံးက မြန်မာ့တပ်မတော်ကို မိမိကိုယ်ကို ခုခံကာကွယ်စစ်ကလွဲပြီးတော့ ထိုးစစ်မပြုလုပ်ရန် ညွှန်ကြားထားတာနှင့်အညီ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ မြန်မာ့တပ်မတော်အနေဖြင့် လည်း ခုခံစစ်ကိုသာ ဆင်နွှဲနေခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒုက္ခသည်တွေ၊ စစ်ပုန်းစစ်ရှောင်တွေ နေရပ်ကို ပြန်လာပြီးတော့ လိုအပ်တဲ့ အကူအညီတွေကို အဖက်ဖက်က ပံ့ပိုးကူညီနိုင်ဖို့အတွက် ဒီ KIO, KIA အဖွဲ့ အနေနဲ့လည်း ကျွန်တော်တို့ တပ်မတော်ကို မနှောင့်ယှက်ဖို့၊ အရပ်သားတွေကို ဦးတည်တဲ့ ရထားလမ်းမိုင်းခွဲတာ၊ ရဲစခန်းတွေတိုက်ခိုက်တာ ဒီအဖျက်လုပ်ငန်းတွေကို မလုပ်ဖို့ ဒါတွေကို ကျွန်တော်တို့ လွှတ်တော်အနေနဲ့လည်း ဝိုင်းဝန်းတိုက်တွန်းပြီးတော့ ဒီအချက်ကိုလည်း KIO, KIA ဖက်က တစ်သွေမတိမ်း လိုက်နာမှသာလျှင် ဒီဒုက္ခသည်တွေအရေး၊ စစ်ပုန်းစစ်ရှောင်တွေ အရေးဟာ ဖြေရှင်းနိုင်မှာပဲ ဖြစ်ပါတယ်။

တိုင်းပြည်တိုးတက်ဖို့ဆိုရင် တည်ငြိမ်အေးချမ်းဖို့ လိုပါတယ်။ မငြိမ်းချမ်းရင် မတိုးတက်ပါဘူး။ ဒါကြောင့် အစိုးရအဆက်ဆက်ဟာ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့အခါမှာ မဖြစ်နိုင်တာ၊ မလိုက်လျောနိုင်တာတွေ၊ ကိုယ်လိုချင်တာတွေကို တစ်ဖက်သတ် ဇွတ်အတင်း ပြော၊ တောင်းဆိုရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ တကယ့်စိတ်ရင်းအမှန်နဲ့ တကယ် ငြိမ်းချမ်းရေးလိုချင်တဲ့ဆန္ဒအမှန်နဲ့ ဆွေးနွေးကြမှပဲ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်ဒေသ၊ ကိုယ့်နယ်မြေ ဖွံ့ဖြိုးတိုးတက်စေချင်ရင် အဲဒီဒေသက တည်ငြိမ်အေးချမ်းဖို့ လိုပါတယ်။ နယ်မြေဒေသ မတည်ငြိမ် မအေးချမ်းရင် ဖွံ့ဖြိုးရေးအတွက် ဘာမှ မလုပ်ပေး နိုင်ပါဘူး။ လုပ်ပေးလို့လည်း မရပါဘူး။ မလုပ်နိုင်တဲ့အတွက် အဲဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ပိုနောက်ကျလာပြီးတော့ တခြားဖွံ့ဖြိုးတဲ့ ဒေသတွေနဲ့ ပိုပြီးတော့ ကွာခြားလာကြပါတယ်။ ကြာလေ ကွာခြားမှုက ပိုဆိုးလာလေ ဖြစ်ပြီးတော့ ဒါတွေ မဖြစ်အောင် တည်ငြိမ်အေးချမ်းဖို့

အတွက် လက်နက်ကိုင် ဖြေရှင်းခြင်း မပြုဘဲ ငြိမ်းချမ်းစွာ ဆွေးနွေး အဖြေရှာရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ ဒီမိုကရေစီနိုင်ငံထူထောင်နေတဲ့ကာလမှာ ကိုယ့်ရဲ့ လိုအပ်ချက်၊ ကိုယ့်ရဲ့အမြင်ကို လွှတ်တော်မှာ ဆွေးနွေးညှိနှိုင်းအဖြေရှာရမယ့် အချိန်လည်း ဖြစ်ပါတယ်။ လက်နက်ကိုင် ဖြေရှင်းရမယ့် အချိန်လည်း မဟုတ်ပါဘူး။ ကျွန်တော် စောစောကပြောတဲ့ အတိုင်း တကယ့်စိတ်ရင်းအမှန်နဲ့ တကယ်ငြိမ်းချမ်းရေးလိုချင်တဲ့ ဆန္ဒအမှန်နဲ့ ဆွေးနွေးကြဖို့ လိုပါတယ်။ ဒီလိုဆွေးနွေးနိုင်ကြဖို့ ပထမဦးဆုံး အပစ်အခတ်ရပ်စဲဖို့ လိုအပ်တဲ့အတွက် KIO, KIA အဖွဲ့အနေနဲ့လည်း အပစ်အခတ် ရပ်စဲရေးကို ဦးစွာဆောင်ရွက်ဖို့ လိုအပ်ကြောင်း ပြောကြားရင်းနဲ့ ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ် ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ ရေလိုအေးပါစေလို့ ကျွန်မ ဆုတောင်းရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးခက်ထိန်နန် တင်သွင်းတဲ့ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသောအခြေခံမူများ ချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဦးခက်ထိန်နန် ရဲ့ အဆိုထဲမှာ အားလုံးပေါင်း သူက အရေးကြီးအဆိုအနေနဲ့ (၃)ခု အဆိုပြုထားတာကို ကျွန်မ တွေ့ရှိရပါတယ်။ (၁)က တော့ နိုင်ငံတော်အဆင့်အမိအဖများ၊ ပြည်ထောင်စုလွှတ်တော်မှ အားကိုးအားထား ထိုက်သူများ၊ လူထုမှ တိုင်းရင်းသားခေါင်းဆောင်ကြီးများ ပါဝင်သော ငြိမ်းချမ်းရေး

အကျိုးဆောင်အဖွဲ့ ဆောင်ရွက်ပေးရေး ဖွဲ့စည်းဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းဆိုသော အရေးကြီးတဲ့အဆိုကို နံပါတ်(၁)အဖြစ် သူက တင်ထားပါတယ်။ နောက်တစ်ခါကျတော့ အဲဒီအဖွဲ့နဲ့ ပြည်ထောင်စုလွှတ်တော်က ပါဝင်လက်တွဲ ကူညီဆောင်ရွက်ရန် လွှတ်တော်သို့ တင်ပြခြင်းဆိုတဲ့အဆို နံပါတ်(၁)သူက တင်ပြထားပါတယ်။

နောက်တစ်ခုက ကချင်ပြည်နယ် မြန်မာ့တပ်မတော်နှင့် KIA နှစ်ဖက်တပ်များ တိုက်ပွဲရပ်စဲရေးဆိုသော အရေးကြီးအဆိုကို နံပါတ်(၂) သူက အဆို တင်သွင်းထားပါတယ်။ နောက်တစ်ခါနံပါတ်(၃)မှာကျတော့ လွှတ်တော်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ စစ်ရှောင်ဒုက္ခသည်များအတွက် အတတ်နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရန်ဆိုတဲ့ အရေးကြီးအဆို (၃)ခုကို တင်သွင်းထားတာ တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ပြည်သူက ရွေးချယ်ခန့်အပ် လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဆိုလို့ရှိရင် ကျွန်မတို့က လွှတ်တော်ထဲကို စပြီး ကျွန်မတို့ တာဝန်ထမ်းဆောင်ဖို့ ရောက်တယ်ဆိုကတည်းက ကျွန်မတို့က နိုင်ငံတော်နဲ့ နိုင်ငံသားတွေအပေါ်မှာ ဆောင်ရွက်ပေးရမယ့် တာဝန်တွေအတွက် ကျွန်မတို့ ကတိသစ္စာတွေ ပြုကြရပါတယ်။ အဲဒီအခါမှာ ကျွန်မတို့က ဘာတွေပါလဲဆိုတော့ ဒါဒီအခု ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်မှာ ကျွန်မတို့က သစ္စာ စောင့်သိရိုသေ ရပါမယ်ဆိုတာ အဲဒါ ပါပါတယ်။ အဲဒီမှာဆိုလို့ရှိရင် နိုင်ငံတော်ကတော့ ထားလိုက်တော့ နိုင်ငံသားဆိုတဲ့နေရာမှာ ကျွန်မ ဒါလေးတစ်ခုကို နည်းနည်း တင်ပြချင် ပါတယ်။

နိုင်ငံသားဆိုတဲ့နေရာမှာ ကျွန်မတို့ အခု သန်း(၆၀)ဆိုလို့ရှိရင်လည်း (၆၀)ထဲမှာ ပါတဲ့ အားလုံးပဲ။ နောက်(၆၀)ကျော်ဆိုလည်း (၆၀)ကျော်ထဲမှာပါတဲ့ အားလုံးပဲ အလွှာ အသီးသီး၊ အနိမ့်အမြင့်၊ အဆင့်အတန်း၊ အယုတ်အလတ်၊ အမြတ်မရွေး အားလုံးပါပါတယ်။ အဲဒီအထဲမှာ ရဟန်းသံဃာတွေလည်း ပါမှာဖြစ်သလို၊ တပ်မတော်လည်း ပါပါတယ်။ နောက်တစ်ခါကျတော့ တောင်သူလယ်သမားလည်း ပါပါတယ်။ နောက်တစ်ခါကျတော့ အလုပ်သမားလည်းပါပါတယ်။ အားလုံး အမျိုးသမီး၊ အမျိုးသား ရှိရှိသမျှဟာ နိုင်ငံသား ဆိုတဲ့အထဲမှာ ပါပါတယ်။ အဲဒီ ဟာတွေအားလုံးဟာ ကျွန်မတို့ ပြည်သူက ယုံကြည်လို့ ရွေးချယ်ပြီးတော့ ဒီလွှတ်တော်ထဲကို ကျွန်မတို့တာဝန် ဆောင်ရွက်ဖို့ ပို့ပေးလိုက်တဲ့

ပြည်သူများရဲ့တာဝန်ကို ကျေပွန်တဲ့အနေနဲ့ အဲဒီ အားလုံးအပေါ်မှာ ကျွန်မတို့ သစ္စာစောင့်သိကြရမယ်။ ရိုသေကြရမှာ ဖြစ်ပါတယ်။

အဲဒီမှာ ကျွန်မ ခါတိုင်းတော့ ကျွန်မ ပုဒ်မတွေကို ဒီအတိုင်းရွတ်သွားပေမယ့် ဒီတစ်ခါတော့ ကျွန်မ အဲဒီပုဒ်မတွေကို အသေအချာ ဖတ်ပြချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့က ဒီဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမှာ ဖြစ်သလို အခြားသောဥပဒေများကိုလည်း လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ ဒီဟာတွေ တည်ရှိနေသ၍၊ ဒီဟာတွေကို မဖျက်သိမ်းသ၍၊ နောက်ထပ် ထပ်ပြီး ပြင်ဆင်တာတွေ ဘာတွေ မလုပ်သေးသ၍ ဒီဥပဒေတွေကို လိုက်နာရမှာဖြစ်တဲ့အတွက် ကျွန်မတို့တာဝန် အနေနဲ့ ကျွန်မတို့ ဒါကို လိုက်ကို လိုက်နာရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(ဂ)မှာ ကျွန်မတို့ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည် လို့ ဒါဒီမှာ ပြဋ္ဌာန်းချက်ပါပါတယ်။ ဒါကတော့ ၂၁ ပါ။ နောက်တစ်ခုကတော့ ခါတိုင်း ဒီဟာကို ကျွန်မ ညွှန်းခဲ့ပါတယ်။ ဒီတစ်ခါတော့ ဒါလေးကို ကျွန်မ အလေးအနက် ထားပြီးတော့ ဒါလေးကို ကျွန်မ ဒီပြဋ္ဌာန်းချက်လေးကို ရည်ညွှန်းကိုးကားပြီးတော့ ဆွေးနွေးချင်ပါတယ်။ ဘာလဲဆိုတော့ ပုဒ်မ ၃၅၃ မှာ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှ တစ်ပါးအသက်ကို ဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကို ဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရဆိုတာ ဒါကတော့ ကျွန်မ အခုဖြစ်နေတဲ့စစ်ပွဲနဲ့ ပတ်သက်ပြီးတဲ့အခါကျတော့ ဒါဒီဥပဒေနဲ့အညီ မဖြစ်တာ လေးကို ကျွန်မ ဒါ စဉ်းစားမိလို့ ဒီဟာကို ရည်ညွှန်းတာ ဖြစ်ပါတယ်။

နောက်တစ်ခုကကျတော့ ကျွန်မ ပုဒ်မ ၃၈၇ မှာ ဒါ အမြဲတမ်း ပြောတိုင်း ပြောတိုင်းမှာ ဒီပုဒ်မကို၊ ဒီပုဒ်မရဲ့ ပြဋ္ဌာန်းချက်လေးကို အမြဲ ရည်ညွှန်းကိုးကားပါတယ်။ ဒါကတော့ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့ အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရန် တာဝန်ရှိသည်လို့ ပါ ပါတယ်။ အဲဒီအထဲမှာ။ အဲဒီတော့ ပြည်သူကရွေးချယ်ပြီး ခန့်အပ်လိုက်တဲ့ ကျွန်မတို့ ကိုယ်စားလှယ်တွေသည် ဒီတာဝန်တွေရှိတယ်။ ဒီတာဝန်တွေအပြင်ကိုပဲ ကျွန်မတို့က နိုင်ငံသားဖြစ်တဲ့အတွက်လည်း

နိုင်ငံသားတစ်ယောက်အနေနဲ့လည်း ဒါကို ကျွန်မတို့က လေးစားလိုက်နာပြီးတော့ ဆောင်ရွက်ကြရမှာဖြစ်တယ်။

နောက်တစ်ခါကျတော့ ၃၉၀ သည် ဒီထဲမှာပါတာတော့ (၄)ခုလုံးပါတယ်။ သို့သော်လည်း စစ်ပွဲရဲ့အနိဋ္ဌာရုံတွေအရ၊ ဆိုးကျိုးတွေအရ ဒါတွေဟာ အကုန်လုံး ပါချင်လည်း ပါသွားနိုင်တယ်။ မပါချင်လည်း မပါဘူး။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည်။ ဒါက နိုင်ငံသားတွေရဲ့တာဝန်ပါ။ (၁)က အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း (၂) က သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (၃)က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊ (၄)ကတော့ အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ဆိုတဲ့ (၄)ခုမှာ ကျွန်မ ထင်တယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်းနဲ့ အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုတာမှာ ဒီစစ်ပွဲတွေရဲ့ ဆိုးကျိုးနဲ့ အနိဋ္ဌာရုံတွေကြောင့် ဒါတွေကို ကျွန်မတို့က ဒါ ထိန်းသိမ်းစောင့်ရှောက်မှု ကင်းမဲ့တယ်ဆိုတာကို ဒါပြတာဖြစ်ပါတယ်။

နောက် ဒါကတော့ ဆိုးကျိုးတွေပါ။ အဲဒါကျတော့ ကျွန်မ အခုပြောချင်တာက ဘာလဲဆိုတော့ ဦးခက်ထိန်နန် ရဲ့ တင်သွင်းထားတဲ့အဆို (၃)ခုထဲက ကျွန်မ ပထမဆုံးဆွေးနွေးချင်တာက ကချင်ပြည်နယ် မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်နဲ့ KIA နှစ်ဖက်တပ်များ တိုက်ပွဲရပ်စဲရေးဆိုသော အဆိုကို ကျွန်မ ဆွေးနွေးချင်ပါတယ်။ အဲဒါကတော့ ဘာလဲဆိုတဲ့အခါကျတော့ အကျိုးတရား၊ အကြောင်းတရား ဆိုတာ တစ်ခုနဲ့ တစ်ခု အညမညဆက်စပ်နေတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ စစ်ပွဲတစ်ခု ဖြစ်တယ်။ မကျေနပ်လို့ တစ်ခုခုလုပ်တယ်ဆိုရင် ဒါအကြောင်းရှိရပါမယ်။ အဲဒီအကြောင်းက ဘာလဲဆိုတာကို ဒါဆောင်ရွက်တဲ့လူတွေက သိဖို့ လိုအပ်သလို တစ်ဖက်ကလည်း သိဖို့ လိုအပ်ပါတယ်။

အဲဒီမှာ ကျွန်မတို့ အခု လောလောဆယ် ကျွန်မတို့နိုင်ငံရဲ့ သွားနေတဲ့လမ်းကြောင်းက ဘာလဲဆိုတော့ ဒီ ကျွန်မ အမြဲတမ်းပြောတာ ထောင်စုနှစ်တို့၊ အာဆီယံတို့ ကျွန်မတို့ နိုင်ငံတော်ရဲ့တကယ့်အရေးတကြီး ရည်မှန်းချက်ပန်းတိုင်တွေကလည်း ဆင်းရဲ

နွမ်းပါးမှုလျှော့ချရေးတို့၊ နောက် အလုပ်လက်မဲ့ပပျောက်ရေးတို့၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးတို့ အဲဒီအချက်တွေအပြင် ကျွန်မတို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နောက်ပြီးတော့ ပြည်ထောင်စု မပြိုကွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာတည်ငြိမ် အေးချမ်းရေး အဲဒါတွေကိုလည်း ကျွန်မတို့က အလေးအနက်ထားပြီးတော့ ဆောင်ရွက်နေတဲ့ အချိန် ဖြစ်ပါတယ်။

အဲဒီတော့ ဒီစစ်ပွဲဖြစ်နေခြင်းအားဖြင့် ကျွန်မတို့ ဒါတွေ အကုန်လုံး၊ ရည်မှန်းချက် တွေ၊ ရည်ရွယ်ချက်တွေ နောက်ပြီးတော့ လုပ်ငန်းစဥ်တွေ၊ ဦးတည်ချက်တွေအားလုံးဟာ ရှေ့ကို မတိုးနိုင်ဘဲနဲ့ အဲဒီနေရာ၊ အဲဒီဒေသအတွက်ကတော့ အကုန်လုံးဆုံးရှုံးပျောက်ကွယ် နေသလို အဲဒီလို ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း တစ်ဖက်နဲ့ တစ်ဖက်၊ တစ်ဖက် ကလည်း လိုချင်တာကို ညှိနှိုင်း မတောင်းဆိုဘဲနဲ့ ဖောက်ခွဲဖျက်ဆီး တိုက်ခိုက်နေရုံနဲ့ ပြီးမှာမဟုတ်သလိုဘဲ၊ တစ်ဖက်ကလည်း ခုခံကာကွယ်ပြီး အသက်စွန့်နေရုံနဲ့လည်းပြီးမှာ မဟုတ်ဘူးလို့ ကျွန်မကတော့ အဲဒီလိုပဲ ထင်ပါတယ်။

အဲဒီတော့ အရေးအကြီးဆုံးက အဲဒီနှစ်ခုအပြင်မှာ အရေးအကြီးဆုံးကတော့ အသက်၊ အိုးအိမ်စည်းစိမ်ကို ကာကွယ်တဲ့အနေနဲ့ ဦးတည်ရာမဲ့ တစ်ခါတည်း ရှောင်နေကြတဲ့ စစ်ရှောင်ဒုက္ခသည်တွေ၊ စစ်ဘေးဒုက္ခသည်တွေ အဲဒီဟာတွေအတွက် ကျွန်မတို့က နိုင်ငံတော်ကရော၊ နိုင်ငံသားတွေကရော၊ သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးကရော၊ ဥပမာ KIA ဆိုရင်လည်း KIA ကရော၊ နောက်တစ်ခါကျတော့ ကျွန်မတို့ မြန်မာ့တပ်မတော် ကရော အကုန်လုံးအသီးသီး အင်မတန် သနားစရာကောင်းတဲ့ ဒုက္ခသည် တွေအတွက် ဒါ ပြည်သူလူထုအတွက် ကျွန်မတို့ကဒါကို ငဲ့ကွက်ပြီးတဲ့အခါကျတော့ ဒီစစ်ပွဲကို ရပ်သင့်တဲ့ အခါ ဖြစ်ပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ညှိနှိုင်းပြီးတော့ ဒါကို ရပ်သင့်တယ်လို့ ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်။

နောက်တစ်ခါကျတော့လည်း အခု စစ်ပွဲဖြစ်တဲ့အခါမှာ အသက်အိုးအိမ် စည်းစိမ် တွေ ဆုံးရှုံးကြတဲ့အခါ၊ ထွက်ပြေးကြတဲ့အခါမှာ တစ်ဖက်က ပြည်သူလူထု၊ ဒါပြည်သူ့ ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်အရ တပ်မတော်ရဲ့ နစ်နာချက်တွေ၊ တစ်ဖက်ကလည်း နစ်နာချက်တွေ အားလုံးအထွေထွေကို သိတဲ့အခါမှာ ကျွန်မ အင်မတန် စိတ်ထိခိုက်

ကြေကွဲပါတယ်။ ဘာလို့လည်းဆိုတော့ ကျွန်မတို့ အရင်တုန်းက ဒီမှာ အခုထိုင်နေရင်းနဲ့ ဖတ်ကြည့်လိုက်တဲ့ အခါကျတော့ ဟိုအရင်တုန်းက ၁၈၅၂ ခုနှစ်မှာ ပဲခူးကို သိမ်းတဲ့အခါမှာ ဒီက လော့ဒ်ဒါလ်ဟိုဇီ က သူက ကျွန်မတို့ မြန်မာကို အောက်ပါအတိုင်း ကြိမ်းဝါးခြိမ်းခြောက်လိုက်သည်ဆိုပြီးတော့ စာလေးတစ်ခု ကျွန်မ ဖတ်လိုက်ရတယ်။ မြန်မာတို့သည် ရှေ့အဖို့တွင် ဤကဲ့သို့ ငါတို့အား ထပ်မံကျူးကျော် စော်ကားလာပါက ငါတို့သည် မြန်မာတို့၏ တိုင်းပြည်တစ်ခုလုံး သိမ်းကျုံးအုပ်ချုပ်မည့်အပြင် ဘုရင်နှင့်လူမျိုးပါ ပြုတ်ပြုတ်ပြုန်း၍ ပျက်စီးရစေလိမ့်မည်ဖြစ်ကြောင်းဆိုပြီးတော့ ကျွန်မတို့ရဲ့ တိုင်းပြည်ထဲမှာ ဝင်လာတယ်၊ ကျွန်မတို့ တိုင်းပြည်ကို တိုက်ခိုက်တယ်၊ ကျွန်မတို့ တိုင်းပြည်ကို သိမ်းပိုက်တယ်။

ဒါပေမဲ့ သူတို့ကပဲ ပြန်ပြီးတော့ ဒီလို သူတို့ကို စော်ကားလာရင်ဆိုတဲ့ စကားလုံးအသုံးအနှုန်းကို ကျွန်မ တွေ့လိုက်တာ ဖြစ်ပါတယ်။ အဲဒီကျတော့ အခု အေးချမ်းချင်တယ်။ ငြိမ်းချမ်းရေး လိုချင်တယ်။ ဖွံ့ဖြိုးတိုးတက်ရေး လိုချင်တယ်။ ဒါပေမဲ့ သစ်ပင်စိုက်ပြီးတော့ အဲဒီသစ်ပင်ကို ရေအေးမလောင်းဘဲနဲ့ ရေအပူနဲ့ လောင်းရင်၊ ရေနွေးနဲ့လောင်းရင် ဘယ်လိုမှ အဲဒီသစ်ပင်ရဲ့ အသီးအပွင့်ကိုလည်းကျွန်မတို့က မြင်ရမှာလည်း မဟုတ်ဘူး။ စားရမှာလည်း မဟုတ်ဘူး။ အဲဒီတော့ကာ အခုစစ်ပွဲတွေ ဖြစ်နေခြင်းအားဖြင့် ဒီစစ်ပွဲတွေဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ၊ နောက် မိမိရဲ့ဘဝလုံခြုံမှုတွေ နောက် တစ်ဖက် အကုန်လုံးရှိရှိသမျှ ကျွန်မတို့ရဲ့ သမိုင်းအစဉ်အလာနဲ့ ကျွန်မတို့ တိုင်းပြည်ရဲ့ ရန်စူးရန်ညှော်တွေနဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်နေတဲ့ တပ်မတော်တွေ၊ အဲဒီ တပ်မတော်သားတွေ၊ တပ်မတော်သားတွေရဲ့ နောက်မှာလည်း သူတို့ရဲ့ မိသားစုတွေ၊ သက်ဆိုင်ရာတွေ အကုန်လုံးရှိသလို ပြည်သူလူထုဖက်မှာလည်း အဲဒီလိုမျိုး နှလုံးထိခိုက်ကြေကွဲစရာကောင်းတဲ့ ဆုံးရှုံးမှုတွေ၊ နစ်နာမှုတွေ အများကြီး ရှိတယ်။ အဲဒီတော့ နှစ်ဦးနှစ်ဖက်မှာ ဒီလောက် နာနေတဲ့ ဖြစ်စဉ်ကြီးကို ဒါ ငြိမ်းချမ်းသွားအောင်လို့ လုပ်ဖို့တော့ လိုအပ်ပြီလို့ ကျွန်မက ဒီ လွှတ်တော်ကနေပြီးတော့ မေတ္တာရပ်ခံချင်ပါတယ်။

ဒါကတော့ ဦးခက်ထိန်နန် ရဲ့ စစ်ပွဲရပ်ဆိုင်းဖို့ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်မ ဆွေးနွေးတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဦးခက်ထိန်နန် တင်သွင်းထားတဲ့

အထဲကနေပြီးတော့မှ ဒီမှာလွှတ်တော်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ စစ်ရှောင် ဒုက္ခသည်များအတွက် အတတ်နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရန်ဆိုသော အရေးကြီး အဆိုကို ကျွန်မက ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီဟာကလည်း ကျွန်မတို့ ကြားဘူးထားပြီးသားပါ။ အမိ မရှိတဲ့ သား တိုင်မှီတယ်တဲ့၊ နောက် အမိမဲ့ သား ရေနည်းငါး ဆိုတဲ့ စကားပုံတွေ ရှိပါတယ်။

အခုလိုကျတော့ ကူညီရာမဲ့၊ ကူရာမဲ့ ဒုက္ခရောက်ပြီးတဲ့အခါကျမှ စစ်ဘေး စစ်ဒဏ်ကနေ ပြေးလွှား ရှောင်ပုန်းနေတဲ့ စစ်ရှောင်ဒုက္ခသည်တွေ ရှိတဲ့နေရာကို တကယ်လို့ ဖြစ်နိုင်တယ်ဆိုလို့ရှိရင်ကတော့ ဒါဟာ လုံခြုံရေးကအစ၊ အခြေအနေကအစ အကုန်လုံး ဖြစ်နိုင်မယ်ဆိုလို့ရှိရင် ကျွန်မ ဒါသွားရောက်ပြီးတဲ့အခါကျတော့ ကိုယ်တိုင်ကိုယ်ကျ သွားပြီးတော့ နိုင်ငံတော်အကြီးအကဲများထဲက သင့်တင့်တဲ့လူတွေ သွားပြီးတော့ အားပေး စေချင်ပါတယ်။ တွေ့ပြီးတဲ့အခါကျတော့ အားပေးစကားလေး ပြောစေချင်ပါတယ်။ အဲဒါ ကလည်း ဘာလဲဆိုတော့ ဟိုတလောဆီတုန်းက ရခိုင်ပြည်နယ်အရေးမှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အဖွဲ့က သွားပြီးတော့ ကြည့်တယ်။ အားပေးတယ်ဆိုတာ ဘာညာလည်း ကျွန်မ ကြားလိုက်ပါတယ်။ ကြားပြီးတော့ အခုလည်း တကယ်လို့များ ဒီနိုင်ငံ့အကြီးအကဲထဲကနေ သွားပြီးတော့ အားပေးမယ်ဆိုရင် ကျွန်မ ထင်ပါတယ်။ အဲဒီရဲ့အကျိုးသည် ဆိုးကျိုးမဖြစ်ဘဲ နဲ့ ကောင်းကျိုးရလဒ်ကိုပဲ ဆောင်ကျဉ်းလာမယ့် ဆောင်ရွက်ချက်တစ်ခုလို့ ကျွန်မအဲဒီလိုပဲ ယုံတဲ့အပြင် တစ်စုံတစ်ရာ ဘေးအန္တရာယ်လည်း မရှိလောက်ဘူးလို့ အဲဒီလိုပဲ ကျွန်မ စိတ်ထဲမှာ ယုံကြည်နေပါတယ်။ အဲဒါကြောင့်မို့လို့ ဒါဖြစ်သင့် တယ်လို့ ကျွန်မက ဆွေးနွေး တင်ပြလိုပါတယ်။

နိုင်ငံ့အကြီးအကဲများရဲ့ ကိုယ်တိုင်ကိုယ်ကျအားပေးတဲ့စကား နောက်တစ်ခါ စကားတစ်ခွန်းပဲ ကြားပါစေ၊ နောက်တစ်ခါ ပြုံးနေတဲ့ မျက်နှာကို ခဏလေးပဲ မြင်ရပါစေ၊ နောက်တစ်ခါကျတော့ အေးချမ်းတဲ့မေတ္တာ ရဲ့ အရိပ်အယောင်ကို တွေ့ရတာနဲ့တင် ဝေဒနာ တွေဟာ ဒုက္ခခံစားနေရသည့်တိုင် အဲဒီစိတ်ထဲမှာ ခံစားနေရတဲ့ ခံစားချက်တွေ လျော့နည်း ပပျောက်ပြီးတော့ အားရှိသွားမှာ အသေအချာပဲလို့ တင်ပြဆွေးနွေးလိုပါတယ်။ အဲဒါ ကာယသုခကို ချက်ချင်းမပေးနိုင်သည့်တိုင် စိတ္တသုခကိုတော့ အဲဒီအချိန်မှာ ပေးနိုင်မှာ

အမှန်ပဲလို့ ကျွန်မ တင်ပြရင်းနဲ့ ဒါက ဘာလဲဆိုတော့ လွှတ်တော်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ စစ်ရှောင်ဒုက္ခသည်များအတွက် အတတ်နိုင်ဆုံးပံ့ပိုးကူညီရန် ဆိုသောအခါမှာ ရုပ်ဝတ္ထုများအပြင်ကို သူတို့ရဲ့ စိတ်အေးချမ်းသွားဖို့အတွက် အားပေး နှစ်သိမ့် သင့်တယ်ဆိုတာကို ကျွန်မ ထောက်ခံပြီးတော့ ဒါကို ဆွေးနွေးချင်ပါတယ်။

နောက်နံပါတ်(၃)ကတော့ နိုင်ငံတော်အဆင့် အမိအဖများ၊ ပြည်ထောင်စုလွှတ်တော်မှ အားကိုးအားထားထိုက်သူများ ပါဝင်တဲ့အဖွဲ့တစ်ဖွဲ့ သူက ဖွဲ့ပေးဖို့ ဒီမှာတောင်းဆိုထားပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း ဆွေးနွေးချင်ပါတယ်။ အဲဒါကတော့ အများကြီးပဲ ဒီက ကိုယ်စားလှယ်များလည်း တင်ပြပြီးတော့၊ ဆွေးနွေးပြီးတော့ အကြံတွေ ဘာတွေ ပြုသွားပါတယ်။ အဲဒီတော့ ကျွန်မကလည်း အဲဒါနဲ့ပတ်သက်လို့ အဲဒီအဖွဲ့နဲ့ပတ်သက်လို့ အခုအချိန်ဟာ အစောကပြောသလို တစ်ဖက်နဲ့တစ်ဖက်အပြစ်တွေ မတင်ဘဲနဲ့ နောက်ပြီးတော့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့အားလုံး အေးချမ်းသာယာရေးကို ဦးတည်ပြီးတော့ နိုင်ငံတော်ရဲ့ အခုလက်ရှိရှိနေတဲ့ ဦးတည်ချက်တွေလည်း အကောင်အထည်ပေါ်သွား အောင် ကျွန်မတို့ နိုင်ငံကြီးက အင်မတန်ကောင်းတဲ့ အရှိန်အဟုန်နဲ့ အခုအချိန်မှာ ဖွံ့ဖြိုးတိုးတက်မှုကိုအားယူပြီးတော့ ချီတက်နေတဲ့အချိန်၊ ကမ္ဘာကလည်းသိတယ်၊ မြန်မာလည်း သိတယ်၊ အကုန်သိတယ်။ အဲဒီအချိန်မှာ ဒီကိစ္စလေးကို ဖြေရှင်းလိုက်ခြင်းအားဖြင့် အေးချမ်းမှုကို ရခြင်းအားဖြင့် ဒါဟာအလုံးစုံ၊ ပြီးပြည့်စုံတဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံရဲ့ အသီးအပွင့်ကို ခံစားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအတွက် နိုင်ငံတော်ကလည်း ငြိမ်းချမ်းရေးအတွက်ကို ဆောင်ရွက်နေတယ်ဆိုတာ ကျွန်မတို့ သိပါတယ်။

သို့သော်လည်း အခု ဦးခက်ထိန်နန် တင်ပြထားတဲ့အတိုင်းပဲ သူ့ရဲ့တင်ပြချက်အရ ကျွန်မတို့ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီးတဲ့အခါကျတော့ ဆောင်ရွက်ပေးဖို့ ကျွန်မကလည်း ထောက်ခံပြီးတော့ တင်ပြအပ်ပါတယ်။ အဲဒီမှာ ဘာလဲဆိုတဲ့အခါကျတော့ ဒီလိုကိစ္စတွေမှာ တစ်ဦးနဲ့ တစ်ဦးယုံကြည်ဖို့ အခြေခံအားဖြင့် ယုံကြည်ဖို့ လိုအပ်တာရှိပါတယ်။ အဲဒီတော့ ယုံကြည်ဖို့ လိုအပ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ KIA၊ KIO ကလည်း ယုံကြည်ပြီးတော့ အဲဒီပုဂ္ဂိုလ်ဟာ၊ KIO ကလည်း ယုံကြည်ပြီးတော့၊ တပ်မတော်ကလည်း ယုံကြည်မယ့်၊

ဒီဖက်ကလည်း ယုံကြည်မယ့်ပုဂ္ဂိုလ်တစ်ဦး ပါဝင်စေချင်ပါတယ်။ ဒါဟာ ကျွန်မရဲ့ ဆန္ဒပြုချက်တွေပါ။

နောက်တစ်ခါကတော့ တိုင်းပြည်နဲ့လူမျိုးအပေါ်မှာ အထင်မသေးဘဲနဲ့ တန်ဖိုးထားသစ္စာရှိတဲ့ လူတစ်ဦးလည်း၊ ပုဂ္ဂိုလ်လည်းပါဝင်ဖို့ ဆန္ဒပြုပါတယ်။ နောက်တစ်ခါကျတော့ ဥပဒေ၊ နည်းဥပဒေကို ကျွမ်းကျင်တဲ့အပြင် မြန်မာနိုင်ငံသမိုင်း ကြောင်း စေ့ငှသေချာစွာသိရှိပြီး ဘဝအတွေ့အကြုံလည်း ရင့်ကျက်ပြီးနောက် ငြိမ်းချမ်းရေး Process ကိုလည်းနားလည်ပြီးတော့ ဆောင်ရွက်နိုင်တဲ့သူလည်း ပါဝင် စေချင်ပါတယ်။

နောက်တစ်ခါကျတော့ တပ်မတော်ကနေပြီးတော့ ယခုဖြစ်စဉ်ကို အစကအဆုံးသိရှိနားလည်ပြီး ကာကွယ်ရေးမှ တာဝန်ရှိသူတစ်ဦးလည်း ပါဝင်စေချင်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ နိုင်ငံတော်က သင့်တင့်မယ်လို့ထင်တဲ့ ပုဂ္ဂိုလ်များကို ထည့်သွင်းပြီးသကာလ ဒီအနိဋ္ဌာရုံဖြစ်တဲ့ စစ်ပွဲကို ပြည်သူတွေဘဝ လုံခြုံအေးချမ်းစေဖို့အတွက်၊ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကျွန်မတို့အားလုံး ဘက်စုံကနေပြီးတော့ အကျိုးတရားများ၊ ကောင်းသောရလဒ်များ ဖြစ်လာဖို့အတွက် ဒီအဖွဲ့တစ်ဖွဲ့ကို ဖွဲ့ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်တော့ အင်မတန် လျော်ကန်သင့်မြတ်မယ်လို့ ကျွန်မ ဦးခက်ထိန်နန် ရဲ့ အရေးကြီးအဆို (၃)ခုစလုံးကို တင်ပြဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ**။ ။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၄၀။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူး

ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်၍ ထာဝရ ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသော အခြေခံမူများ ချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနဲ့ ပတ်သက်လို့ မဆွေးနွေးမီမှာ အလျဉ်းသင့်လို့ ကျွန်တော် အနည်းငယ် တင်ပြဆွေးနွေး လိုပါတယ်။ ဘာကြောင့်လည်းဆိုရင် ဒီလို လွတ်လပ်ရေးရပြီး တိုင်းရင်းသားများနဲ့ ပြည်တွင်းစစ်မီး ဖြစ်လာရတာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်တစ်ချက်ပေါ် အရင်းခံပြီး နှစ်ပေါင်း(၅၀)နီးပါး အမိန့်ပေးစနစ်၊ ဗဟိုချုပ်ကိုင်မှုစနစ် တင်းကျပ်စွာဖြင့် အုပ်ချုပ်တဲ့စနစ် လမ်းကြောင်းပေါ်သို့ ဦးတည်ခဲ့ပြီး ဒီမိုကရေစီ ဆိပ်သုဥ်းပျောက်ကွယ်ခဲ့ရတယ်လို့ ကျွန်တော် သုံးသပ်ပါတယ်။ ယခုဆိုရင် ပြည်သူများ ရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များမှ  ဒီမိုကရေစီကျင့်စဥ်နဲ့အညီ နိုင်ငံတော်သမ္မတကြီးရဲ့ ဦးဆောင်မှုနဲ့ တိုင်းပြည်ကို ပြုပြင်ပြောင်းလဲရေး များစွာကြိုးပမ်းဆောင်ရွက်နေတာကို တွေ့နေရပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်လွတ်လပ်ရေးအတွက် အင်္ဂလိပ်တပ်မတော်က နေပြီးတော့မှ နုတ်ထွက်လာပြီး တို့ဗမာအစည်းအရုံးနဲ့ ဆက်သွယ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တစ်သဘောထဲ  လက်တွဲကာ ကျွန်တော်တို့ ချင်းတိုင်းရင်းသားများရဲ့ နိုင်ငံရေးစိတ်ဓာတ်နိုးကြားလာအောင် ဦးဆောင်စည်းရုံးပေးခဲ့တဲ့ ကျွန်တော့်ရဲ့ ဘကြီး သတိုးမဟာသရေစည်သူဘွဲ့ရတဲ့ ဦးအောင်းဝ်တမောင်း ဟာ မြန်မာ့လွတ်လပ်ရေးသမိုင်းမှာ ထင်ရှားခဲ့ပါတယ်။ ညီဖြစ်သူ တပ်ရင်းမှူး ဗိုလ်မှူးဝမ်းမ်သူးဟာရှိန်း ဟာလည်း လွတ်လပ်ရေး မရမီ တပ်မတော်နဲ့ လွတ်လပ်ရေးရပြီး ပြည်စောင့်ရဲတပ်ရင်းမှာ တပ်ရင်းမှူးဘဝနဲ့ ပခုက္ကူ အနောက်ခြမ်း ချင်းတောင်တန်းဒေသ၊ ယောနယ်ဒေသ လုံခြုံရေးတာဝန်ခံအဖြစ် ပြည်တွင်း ကွန်မြူနစ်များအား အမြစ်ပြတ်အောင် ချေမှုန်းနိုင်ခဲ့၍ နိုင်ငံတော်သမ္မတရဲ့ ရဲမှုထမ်းကောင်း ပထမတန်း ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံရတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော့်ရဲ့ ဖခင် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ လေ့လာ သုံးသပ်မယ်ဆိုရင် သမိုင်းကြောင်းကို အမြဲ ကျွန်တော်တို့ကို သွန်သင်နေတဲ့အတွက်ကြောင့်မို့ လွတ်လပ်ရေး

မရမီနဲ့ လွတ်လပ်ရေးရပြီး မြန်မာ့သမိုင်းကြောင်းကို ကျွန်တော် ငယ်ငယ်ကတည်းက အထိုက်အလျောက် လေ့လာသိရှိခဲ့ရပါတယ်။ ဒါပေမဲ့ မနေ့က ကျွန်တော်တို့ မင်းတပ်မြို့နယ် မှာ မော်ကွန်းဝင်ပထမအဆင့် (၁၂)ဦး၊ ဒုတိယဆင့် (၂၃)ဦး၊ တတိယဆင့်(၃၄၂)ဦးထိ ရှိနေတာဟာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ဖက်ဆစ်တော်လှန်ရေးမှာ ကျွန်တော်တို့ ချင်းတိုင်းရင်းသား လူမျိုးတွေ ဘယ်လောက်အတိုင်းအတာအထိ ပါဝင်ခဲ့ တယ်ဆိုတာ သက်သေပြနေတာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါပေမဲ့ မနေ့က ဦးမောင်စောဖြူ နဲ့ ဦးအုန်းတင် တို့ သမိုင်းကြောင်းကို အသေးစိတ် ဆွေးနွေးသွားပြီးဖြစ်တဲ့ အတွက်ကြောင့် အချိန်ကိုလေးစားသောအားဖြင့် ကျွန်တော် မဆွေးနွေးတော့ပါဘူး။ ဦးခက်ထိန်နန် ရဲ့ အဆိုကို ကျွန်တော့်အမြင်အတိုင်း ရိုးသားစွာ ခြုံငုံသုံးသပ် အကြံပြု ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ ရရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး မကြာမီမှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ KNU တို့ဟာ တောခိုပြီး၊ နိုင်ငံတော်မှာ ပြည်တွင်းစစ်ကြီး စခဲ့တာဟာ နှစ်ပေါင်း(၆၀) ကျော်ပါပြီ။ ပြည်တွင်းစစ် အရှည်ကြာဆုံး နိုင်ငံတစ်ခု ဖြစ်လို့နေပါတယ်။ KIO၊ KIA ဟာလည်း ၁၉၆၁ ခုနှစ်က စခဲ့တာဟာ ယနေ့တိုင်ပါပဲ။ ၁၉၉၄ ခုနှစ်မှာ အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီး ကချင်ပြည်နယ်ဟာ (၁၇)နှစ်လုံးလုံး သေနတ်သံစဲပြီး ပြည်နယ်ရဲ့ဒေသဖွံ့ဖြိုးရေးကို KIO၊ KIA နဲ့ နိုင်ငံတော် အစိုးရမှ လက်တွဲပြီး လုပ်ဆောင်နိုင်ခဲ့ကြလို့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာ ခဲ့ပါတယ်။ တရုတ်ပြည်နယ်ခြားဒေသအထိ ကုန်သွယ်ရေးလမ်းကြောင်းများပါ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်နယ်ဒေသပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လုပ်ကိုင်စားသောက် နေထိုင်ခဲ့ကြ ပါတယ်။

ဒါပေမဲ့ ၂၀၁၁ ခုနှစ် နှောင်းပိုင်း ဇွန်လကစပြီး ပြန်လည်စစ်ခင်းလာခဲ့ကြတာ ကချင်ပြည်သူများ ဒုက္ခသည်ဘဝဖြင့် တစ်နှစ်ကျော်ကြာ အခက်အခဲပေါင်း မြောက်မြားစွာ ကြုံတွေ့နေကြရသလို ကချင်ပြည်နယ်ရဲ့ အခြေခံအကျဆုံးသော လမ်းတံတားများ မြောက်မြားစွာ

ပျက်စီးဆုံးရှုံးနေရတာကို တွေ့မြင်နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်ရေးနဲ့မသက်ဆိုင်တဲ့ ပစ်မှတ်များကို KIA မှလည်း ပြည်နယ်ဒေသရဲ့အကျိုးကို မျှော်ကိုးပြီး ရှောင်ရှားသင့်တယ်လို့ ဒီနေရာကနေ ကျွန်တော် အလေးအနက် အကြံပြုလိုပါတယ်။ စစ်ရဲ့ အနိဋ္ဌာရုံမြင်ကွင်းဟာ မနှစ်မြို့စရာတွေ မြင်တွေ့ကြားသိနေရပါတယ်။ ပြည်သူများ ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ ပြည်သူ့အစိုးရ ဖြစ်တဲ့ ပြည်ထောင်စုအစိုးရသစ်ဟာ တာဝန်ယူတဲ့အချိန်ကစပြီး (၂)နှစ်နီးပါးအတွင်း နိုင်ငံရေး၊ စီးပွားရေးနှင့် အဖက်ဖက်မှ ပြုပြင်ပြောင်းလဲမှုများကို မြန်မြန်ဆန်ဆန် ပြောင်းလဲလုပ်ကိုင်လျက်ရှိပါတယ်။ နှစ်ပေါင်းများစွာ နောက်ကျကျန်နေခဲ့တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဟာ ပြည်တွင်းစစ်ကို အပြီးတိုင်အဆုံးသတ်ပြီး အိမ်နီးချင်းနိုင်ငံများကို ခြေလှမ်းကျဲကျဲနဲ့ အဖက်ဖက်က ပြုပြင်ပြောင်းလဲ၍ အမီလိုက်ကြရမယ့်အချိန် ဖြစ်နေ ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း ဝန်ကြီးဦးအောင်မင်း ဦးဆောင်တဲ့အဖွဲ့နဲ့ KIO၊ KIA ခေါင်းဆောင်များ အကြိမ်ပေါင်းများစွာ တွေ့ဆုံ နေကြတာတွေ့ရပါတယ်။ ဒါပေမဲ့ ယနေ့တိုင် အပစ်အခတ် ရပ်စဲခြင်း မပြုနိုင်ဘဲ တစ်နေ့တခြား စစ်ရှိန် မြင့်လာလျက်ရှိတာကို တွေ့ရပါတယ်။ နှစ်ဖက်လုံးမှ အကျအဆုံး များစွာရှိနေသလို ဒေသခံပြည်သူများလည်း အတိဒုက္ခ ရောက်နေကြပြီ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးကြတဲ့ နှစ်ဖက်ခေါင်းဆောင်ကြီးများဟာ အတွေ့အကြုံရင့်ကျက်ပြီး ဖြေရှင်းရမယ့်ပြဿနာရဲ့ အရင်းအမြစ်ကို သေသေချာချာ သိရှိနားလည်ထားကြသူများဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အနာဂတ်အတွက် အပေးအယူ မျှမျှတတဖြင့် ညှိနှိုင်းလက်ခံရယူလျက် အမြန်ဆုံး အပစ်အခတ်ရပ်စဲနိုင်ရန် တိုင်းရင်းသားများရဲ့ လိုလားတောင့်တနေတဲ့အချက်ကိုလည်း နိုင်ငံတော်အစိုးရမှ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲဖြင့် အမြန်ဆုံး အဖြေရှာသင့်ပြီ ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွတ်လပ်ရေးရတာနဲ့ မရှေးမနှောင်းမှာပဲ တောတွင်းရောက်သွားပြီး တော်လှန်ရေး ဆင်နွှဲခဲ့ကြတယ်။ န.ဝ.တ ခေတ်မှာလည်း ငြိမ်းချမ်းရေး မရယူနိုင်တဲ့ KNU ပင်လျှင် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး ရယူနိုင်၍ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေ စတင်နိုင်တော့မှာ ဖြစ်ပါတယ်။ KNU ခေါင်းဆောင်ကြီးများ ရဲ့ ခေတ်စနစ်

ပြောင်းလဲလာတာနှင့်အမျှ သူတို့ရဲ့အသိအမြင် ခံယူချက်တွေဟာလည်း ပြောင်းလဲလာပါ ပြီ။ သူတို့ဒေသမှာ စစ်ရဲ့အနိဋ္ဌာရုံကို နှစ်ပေါင်းများစွာ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကြုံတွေ့ခဲ့ကြရသူများဖြစ်တဲ့အတွက် KNU ခေါင်းဆောင်ကြီးများဟာ ယုံကြည်မှုတည်ဆောက်နိုင်တဲ့ အဆင့် ရောက်ရှိလို့ လာပါပြီ။

နိုင်ငံတော်အစိုးရဘက်မှလည်း ပြည်တွင်းစစ် ရှိနေသမျှကာလပတ်လုံး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ကိုင်ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးရေးတွက် အနှောင့်အယှက် အဟန့်အတားကြီး တစ်ခုဖြစ်နေတဲ့ ပြည်တွင်းစစ်ကို နိုင်ငံရေးဆွေးနွေးပွဲနဲ့ မဖြစ်မနေ ရပ်စဲရန် နိုင်ငံတော်သမ္မတကြီးရဲ့ ဦးဆောင်မှုအောက်မှာ အစိုးရမှ အစွမ်းကုန် ကြိုးစားနေတာကိုလည်း ဂုဏ်ယူဝမ်းမြောက်စွာ တွေ့မြင်နေရပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရမှ တိုင်းရင်းသားအဖွဲ့ (၁၀)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲနိုင်တဲ့ ဒေသများရှိ ပြည်သူများ ငြိမ်းချမ်းသာယာစွာ ဒေသဖွံ့ဖြိုးရေးကို နိုင်ငံတော်အစိုးရနဲ့ လက်တွဲလုပ်ဆောင်နေကြပြီ ဖြစ်ပါတယ်။ နှစ်ဖက်ခေါင်းဆောင်ကြီးများလည်း ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်နေကြပြီ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနောက်ပိုင်းမှာ ခေါ်ဝေါ်ပြောဆိုနေကြတဲ့ ပြည်ထောင်စုစစ်စစ်မူ စသဖြင့်လည်းကောင်း၊ Federal ပြည်ထောင်စုစနစ် ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲနေကြပါတယ်။ ဘယ်လိုပဲခေါ်ဝေါ် သုံးစွဲနေပါစေ တိုင်းရင်းသားများ လိုအပ်နေတဲ့ ဗဟိုနဲ့ ပြည်နယ်/တိုင်းဒေသရဲ့ အာဏာခွဲဝေ ကျင့်သုံးရေးကို ယခုလို ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာမှာ အဓိက အဖြေရှာရမယ့် နိုင်ငံရေးဆွေးနွေးပွဲလို့ပဲ ကျွန်တော် ရှုမြင်သုံးသပ်ရပါတယ်။

ဒါကြောင့် အစွန်းနှစ်ဖက်ကိုရှောင်ပြီး မဇ္ဈိမပဋိပဒါလမ်းနဲ့အညီ မြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြတဲ့အပေါ် အခြေခံပြီး နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံ၍ သင့်တင့်မျှတအောင် နှစ်ဦးနှစ်ဖက် ကျေနပ်အောင် သဘောထားကြီးစွာနဲ့ ခေါင်းဆောင်ကြီးများမှ ညှိနှိုင်းအဖြေရှာနိုင်ရင် ပြည်တွင်းစစ်မီးဟာ အမြန်ဆုံး ချုပ်ငြိမ်းသွားမယ်ဖြစ်တယ် ဆိုတာကို ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်။

ဥပမာ အမေရိကန်ပြည်ထောင်စုရဲ့ Federal ပြည်ထောင်စုစနစ်နဲ့ အိန္ဒိယနိုင်ငံရဲ့ Federal ပြည်ထောင်စုစနစ် မတူသလို ပုံသေကူးချဖို့ကို လုံးဝ ရှောင်ရှားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း အမှန်တကယ် ပြည်နယ်တိုင်း ဒေသတွေကို လက်တွေ့ဘဝနဲ့ သင့်လျော်လျောက်ပတ်တဲ့ ဒေသအခြေအနေကို ထိရောက်စွာ လက်တွေ့ဆောင်ရွက်ပေး နိုင်တဲ့ အာဏာ၊ လုပ်ပိုင်ခွင့်များကို ခွဲဝေပေးရမှာ ဖြစ်ပါတယ်။ ဗဟိုချုပ်ကိုင်မှု မလွန်ကဲဖို့၊ လွန်ကဲလာရင် Unitary State လို့ခေါ်တဲ့ တစ်ပြည်ထောင်စနစ်ကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ပြည်နယ်ဒေသဆိုင်ရာတွေမှာလည်း မလိုလားအပ်တဲ့ အာဏာတွေ မပေးဖို့ လိုပါတယ်။ ပေးသွားရင်လည်း Federation ကနေပြီးတော့မှ Confederation ဆီကို ကူးပြောင်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသဆိုင်ရာမှာလည်း ပေးအပ်သင့်တဲ့ အာဏာ၊ လုပ်ပိုင်ခွင့်များကို ပြည်နယ်တိုင်း ဒေသကြီးတွေကို အပြည့်အဝ ပေးရမှာ ဖြစ်ပါတယ်။ ဒါမှ တန်းတူညီမျှရေး ဆိုတာ ဖြစ်လာ မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ကြည့်ရင် ၁၉၄၇ ခုနှစ်က ပင်လုံစာချုပ်ဟာ တိုင်းရင်းသားများရဲ့ နိုင်ငံတော် လွတ်လပ်ရေး ကြိုးပမ်းစဉ်က တောင်တန်းဒေသနှင့်ပြည်မ ပူးပေါင်း၍ လွတ်လပ်ရေး အရယူဖို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေါင်းဆောင်မှုအောက်မှာ စည်းလုံး ညီညွတ်မှုကို အရယူပြီး ချုပ်ဆိုနိုင်ခဲ့တဲ့ စာချုပ်ဖြစ်ပါတယ်။ ထိုအချိန်က နိုင်ငံတော်ရဲ့ ပကတိအနေအထားအရ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မထည့်သွင်းဘဲ ရေးဆွဲလို့မရတဲ့ အခြေအနေနဲ့ အချိန်အခါပေါ် မူတည်ပြီး (၁၀)နှစ်ကြာရင် ခွဲထွက်ခွင့်ရှိကြောင်း ထည့်သွင်း ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ ၁၉၆၀ ခုနှစ်မှာ၊ တောင်ကြီးမြို့မှာ ပြည်နယ်များ ညီညွတ် ရေးအဖွဲ့၊ အစည်းအဝေးမှာ ပြန်လည်စတင်ဆွေးနွေးလာခဲ့ကြတာ ဖြစ်ပါတယ်။

Federal ပြည်ထောင်စုစနစ် ပေါ်ထွန်းလာရေးဟာ တပ်မတော်မှ Federal သည် ခွဲထွက်ရေးမူဟု ရှုမြင်သုံးသပ်ကာ၊ ၁၉၆၂ ခုနှစ်၊ မတ်လ(၂)ရက်နေ့မှာ နိုင်ငံတော် အာဏာ သိမ်းယူခဲ့တာ ဖြစ်ပါတယ်။ ထိုအချိန်မှစလို့ ၂၀၁၀ ခုနှစ်အထိ နှစ်ပေါင်း(၅၀)နီးပါး Unitary ခေါ် တစ်ပြည်ထောင်စနစ် မူအရ ဗဟိုရဲ့ ချုပ်ကိုင်မှုစနစ်အဖြစ် နိုင်ငံတော်ကို အုပ်ချုပ်လာခဲ့ရာ ဒီမိုကရေစီစနစ် ဆိတ်သုဉ်းခဲ့ပါတယ်။ ဒါကြောင့် တိုင်းရင်းသားများနဲ့

ဖြစ်နေတဲ့ ပြည်တွင်းစစ်မီးရဲ့ ဖြစ်လာရတဲ့အကြောင်းအရင်းဟာ သေချာသမိုင်းကို ပြန်လှန်လေ့လာကြည့်ရင် အဓိကအချက်ဟာ တိုင်းရင်းသားများ တန်းတူညီမျှရေးနဲ့ မူပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဆိုတဲ့ နိုင်ငံရေး မမျှတမှုတို့အပေါ် အခြေခံပေါ်ပေါက်လာရခြင်း ဖြစ်တဲ့အတွက် အပစ်အခတ်ရပ်စဲပြီး စားပွဲဝိုင်းမှာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို မဖြစ်မနေ ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော် သမ္မတကြီး ပြောခဲ့သလို နိုင်ငံတော်ရဲ့ အင်အားဟာ တိုင်းရင်းသားများ အားလုံး စည်းလုံး ညီညွတ်ရေးပဲ ဖြစ်တယ်ဆိုတာ ဘယ်သူမှငြင်းလို့ မရပါဘူး။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ တို့တာဝန်အရေး (၃)ပါးကို မထိခိုက်ဘူးဆိုရင် တိုင်းရင်းသားများ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဗဟိုနဲ့ဒေသဆိုင်ရာအာဏာကို ညီညွတ်မျှတစွာ ခွဲဝေကျင့်သုံးရေး တည်းဟူသော နိုင်ငံရေးဆွေးနွေးပွဲကို သည်းခံခွင့်လွှတ်ခြင်း၊ သဘောထား ကြီးခြင်းတို့အပေါ် အခြေခံပြီး ညီညွတ်မျှတစွာ အပေးအယူရှိရှိဖြင့် အောင်မြင်သည်အထိ ညှိနှိုင်းဆွေးနွေး သွားကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့် အဖွဲ့ တစ်ဖွဲ့သာ ကျန်ရှိနေတဲ့ KIO, KIA အဖွဲ့နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီတို့ဟာ အကြိမ်ကြိမ် ဆွေးနွေးပြီးဖြစ်တဲ့အတွက် နောင်လာမယ့်အကြိမ် ပြန်လည်ဆွေးနွေးတဲ့အခါ အဆိုရှင်ဆွေးနွေး သွားသလိုပဲ ယခင် အပစ်အခတ်ရပ်စဲနိုင်တဲ့အချိန်က ဒေသမှာ ဩဇာတိက္ကမရှိတဲ့ ငြိမ်းချမ်းရေး အကျိုးဆောင်များ၊ ဥပမာ-ရပ်မိရပ်ဖ၊ ဘာသာရေး ခေါင်းဆောင်ကြီးများ၊ မျိုးနွယ်စု ခေါင်းဆောင်ကြီးများ ရှိခဲ့၍ အောင်မြင်ခဲ့ကြောင်း၊ ယခု မူ နှစ်ဦးနှစ်ဖက်မှ ယုံကြည်အားကိုးရသည့် အဖွဲ့မရှိ၍ မအောင်မြင်ကြောင်းစသည်ဖြင့် ဆွေးနွေးခဲ့တာ ကြားသိရပါတယ်။ နှစ်ဦးနှစ်ဖက်မှ အမြန်ဆုံး အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်မယ့်၊ ဩဇာတိက္ကမရှိသူ တိုင်းရင်းသားအကျိုးဆောင်များကို ဖိတ်ခေါ်၍လည်းကောင်း၊ နှစ်ဦးနှစ်ဖက်မှတာဝန်ယူ၊ တာဝန်ခံနိုင်ပြီး အဆုံးအဖြတ်ပေးနိုင်သူ၊ နှစ်ဖက်တပ်ပိုင်းဆိုင်ရာ ခေါင်းဆောင်များပါ ပါဝင်ဖွဲ့စည်းသင့်ပါတယ်။ နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲမှ နိုင်ငံရေးကို စားပွဲဝိုင်းမှာ တွေ့ဆုံဆွေးနွေးတာဟာ အမှန်ဆုံးနဲ့ အသင့်မြတ်ဆုံးလို့ ကျွန်တော် ယုံကြည်ပါတယ်။

ဒါပေမဲ့ အကြောင်းကြောင်းကြောင့် အပစ်မရပ်စဲဘဲ နိုင်ငံရေးဆွေးနွေးလို ရင်လည်း နိုင်ငံတော်အစိုးရ အစ်ကိုကြီး အဖရာ၊ အမကြီး အမိရာ ဆိုသလို သည်းခံခွင့်လွတ် သဘောထားကြီးစွာနဲ့ စစ်ဒဏ်ခံနေရတဲ့ ပြည်သူများအပေါ် ထောက်ထားလျက် အမြန်ဆုံး နိုင်ငံရေးကိုလည်း ဆွေးနွေးသင့်က ဆွေးနွေးပေးပါရန် အကြံပြု တင်ပြအပ်ပါတယ် ခင်ဗျား။ ဒုက္ခသည်များကိုလည်း ပြည်တွင်းပြည်ပ NGO၊ INGO များနဲ့ နိုင်ငံတော်အစိုးရ စေတနာရှင်များမှ တတ်နိုင်သမျှ ဆက်လက်ကူညီ ပံ့ပိုးပေးသင့်ပါကြောင်း အကြံပြုဆွေးနွေး လိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင် ခေတ်စနစ်ပြောင်းလဲပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ချီတက်ရာ အသွင်ကူးပြောင်းရေးကာလမှာ ပြည်တွင်းစစ် ချုပ်ငြိမ်းဖို့ တိုင်းရင်းသားလူမျိုး အချင်းချင်း အားကြီးသူက အားနည်းသူကို ဖေးမကူညီဖို့ အချင်းချင်း အပြန်အလှန် နားလည်မှုရှိပြီး သည်းခံစိတ်၊ သဘောထားကြီးစိတ်များကို နှစ်ဖက်ခေါင်းဆောင်များမှ မွေးမြူကြပြီး အတိတ်ရဲ့ အဖြစ်ဆိုးကို သင်ခန်းစာ ရယူလျက် အပေးအယူ မျှတစွာဖြင့် ညှိနှိုင်းအဖြေရှာ၍ ငြိမ်းချမ်းရေးကို အရယူနိုင်ကြပါရန် အလေးအနက် တိုက်တွန်းရင်း ဦးခက်ထိန်နန်ရဲ့ အဆိုဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိနိုင်မည့် ခိုင်မာသော အခြေခံမှုများ ချမှတ်ရေးအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၅၅။**

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၄၅)မိနစ် ရပ်နား ပါမယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂း၅၅)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၃း၄၀) နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၄၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၁။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးခက်ထိန်နန် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Politics is Substitute for War လို့ အဆိုရှိပါတယ်။ နိုင်ငံရေးဟာ စစ်ရဲ့ အစားထိုးဖြစ်တယ်လို့ အဆို ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ထဲမှာ လာတာကလည်း နိုင်ငံရေးလုပ်တာပဲ။ ပြီးတော့ အစိုးရလုပ်နေတာကလည်း နိုင်ငံရေး လုပ်တာပဲ။ အဲဒီတော့ ကျွန်တော်တို့ရဲ့ သက်တမ်းမှာ ကျွန်တော်တို့ရဲ့ နိုင်ငံရေးစွမ်းရည် သို့မဟုတ် ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည် ရှိတယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာ စစ်ကိုငြိမ်းအောင် လုပ်နိုင်မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ဒီမှာရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ အားလုံး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် အစိုးရအဖွဲ့တွေအားလုံးကိုလည်း တိုက်တွန်းချင်တာကတော့ ဒီကျွန်တော်တို့ရဲ့ သက်တမ်း ကာလမှာ ကျွန်တော်တို့နိုင်ငံမှာ စစ်တိုက်စရာမလိုအောင်၊ စစ်ငြိမ်းသွားအောင် လုပ်ရ

အောင်လို့ ကျွန်တော် ပထမဆုံး တိုက်တွန်းချင်ပါတယ်။ ကျွန်တော်တို့ ဘာဖြစ်လို့ ကျွန်တော်တို့ နိုင်ငံမှာ စစ်တွေစလဲဆိုတာကို ပထမဆုံး လေ့လာဖို့ လိုပါတယ်။

တိုင်းပြည်တည်ထောင်တဲ့အချိန်မှာ ဗိုလ်ချုပ်အောင်ဆန်း က တိုင်းရင်းသား တွေကို စည်းရုံးတဲ့အချိန်မှာ လမ်းညွှန်ချက်၊ မနေ့ကလည်း ဒီ ဦးမောင်စောဖြူ ပြောခဲ့ပါတယ်။ လမ်းညွှန်ချက် ချမှတ်ထားပါတယ်။ အဲဒီ လမ်းညွှန်ချက်တွေထဲမှာ တစ်ခု ပါဝင်တာကတော့ ကိုယ်ပိုင်အုပ်ချုပ်ရေး အပြည့်အဝရှိသော ပြည်နယ်များပါဝင်သော ပြည်ထောင်စုဖွဲ့စည်း ရမည်ဆိုတာ ရှိပါတယ်။ ကျန်တဲ့ ကိစ္စ လူနည်းစုကို အကာအကွယ်ပြုရမယ်ဆိုတာမျိုးလည်း ရှိပါတယ်၊ ဆိုတော့ ဒီ လမ်းညွှန်ချက်အတိုင်းပဲ ကျွန်တော်တို့ ပင်လုံစာချုပ် ချုပ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတည်ထောင်လာတဲ့အချိန်မှာ ကြာလာတော့ ကျွန်တော်တို့ မနေ့က ဦးအုန်းတင် ပြောသလိုပေါ့။ ကျွန်တော်တို့ နိုင်ငံမှာ ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းရအောင် ဆိုတဲ့ တောင်းဆိုမှု ဖြစ်လာတာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ လက်နက်ကိုင်မှု စတင်တယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ဆိုတဲ့အချိန်ကျတော့ ဒီ တောင်းဆိုတဲ့အချိန်မှာတော့ ပြည်ထောင်စုစစ်စစ် ပြောပြော၊ ခုန ဦးဟာရှိန်းဘွေ ပြောသလို ပေါ့။ Federal ပြောပြော၊ တောင်းဆိုချက်ကတော့ ဦးအုန်းတင် ပြောတဲ့ အထဲမှာ ပါပြီးသား ဖြစ်ပါတယ်။ ဒီဟာကျတော့ အကြမ်းဖျင်းလေး ပြောမယ်ဆိုရင်တော့ Ful-Fledged Federal ပေါ့။ တစ်ဖက်မှာလည်း အစိုးရလုပ်တဲ့သူက ဒီ အဲဒါကို မပေးနိုင်ဘူး။

ကျွန်တော်တို့ ဒီလိုနဲ့ပဲ သံသရာလည်ပြီးတော့ အခုထိ ကျွန်တော်တို့နိုင်ငံမှာ စစ်တိုက်နေရခြင်း ဖြစ်ပါတယ်။ အနှစ်(၆၀)ရှိနေပါပြီ။ ဆိုတဲ့အချိန်ကျတော့ ဝါဒစွဲပြီးတော့ ဒီလိုပဲ ညှိနှိုင်းလို့မရ ဖြစ်နေပါတယ်။ အခုလည်း ကျွန်တော်တို့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမယ်ဆိုရင်တော့ ကျွန်တော်တို့ ကိုင်စွဲထားတဲ့ဝါဒ ဒီလိုပဲ တစ်သမတ်တည်း ကိုင်နေ မယ်ဆိုရင်တော့ ငြိမ်းချမ်းရေးကတော့ လုံးဝဆွေးနွေးလို့ရမယ် မထင်ပါဘူး။ ဆွေးနွေးတဲ့ အထဲမှာ ကျွန်တော်တို့ အခုအပစ်အခတ်ရပ်စဲမှ နိုင်ငံရေးကိစ္စတွေ ဆွေးနွေးမယ် ပြောတဲ့သူ ရှိတယ်။ ဆွေနွေးရင်းနဲ့ အပစ်အခတ်ရပ်စဲမယ်ဆိုတာမျိုး ပြောတဲ့သူတွေလည်း ရှိတယ်။ ဒီကိုင်စွဲထားတဲ့ မူဝါဒတွေပါပဲ၊ ဒါတွေကလည်း၊ ဒါကျွန်တော်တို့က ကျွန်တော့်အမြင်မှာတော့ ဒါ အတူတူပါပဲ။ ကြက်က ကြက်ဥ ကနေ စသလား။ ကြက်ဥက ကြက် ကနေ စသလားဆိုတာ

အတူတူပါပဲလို့ ကျွန်တော် မြင်ပါတယ်။ ဒါကမူဝါဒတွေ ကိုင်စွဲထားတာတွေကို ကျွန်တော်တို့ နည်းနည်း The art of Negotiation ပေါ့။

ကျွန်တော်တို့ ကိုင်စွဲထားတဲ့ မူဝါဒတွေကို ဖြေလျှော့မှု အသင့်မရှိဘူးဆိုရင်တော့ ဆွေးနွေးခြင်းဆိုတာ ဘယ်တော့မှ စနိုင်မယ်မထင်ဘူးလို့ ကျွန်တော် မြင်ပါတယ်။ ဒီမှာ ကျွန်တော်တို့ လေ့လာတဲ့အချိန်မှာ ဟုတ်ပါပြီ။ ဒီဘက်က တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေက ဒီ Ful-Fledged Federal တောင်းတယ်။ ဒီဘက်ကလည်း ပေးဖို့ဟာ အခက်အခဲဖြစ်နေသေးတယ်ဆိုရင် ကျွန်တော့်အမြင်မှာတော့ နှစ်ဖက်စလုံးမှာ နည်းနည်းစီ လျှော့ပြီးတော့ အခု ကျွန်တော်တို့ အမေရိကန်တို့၊ ဘာတို့ ပုံစံ၊ Federal မျိုး မဟုတ်ရင် တောင်မှ ဒီဘက်ကနေလည်း လျှော့ပေးပြီးတော့ အခု အိန္ဒိယတို့ Quasi Federal ပုံစံမျိုး အုပ်ချုပ်နေတဲ့နိုင်ငံလည်း ရှိပါတယ်။ အဲဒီလိုမျိုးပေါ့၊ ကျွန်တော်တို့ ဒီဘက်ကနေလည်း နည်းနည်းတိုးပေး၊ ဟိုဘက်ကနေလည်း နည်းနည်းလျှော့ပေး၊ အဲဒီလိုမျိုးစိတ်ဓာတ်ရှိမှ ကျွန်တော်တို့ ဆွေးနွေးမှုကလည်း အောင်မြင်မယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ငြိမ်းချမ်းရေး တည်ဆောက်လို့ရမယ်လို့ ကျွန်တော်ထင်ပါတယ်။

ကျွန်တော်တို့ရဲ့ လက်ရှိအခြေခံဥပဒေမှာ လေ့လာမယ်ဆိုရင်တော့ အခြေခံဥပဒေက ကျွန်တော်တို့ပြောတဲ့အချိန်မှာ အခြေခံဥပဒေကိုယ်တိုင်က ပြင်ဆင်ခွင့်ကို ပြုထားတာ ဖြစ်ပါတယ်။ လက်ရှိမှာအာဏာခွဲဝေမှု၊ ကျွန်တော်တို့နိုင်ငံမှာ အာဏာခွဲဝေမှုပါပဲ။ အာဏာခွဲဝေမှုရဲ့ပြဿနာတွေပေါ့။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လက်ရှိမှာပေးတဲ့ဟာတွေက ကျွန်တော်တို့(၁၂)ရာခိုင်နှုန်းလောက်ဆိုပါတော့ သို့မဟုတ် (၁၀)ရာခိုင်နှုန်း၊ (၁၂) ရာခိုင်နှုန်းလောက်၊ ဒီ(၁၂)ရာခိုင်နှုန်းတောင်မှ အခုဒီဝန်ကြီးချုပ်ဆီမှာ နိုင်ငံတော်သမ္မတက တာဝန်ပေးထားတဲ့ ဝန်ကြီးချုပ်ဆီမှာပဲ သူက အာဏာအပြည့်အဝရှိပြီးတော့ ဝန်ကြီးတွေဆီမှာ ဘာလုပ်ပိုင်ခွင့်မှ မရှိဘူး။ သူတို့ ဌာနလက်ကိုင်လည်း မရှိသေးဘူး။ ဝန်ကြီး တစ်ယောက်က Staff လိုပေါ့။ ဝန်ထမ်းတစ်ယောက်လိုပဲ အလုပ်လုပ်နေရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီဆွေးနွေးတဲ့အချိန်မှာ ဒီ အဆိုရှင်ကတော့ ပြောပါတယ်။ ရေးထားပါတယ်။ ယုံကြည်မှုရရှိမည့် ခိုင်မာသောအခြေခံမူများ၊ ဘယ်လိုမူတွေ ချမှတ်မလဲ။ ဒီမူတွေကလည်း ဆွေးနွေးရင်း၊ ဆွေးနွေးရင်းလာမယ့်မူတွေဖြစ်ရမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဟိုဘက်ညှိလို့

မရတဲ့ တစ်ဖက်တည်းမှာပဲ ကိုင်နေတဲ့မူကြီးနဲ့ သွားတက်မယ်။ ဒီဘက်ကလည်း တစ်ဖက်ကိုင်နေတဲ့ မူတွေနဲ့သွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုဟာလည်း ဘယ်တော့မှ အောင်မြင်နိုင်မှာ မဟုတ်ဘူးလို့ ထင်ပါတယ်။

ကျွန်တော်တို့ရဲ့အခြေခံဥပဒေမှာ ကျွန်တော်တို့ အခုလောလောဆယ်တော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးကို ခွဲဝေထားတဲ့ဟာတွေကတော့ နည်းနည်းလေးပါပဲ။ အဲဒါကတော့ အမှန်အတိုင်းဝန်ခံရမှာ ဖြစ်ပါတယ်။ သူတို့တောင်းဆိုတာကတော့ ဒီ မနေ့က ဦးအုန်းတင် ပြောသလိုပေါ့။ ဒီပြည်ထောင်စုကနေကိုင်ရမယ့်ကဏ္ဍတွေ ရှိပါတယ်။ ပြီးတော့ ကျန်တဲ့အာဏာတွေ အားလုံးဆိုတော့ Residuary Power ကလည်း ပါပါတယ်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွေကို ပေးရမယ်။ ဆိုတော့ Federal System မှာလည်း နယ်မြေဒေသကို အခြေခံတဲ့ Federal System နဲ့ လူမျိုးကို အခြေခံတဲ့ Federal System ရှိတယ်လို့ ပြောသလို ကျွန်တော်တို့နိုင်ငံမှာတော့ နှစ်ခုပေါင်းမှဖြစ်မယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်။ နယ်မြေဒေသကိုအခြေခံပြီးတော့ တိုင်းဒေသကြီး (၇)ခု စလုံးကလည်း Federal System နဲ့ပေး၊ လူမျိုးကို အခြေခံတဲ့ ပြည်နယ်(၇)ခုကလည်း ဒီ Federal System နဲ့ပဲ ပေးပြီးတော့ ဒီလို အာဏာခွဲဝေမှုမှာ ခွဲဝေမှု ပေးနိုင်လို့ရှိရင် ကျွန်တော်တို့ တော်တော်လေး အဆင်ပြေလာမယ်လို့ ကျွန်တော် မြင်မိပါတယ်။

ကျွန်တော်တို့ အခြေခံဥပဒေမှာ လက်ရှိမှာ မတွေ့သေးတဲ့အရာတွေကလည်း ဘာလဲ။ Concurrent List ကျွန်တော်တို့က ပြည်ထောင်စုကနေလုပ်တဲ့ List ရှိတယ်။ ပြီးတော့ ပြည်နယ်နဲ့တိုင်းဒေသကြီးမှာ လုပ်လို့ရတဲ့ List လည်းရှိတယ်။ Concurrent List လည်း လောလောဆယ်မှာတော့ မတွေ့ရသေးဘူး ဖြစ်နေတယ်။ ကျွန်တော်တို့ ဒီဟာတွေ ကိုလည်း နောက်မှာ ဒီပြန်ပြင်ဖို့အခြေအနေက ပေးလာလို့ရှိရင် ဒါမျိုးကိုလည်း ကျွန်တော်တို့ စဥ်းစားဖို့လိုပါတယ်လို့ ကျွန်တော် မြင်ပါတယ်။ ဆိုတော့အချိန်ကျတော့ လိုအပ်လို့ရှိရင် အခုသူတို့တောင်းဆိုသလို အကုန်လုံးကို ဒီပြည်နယ်ကိုမပေးနိုင်ရင်တောင်မှ ဒီ Concurrent နှစ်ဖက်စလုံးက လုပ်နိုင်တဲ့အခြေအနေမျိုးကိုလည်း ကျွန်တော်တို့ ဖန်တီးပေးနိုင်မယ်ဆိုရင်လည်း ကျွန်တော်တို့ တော်တော်လေး အဆင်ပြေမယ်လို့ ကျွန်တော်ထင်မိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ နိုင်ငံရဲ့ပြဿနာကတော့ ဒီမိုကရေစီအရေးလည်း အဓိက ပြဿနာမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံ စတည်ထောင်ကတည်းကနေ ကျွန်တော်တို့ နိုင်ငံရဲ့ အဓိက Issue ကတော့ ဒီ ကျွန်တော်တို့ တိုင်းရင်းသားရဲ့အရေး ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားရဲ့အရေးကိုဖြေရှင်းနိုင်မှ ကျွန်တော်တို့နိုင်ငံကလည်း အခု ဗိုလ်ချုပ်အောင်ဆန်း ရဲ့ လမ်းညွှန်ချက်အတိုင်းပေါ့။ ကျွန်တော်တို့ တခြားနိုင်ငံတကာနဲ့လည်း ရင်ပေါင်တန်း ပြီးတော့ လိုက်နိုင်မှာ ဖြစ်ပါတယ်။

အခုလက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့အချင်းချင်း တိုက်ရင်းခိုက်ရင်းနဲ့ စစ်တိုက်တဲ့အချိန်မှာ ဘယ်လောက်ကုန်ကျသလဲ။ ဘယ်လောက်စစ်ရဲ့အကျိုးက ဘယ်လောက် ဆုံးရှုံးမှုတွေဖြစ်သလဲဆိုတာ ကျွန်တော်တို့အားလုံးသိပြီးသား ဖြစ်ပါတယ်။ ဘယ်လောက်တောင် ဆုံးရှုံးစေသလဲဆိုတာ ကျွန်တော်တို့ အရှေ့တောင်အာရှနိုင်ငံမှာ အချမ်းသာဆုံးနိုင်ငံကနေ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအထိကို ပို့ပေးပါတယ်။ ဒါကတော့ ကျွန်တော်တို့အချင်းချင်း တိုက်နေရတဲ့ရလဒ်ပဲ ဖြစ်ပါတယ်။ ဆိုတဲ့အချိန်ကျတော့ ဒီအချိန်မှာတော့ မနေ့က ဦးတင်မောင်ဝင်း လား၊ ကျွန်တော်မမှားလောက်ဘူး ထင်တယ်။ ကျွန်တော်တို့ မသိနိုင်တဲ့ လျှို့ဝှက်ချက်တွေရှိလို့လားမသိဘူး။ အဲဒီလိုမျိုးမရှိဘူးလို့လည်း ကျွန်တော် ဆုတောင်းပါတယ်။

ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးတော့ အခုဒီအချိန်မှာတော့ ကျွန်တော်တို့ မိသားစုအချင်းချင်းဆွေးနွေးဖို့ အချိန်သင့်နေပါပြီ။ ကျွန်တော်တို့ ငြိမ်းချမ်းရေးရယူဖို့လည်း အချိန်သင့်နေပါပြီဆိုတာကို ကျွန်တော် နှစ်ဖက်စလုံးကို တိုက်တွန်းချင်ပါတယ်။ ဥက္ကဋ္ဌကြီး ပြောသလိုပေါ့။ ဒါကတော့လောလောဆယ်တော့ Issue ပေါ့။ တိုင်းဒေသကြီးက ဘယ်လောက် အာဏာရမလဲဆိုတဲ့ Issue၊ ကျွန်တော်တို့ ပြည်ထောင်စုမှာအစိုးရလုပ်နေတဲ့နေရာမှာလည်း ဥက္ကဋ္ဌကြီးပြောသလို Internet မှာတော့ အမျိုးမျိုးစွပ်စွဲမှုတွေ ရှိပါတယ်။ ဗမာအစိုးရ သို့မဟုတ် ဗမာတပ်မတော်ဆိုတာမျိုးလည်း ရှိပါတယ်။ ဒါကတော့ မဟုတ်ပါဘူး။ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတပ်မတော်ပါ။

သို့သော် ဒီကနေ ကျွန်တော်တို့ ချင့်ချိန်လုပ်ဖို့ဆိုတာကတော့ တပ်မတော်မှာ လည်း ဒီလို သူတို့ စွပ်စွဲလို့မရအောင် တိုင်းရင်းသားတွေထဲ ဘယ်လောက် ပါဝင်သလဲ ဆိုတာကိုလည်း နောင်မှာတော့ ချင့်ချိန်ဖို့၊ ပြောလို့မရအောင် နည်းနည်းချင့်ချိန်လာနိုင်ရင်

ကျွန်တော်တို့ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ အလားတူပါပဲ ပြည်ထောင်စုအစိုးရကိုလည်း ဗမာအစိုးရလို့ စွပ်စွဲလို့မရအောင် ကျွန်တော်တို့ တိုင်းရင်းသား တွေက ဘယ်လောက်အထိ ပါဝင်နိုင်သလဲ ဒီပြည်ထောင်စုအစိုးရထဲမှာလဲ။ ဒါကိုလည်း နောင်မှာတော့ အခွင့်ကောင်းအခါကောင်းကြုံလာရင်တော့ ကျွန်တော်တို့ ချင့်ချိန်ဖို့ လိုပါတယ်လို့ ကျွန်တော် မြင်ပါတယ်။ ဒါတွေက အကုန်လုံး အာဏာခွဲဝေမှုပါပဲ။ နဂိုက တည်းက ဒီကိစ္စတွေကြောင့် တိုက်နေ ခိုက်နေ ကြတာ ဖြစ်ပါတယ်။ ဒီကိစ္စမှာလည်း အခုက နှစ်ဖက်စလုံး အလျှော့ပေးပြီးတော့ ဆုံရပ် တစ်ခု ဖြစ်လာနိုင်ပါစေလို့ ဆုတောင်းရင်းနဲ့ ဒီအဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွှန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၂။**

**ဦးမန်းကံညွှန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာသော လူကြီးမင်း များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းကံညွှန့် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးမယ့် အကြောင်းအရာကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် အဆိုတင်သွင်းသွားပါသော ပြည်တွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှု ရရှိမည့် ခိုင်မာသောအခြေခံမူများချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆို ဖြစ်ပါတယ်။ ဖတ်ကြားဆွေးနွေးခွင့်ပြုပါ ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နေ့စဉ်နဲ့အမျှ သတင်းစာများမှာ ပါနေတဲ့ ဝမ်းနည်းဖွယ်ရာ၊ စိတ်မကောင်းဖြစ်ဖွယ်ရာ အခြေအနေတွေဟာ ဒီအဆိုကို ထောက်ခံနေပါတယ်။ မန္တလေး-မြစ်ကြီးနား မီးရထားခရီးစဉ်ကို မသွားမဖြစ်လို့ လိုက်ပါသွားနေတဲ့ ခရီးသွားပြည်သူ တိုင်းရင်းသားတွေဟာ ဘယ်နေရာမှာများ ရထားမိုင်းကွဲမလဲ။ ဒီခရီးမှာ တို့အသက်မှ

ရှင်ပါ့မလားလို့ စိုးတထိတ်ထိတ်နဲ့ သွားလာနေရတာကို ကိုယ်ချင်းစာမိပါတယ်။ ရွာတွေမှာလည်း စားဝတ်နေရေးအတွက် အလုပ်ကို ဖြောင့်ဖြောင့်မလုပ်နိုင်ဘဲ ဘယ်အချိန် လာဖမ်းမလဲ။ ဖမ်းပြီးတော့ ဘာလုပ်မှာလဲဆိုတာကိုပဲ စိုးတထိတ်ထိတ်နဲ့ ကျီးလန့်စာစားဖြစ်နေတဲ့ ပြည်သူတွေရဲ့ ဘဝကို စာနာပါတယ်။ ကျွန်တော်တွေးကြည့်ပါတယ်။ ဦးခက်ထိန်နန် ရဲ့ အဆိုမှာပါတဲ့ နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသောအခြေခံမူများဆိုတာ လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့ နက်ပါတယ်။

နိုင်ငံတော်အစိုးရကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သော ခိုင်မာသောမူဝါဒများနဲ့ ဆောင်ရွက်နေပါတယ်။ KIO၊ KIA က ယုံကြည်မှု ဘာရှိလဲ။ ခိုင်မာသော ဘယ်လိုအခြေခံမူတွေ ရချင်တာလဲ။ KIO၊ KIA က လိုချင်တဲ့ အခြေခံမူတွေကို ချမှတ်ပေးဖို့ အစိုးရကို တိုက်တွန်းတာဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေရင် အစိုးရက ဆောင်ရွက်နိုင်မှာလား။ တစ်ဖက်တည်းကိုပဲ တိုက်တွန်းလို့ ငြိမ်းချမ်းရေးရနိုင်မှာလား။ စဥ်းစားစရာတွေ အလွန်များပါတယ်။ သမ္မတကြီးက မတူညီတာတွေကို ခဏဖယ်ထား၊ တူညီတာတွေကို ပူးပေါင်းဆောင်ရွက်မယ်လို့ပြောခဲ့သလို လုပ်လည်း လုပ်ပြခဲ့ပြီးပါပြီ။ ကျွန်တော်တို့ရှေ့က လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးသွားတာတွေကို နားထောင်ရင်း ကျွန်တော်ရင်တွေ ပူလာ ပါတယ်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ မမေ့နိုင်သော မြင်ကွင်းတစ်ခုကို တင်ပြချင်ပါတယ်။ ၂၀၁၃ ခုနှစ်၊ လွတ်လပ်ရေးနေ့ ကရင်ပြည်နယ်၊ သီရိကွင်း နိုင်ငံတော်အလံအလေးပြုပွဲမှာ KNU ဥက္ကဋ္ဌကြီး အဘိုး မူတူးဆေးဖိုး နဲ့အဖွဲ့ တက်ရောက်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဝန်ကြီးချုပ် ဦးဇော်မင်း ဖတ်ကြားသွားတာကို ကျွန်တော် အပါအဝင် အခမ်းအနားတက်တဲ့ ပြည်သူတွေနဲ့အတူ နားထောင်ခဲ့ပါတယ်။ ပြီးတော့ အားလုံးကို လိုက် နှုတ်ဆက်ပါတယ်။ ကျွန်တော်ကလည်း အဘိုး မူတူးဆေးဖိုး လက်ကို ကိုင်ဆွဲပြီး နှုတ်ဆက်ရတဲ့အခါမှာ ကရင်ပြည်နယ်က ဘဝအမောတွေ ပြေပျောက်ခဲ့ရပါတယ်။

ပြာသိုလဆန်း ၁ ရက်နေ့ ကရင်နှစ်သစ်ကူး အခါသမယမှာလည်း လှိုင်းဘွဲ့မြို့နယ်၊ ကစိုကျေးရွာမှာ အဘိုး မူတူးဆေးဖိုး နဲ့အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊

ဦးစိုးသိမ်း၊ ဝန်ကြီးချုပ် ဦးဇော်မင်း တို့ဟာ ကရင်တိုင်းရင်းသားများနဲ့အတူ နှစ်သစ်ကူးပွဲကို ရိုးရာအကမျိုးစုံ ကကြပြီး ပျော်ရွှင်ခဲ့ကြပါတယ်။ ညဘက်မှာတော့ ကရင်ပြည်နယ်အစိုးရ အဖွဲ့ရုံး မြက်ခင်းပြင်မှာ နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ညစာစားပွဲကို ကျွန်တော်တို့နဲ့အတူ အဘိုး မူတူးဆေးဖိုးတို့ အဖွဲ့ဝင်များ လာရောက်အားပေး;ချီးမြှင့်ပြီး၊ ရိုးရာအကများကို ကြည့်ရှုပြီး ပျော်ရွှင်စွာဆင်နွှဲခဲ့တာ ကျွန်တော့်ဘဝ မမေ့နိုင်တဲ့နေ့များထဲကနေ့ရက် တစ်ရက်ပဲ ဖြစ်ခဲ့ပါတယ်။

အခွင့်ကြုံလို့ အဖိုးမူတူးဆေးဖိုးပြောခဲ့တဲ့ စကားရပ်ကို ထည့်သွင်းပြောကြား လိုပါတယ်။ ကျွန်တော်ကိုယ်တိုင်ကြားတာ မဟုတ်ပေမယ့် ဒီလွှတ်တော်ထဲမှာ ရှိနေတဲ့ အဘဦးစောထွန်းမြအောင်၊ ဦးစောအေးမြိုင်၊ ပြည်သူ့လွှတ်တော်က ကျွန်တော့်ဦးလေး ဦးစောသိန်းအောင် တို့ရှေ့မှာ ပြောခဲ့တဲ့တာဖြစ်ပြီး သူတို့ကိုယ်တိုင်က ဒီစကားရပ်ကို ထည့်သွင်းပြောပေးဖို့တောင်းဆိုလာလို့ ဖြစ်ပါတယ်။

မြဝတီမြို့ KNU ဆက်ဆံရေးရုံး ဖွင့်ပွဲပြီးလို့ ဦးစောအေးမြိုင် အိမ်မှာ အနားယူစဉ် အဖိုးက တို့ငယ်ငယ်ကတော့ တို့တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို တိုက်ယူမှရမယ်လို့ ထင်လို့ အရိုးကျေကျေ အရေခမ်းခမ်း တိုက်ခဲ့တယ်။ အခုအခြေအနေမှာ ဒီလိုမဟုတ်ဘူး။ ငြိမ်းချမ်းရေး စားပွဲဝိုင်းမှာ တို့ဖြစ်ချင်တာတွေကို ဆွေးနွေးညှိနှိုင်းလို့ရနေပြီ။ ဒါကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်နေတဲ့ ငါ့ကို ခဲနဲ့ပဲပစ်ပစ်၊ စိန်တုံးကြီးနဲ့ပဲ ပစ်ပစ်၊ ဘယ်တော့မှ နောက်မဆုတ်ဘဲ လုပ်သွားဖို့ ဆုံးဖြတ်ထားတယ်။ ငါ့ဆုံးဖြတ်ချက်ကို တစ်ဖက်ကလည်း သိစေချင်တယ်လို့ ပြောတာကြားရတော့ ဦးစောထွန်းမြအောင် နဲ့ ဦးစောသိန်းအောင်တို့ဟာ ဝမ်းသာမျက်ရည်ကျခဲ့ကြောင်း သိရပါတယ်။ လာချင်ရင် အနီးကလေး၊ မလာချင်ရင်တော့ ခရီးဝေးနေမှာပါပဲ။

ကရင်ပြည်နယ်မှာ ဗုံးသံတွေ၊ သေနတ်သံတွေ၊ မိုင်းသံတွေ မကြားရတော့ပါဘူး။ လုယက်သတ်ဖြတ်မှု ကြောက်စရာအဖြစ်တွေလည်း မရှိတော့ပါဘူး။ ဝမ်းစာရေး၊ ပညာရေး၊ ကျန်းမာရေးကို လုပ်ပြီးအေးချမ်းသာယာနေတဲ့ ကရင်ပြည်နယ်သူ၊ ပြည်နယ်သားတွေနဲ့ မအေးချမ်းနိုင်တဲ့ ကချင်ပြည်နယ်သူ၊ ပြည်နယ်သားတွေအပေါ် နှိုင်းယှဉ်ပြီး စာနာစိတ်နဲ့ သံဝေဂများစွာ ရခဲ့ပါတယ်။ ကချင်ပြည်နယ်မှာလည်း အေးချမ်းတဲ့ကာလတွေ ရှိခဲ့ပါတယ်။

၂၀၁၁ မတိုင်ခင် (၁၇)နှစ် အေးချမ်းခဲ့ပါတယ်။ မနောမြေမှာ မနောအကအလှတွေနဲ့ ပျော်ရွှင်ခဲ့ကြပါတယ်။ အဲဒီအခြေအနေမျိုးကို ပြန်ပြီး မရောက်ချင်ကြဘူးလား။ ရောက်အောင် ဘယ်လိုလုပ်ရမလဲ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင် ဆွေးနွေးချက်မှာပါတဲ့ ကချင်ပြည်နယ်နဲ့ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြန်မာ့တပ်မတော်နဲ့ KIA နှစ်ဖက်တပ်များ တိုက်ပွဲရပ်စဲရေးဆိုတဲ့ အရေးကြီးဆုံး၊ အဓိကအကျဆုံး အချက်ကို ဆွေးနွေးလိုပါတယ်။ နိုင်ငံတော်အစိုးရက အပစ်အခတ်ရပ်စေချင်လို့ KIO၊ KIA တို့ကို အမျိုးမျိုးကမ်းလှမ်းဆွေးနွေးခဲ့ပါသော်လည်း KIO၊ KIA ဘက်က ငြင်းပယ်လျက် ရှိပါတယ်။ ဟိုးယခင်ရွှေမန်းတင်မောင် ဇာတ်ထဲက ကာဠုဒါရီအမတ်က ဗကအမတ်ကြီးကို ပြောသလို ဘိုးဘိုးကသူများမရောင်းချင်ပါဘူးလို့ပြောနေတာကို ချိန်ပါ၊ ချိန်ပါ အတင်းပြောသလို ဖြစ်နေပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က အပစ်မရပ်ချင်တာမျိုးမဟုတ်ဘဲ KIA၊ KIO က အပစ်ရပ်စဲမှုကို မလုပ်နိုင်တာဖြစ်နေပါတယ်။ အပစ်ရပ်ဖို့ကိုတော့ နှစ်ဖက်လုံးက လိုလားမှဆောင်ရွက်လို့ ရပါမယ်။

အခု သမ္မတကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ညွှန်ကြားတာက တပ်မတော်က KIA ကို သွားမတိုက်ဖို့၊ မိမိကို တိုက်ခိုက်လာမှ ခုခံကာကွယ်တဲ့အနေနဲ့ ပြန်လှန်ပစ်ခတ်ဖို့ ညွှန်ကြားပါတယ်။ တကယ်တော့ စစ်မြေပြင်မှာ ဒီလိုလုပ်ဖို့ သိပ်ခက်ပါတယ်။ စစ်မြေပြင်မှာ ကိုယ်ကရန်သူကို ဦးအောင်သတ်နိုင်မှ ကိုယ်အသက်ရှင်မှာပါ။ ရန်သူက ဦးသွားရင် ဒီတိုက်ပွဲမှာ ငါသေရတာ မှားလို့ဆိုတဲ့ နောင်တ ရစရာ မရှိပါဘူး။ ဒီနောင်တက နောက်ဘဝမှ အသုံးချနိုင်ပါမယ်။ အကောင်းဆုံးခံစစ်ဟာ ထိုးစစ် ဖြစ်ပါတယ်။ ခံစစ်ဥပဒေသတွေကို ထိုးစစ်အသွင်ရှိသော ခံစစ်သာလျှင် အသက်ရှင်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သမ္မတကြီးရဲ့အမိန့်ကို တပ်မတော်သားတွေဟာ နာခံရင်း ကချင်ပြည်နယ် တိုက်ပွဲတွေမှာ ကျဆုံးဒဏ်ရာတွေ ရနေကြပါတယ်။ တရားသောစစ်ကို ဆင်နွှဲရင်း ကျဆုံးသွားတဲ့ စစ်သည်များရဲ့ မိသားစုများနဲ့ ဒဏ်ရာရပြီး မစွမ်းမသန်ဖြစ်ခဲ့ရတဲ့ တပ်မတော်သားများအတွက် ဝမ်းနည်းပူဆွေးမိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်ပွဲဖြစ်တယ်ဆိုတာ ပန်းနဲ့ပေါက်တာ မဟုတ်ပါဘူး။ သေစေနိုင်သော လက်နက်များနဲ့ ပစ်ခတ်ရင်း ကိုယ်မသေအောင် လုပ်နေရတာပါ။ ဒါကြောင့် KIA၊ KIO ဘက်ကလည်း အကျအဆုံး အထိအခိုက် ဒဏ်ရာရမှုတွေ ရှိမှာပါပဲ။ သူတို့အတွက်လည်း စာနာမိပါတယ်။ သူတို့မိသားစုဆွေမျိုးညီအစ်ကို မောင်နှမများရဲ့ပူဆွေးမှုကိုလည်း နားလည်စာနာပါတယ်။ သို့သော် ဤသေခြင်းသည် တန်ဖိုးရှိပါရဲ့လားလို့ တွက်ဆစေချင်ပါတယ်။ ငြိမ်းချမ်းရေးစားပွဲဝိုင်းမှာ ဖြေရှင်းနိုင်ပါလျက်နဲ့ တိုက်ပွဲတွေပဲဆင်နွှဲနေရင်တော့ အေးချမ်းသာယာသော ပြည်ထောင်စုကြီးဘဝကို ဘယ်လိုရောက်နိုင်မှာလဲ။

အဆိုရှင်က ပြောခဲ့ပါတယ်။ မြန်မာ့တပ်မတော်သည် ကျူးကျော်လာတဲ့ အင်္ဂလိပ်၊ ဂျပန်၊ တရုတ်ဖြူတပ်များကို အမြစ်ပြတ် တိုက်ခိုက်နိုင်ပေမယ့် တိုင်းရင်းသားအချင်းချင်း တိုက်နေရတဲ့ တိုက်ပွဲတွေကို ဘယ်မှာအဆုံးသတ်နိုင်လို့လဲ။ နှစ်ပေါင်း(၆၀)ကျော် ကြာခဲ့ပြီလို့ ပြောပါတယ်။ မှန်ပါတယ်။ ကိုလိုနီအင်္ဂလိပ်တွေကို နိုင်ငံ့မြေပေါ်က အပြီးမောင်းထုတ်နိုင်ခဲ့ပေမယ့် တိုင်းရင်းသား အချင်းချင်းအပေါ် သွေးခွဲသပ်လျှို ရန်တိုက် ပေးခဲ့တဲ့ အမွေတွေက ယခုတိုင် မပြတ်သေးပါဘူး။

ဒါပေမဲ့ ၁၉၄၉ ခုနှစ် ရန်ကုန်အစိုးရဘဝကနေ ပြည်တွင်း/ပြည်ပ နိုင်ငံတော်ရဲ့ရန်သူမှန်သမျှကို ပြည်တွင်းမှာ၊ နယ်စပ်မှာ စခန်းတစ်ခုမှ မကျန်အောင် မြန်မာ့တပ်မတော်၊ မျိုးချစ်တပ်မတော်က တိုက်ခဲ့ပြီးပါပြီ။ မဝေးတဲ့ အနာဂတ်ကို လှမ်းမျှော်ကြည့်ရင် သိပါတယ်။ ဒါဆိုရင်တော့ တိုင်းရင်းသားအချင်းချင်း စာနာချင်း၊ နားလည်ခွင့်လွှတ်ခြင်း၊ တစ်ချိန်ချိန်မှာ အချင်းချင်းညှိနှိုင်းဆွေးနွေးလို့ ရမှာပဲ ဆိုတဲ့ ယုံကြည်ချက်၊ မျှော်လင့်ချက်တွေနဲ့ KIO၊ KIA ကို အမြစ်ပြတ် မတိုက်ခဲ့လို့ ရှိနေသေးတယ်ဆိုတာကို နားလည်နိုင်စွမ်း ရှိကြမှာပါ။

ဒါပေမဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်အား ပြည်တွင်း/ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမယ်လို့ ပုဒ်မ ၃၃၉ မှာ ဆိုထားပါတယ်။ အခု ကချင်ပြည်နယ်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်နဲ့ ပြည်သူတွေရဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေပါပြီ။ အန္တရာယ်ကျရောက်နေပါပြီ။ တပ်မတော်

သည် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမည်။ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးရမည်လို့ တာဝန်ပေးခံထားရပါတယ်။ ကချင်ပြည်နယ် မှာဖြစ်ပွားနေသော ပြည်သူတို့၏အန္တရာယ်ကို ထိပါးနေသောကိစ္စရပ်များကို တပ်မတော်က လျစ်လျူရှုနေတော့မှာလား။ လျစ်လျူရှု ထားခိုင်းတော့မှာလား။

ကျွန်တော် KIO ကို တောင်းဆိုပါတယ်။ ပြည်သူများရဲ့ အသက်အိုးအိမ် စည်းစိမ်ကို မဖျက်ဆီးဖို့၊ အန္တရာယ်မပြုဖို့ နှစ်ဖက်အပစ်အခတ်ရပ်စဲပြီးတော့ နိုင်ငံရေး ဆွေးနွေးဖို့ ငြိမ်းချမ်းရေးစားပွဲဝိုင်းကို လာရောက်ကြပါလို့ လေးလေးနက်နက် တောင်းဆို ပါတယ်။ အကယ်၍ KIO၊ KIA ဘက်က အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး၊ ဆွေးနွေးရေး မလုပ်သေးဘဲ ကြန့်ကြာနေချိန်မှာ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်သည် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲတာကို မလုပ်ဘဲ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့၊ တရားသောစစ်ကို မှန်ကန်စွာဆင်နွှဲဖို့၊ ပြည်သူတို့ရဲ့ဘဝကို အန္တရာယ်ပြုနေသူများကို အခြေခံဥပဒေမှာ ပေးအပ်ထားသောတာဝန်နဲ့အညီ ဆောင်ရွက်ပေးပါလို့ လေးလေးနက်နက် တောင်းဆိုရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၃။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒအမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒအမှတ်(၁၂) “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ဥက္ကဋ္ဌ တစ်ဦး ဖြစ်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းရင်းသား ရေးရာအတွင်းရေးမှူး ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့ နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမယ့် ခိုင်မာတဲ့အခြေခံမှု များချမှတ်ပေးရေး ပြည်ထောင်စုအစိုးရကို တောင်းဆိုတဲ့၊ တိုက်တွန်းတဲ့အချက်ပေါ်မှာ မူတည်ပြီး ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ကျွန်တော် ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ဒီ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ရဲ့ အဆိုပြုချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့(၂)ရက်လုံးလုံး ကျွန်တော်တို့ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ဒီဆွေးနွေးတဲ့အချက်ပေါ်မှာ ကျွန်တော်တို့ ပါတီစုံ၊ နိုင်ငံရေးသမားစုံ၊ တပ်မတော်သားအပါအဝင် ပြည့်ပြည့်ဝဝ ဆွေးနွေးပြီးသား ဖြစ်တယ်ဆိုတာလည်းအားလုံးသိရှိကြပြီးသား ဖြစ်ပါတယ်။ ဒီဆွေးနွေးချက်များအားလုံးဟာ ဆွေးနွေးချက်တွေ၊ငြိမ်းချမ်းရေးကို ရယူချင်တယ်ဆိုတဲ့ ဝေါဟာရကတော့အားလုံး တညီတညွတ်ထဲပဲ ဖြစ်ကြပါတယ်။

သို့သော်ငြားလည်းပဲ ဒီကနေ့ အပစ်အခတ်ရပ်စဲရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ဆွေးနွေးလာကြတဲ့အချိန်မှာ သူ့အပြစ်၊ ကိုယ့်အပြစ်ကို ပုံသကဲ့သို့နဲ့ ဒီ ငြိမ်းချမ်းရေးရယူဖို့အရေး ဆွေးနွေးဖို့ ဒီစားပွဲဝိုင်းနဲ့ နည်းနည်းအလှမ်းဝေးရတဲ့ သဏ္ဍာန်လေးတွေကိုပါကျွန်တော် မြင်တွေ့ရသလို တစ်ဖက်ကလည်း တောင်းဆိုချက်က ဇွတ်ပြီးတောင်းတယ်လို့ယူဆရတဲ့ အတွေးအခေါ်မျိုးတွေကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရတယ်လို့ပဲ ကျွန်တော့်ရဲ့အမြင်လေးကို ကျွန်တော် တင်ပြအပ်ပါတယ်။

အဲဒီတော့ ဒီကိစ္စမှာ ကျွန်တော်တို့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးခက်ထိန်နန်ရဲ့ ဒီတောင်းဆိုချက်က ကျွန်တော်တို့ ရှင်းရှင်းလေးပဲ ဖြစ်ပါတယ်။ (၁)အပစ်အခတ် ရပ်စဲဖို့တောင်းဆိုခြင်း ဖြစ်တယ်။ (၂)ဒီ ငြိမ်းချမ်းရေးကို အစဉ်ထာဝရတည်တံ့ဖို့၊ တကယ်ခိုင်မာတဲ့ အခြေခံမူတွေကို ချမှတ်နိုင်ဖို့၊ (၃)အချက် ဒီအချက်တွေရောက်အောင်၊ ဖော်ဆောင်နိုင်အောင် တကယ့်ကိုပဲ ဒီ ကြား ဖျန်ဖြေရေးအဖွဲ့၊ စေ့စပ်ရေးအဖွဲ့ကို ကျွန်တော်တို့ ဖွဲ့စည်းသင့်တဲ့အကြောင်း၊ နောက်ဆုံးအချက်က လူသားချင်းကိုယ်ချင်းစာတဲ့၊ စာနာတဲ့သဘောထားအတွက် ဘာမှမဆိုင်ဘဲနဲ့ ကြားကနေ မြေစာပင်ဖြစ်တဲ့ လူထုများတွေကို ကျွန်တော်တို့လွှတ်တော်ကနေ မိမိရဲ့မေတ္တာစေတနာနဲ့ ပံ့ပိုးကူညီဖို့စတဲ့အချက်များတွေကို လွှတ်တော်ကိုတင်ပြတော့ အစိုးရအဖွဲ့အားတိုက်တွန်းဖို့ တင်ပြခြင်းဖြစ်တယ်ဆိုတာ ကျွန်တော်တို့အားလုံး ကွက်ကွက်ကွင်းကွင်း မြင်တွေ့ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် ဒီ ဆွေးနွေးတဲ့ပုဂ္ဂိုလ်များ အားလုံး(၂၉)ယောက် ကျွန်တော်အပါအဝင် ဆွေးနွေးချက်များအားလုံးကို ခြုံငုံ သုံးသပ်မယ် ဆိုရင် တစ်သဘောတည်း သက်ရောက်ချင်တဲ့ ဆွေးနွေးချက်လည်း ဖြစ်ပါတယ်။ ကျွန်တော် ကိုယ်တိုင်ကလည်းပဲ ဒီအတိုင်းပြင်ဆင်ခဲ့ပါတယ်။ အဲဒီလို ကျွန်တော် ပြင်ဆင်တဲ့ နေရာမှာ အထူးသဖြင့် ဒီကနေ့ဆွေးနွေးတဲ့အချက်များဟာအားလုံးက ဒီတစ်သဘောတည်း အပစ်အခတ်ရပ်စဲ ဖို့ တောင်းဆိုတဲ့အချက်က တစ်သဘောတည်း ဖြစ်တဲ့နေရာမှာ အထူးသဖြင့် ကျွန်တော်တို့ ရှမ်းပြည်နယ် မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း တို့၊ နောက် ဦးစိုင်းသန့်ဇင်တို့ နောက် ကျွန်တော်တို့ မကွေးမဲဆန္ဒနယ်မှ ဦးအောင်ကြည်ညွန့် တို့ ဆွေးနွေးတဲ့အသံအတိုင်းကိုပဲ ကျွန်တော်က ပြင်ဆင်ထားခဲ့မိပါတယ်။

အဲဒီတော့ ကျွန်တော်ရဲ့ ပြင်ဆင်ချက်တွေကို၊ အားလုံးကို ကျွန်တော် ထပ်ပြီးတော့ ဆွေးနွေးမယ်ဆိုရင်တော့ ကျွန်တော်ကို့ ဒီလွှတ်တော်ကြီးဟာ ဒီအသံပဲ ထပ်တလဲလဲ ဖြစ်နေမယ်လို့ ကျွန်တော် ယုံကြည်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီအပစ်အခတ် ရပ်စဲရေးကို မဆောင်ရွက်ရင်၊ နောက်ပြီးတော့ ကျွန်တော်တို့ ဒီ ခုန ကြား ဖျန်ဖြေရေး အဖွဲ့များကို မဖွဲ့စည်းဘဲနဲ့ ဆက်လက်ပြီးတော့ ငြိမ်းချမ်းရေးကိစ္စကို ရယူနိုင်ဖို့ မကြိုးစား ခဲ့ရင်၊ နောက်ပြီးတော့ ကျွန်တော်တို့ ဒီတကယ့်ကို အခြေခိုင်တဲ့၊ ခိုင်မာတဲ့အခြေခံမူတွေကို ကျွန်တော်တို့ မဆွဲဖြစ်ခဲ့ရင်၊ ကျွန်တော်တို့ သည်းညည်းခံခြင်း၊ စိတ်ရှည်ခြင်းမရှိဘဲနဲ့ ကျွန်တော်တို့က ထင်ရာစိုင်းလုပ်မယ်ဆိုရင် နောက်ဆုံးအခြေအနေ ဘယ်လိုဖြစ်နိုင်မယ် ဆိုတဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အမြင်လေး မှန်သော်ရှိ/မမှန်သော်ရှိ ဒါလေးကို ကျွန်တော် အနည်းငယ် ပြန်လည်ပြောင်းလဲပြီးတော့ ကျွန်တော် တင်ပြလိုပါတယ်ဆိုတဲ့အကြောင်း ဒီ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးက ငြိမ်းချမ်းရေးကို ကျွန်တော်တို့ လူတိုင်းက လိုလားတယ်။ လူတိုင်းကလည်း ငြိမ်းချမ်းရေးကို အင်မတန် ချစ်မြတ်နိုးကြတယ်။ တကယ်ပဲလက်တွေ့ လူတစ်ယောက်အတွက် တကယ်လိုအပ်တဲ့အရာ ဖြစ်တယ်ဆိုတာကိုတော့ ဒါကျွန်တော်တို့အားလုံး သိပြီးသား။

အဲဒီလိုငြိမ်းချမ်းရေး လိုချင်တာဟာ တစ်ကမ္ဘာလုံးရှိသလို ဒါပေမဲ့ ဒီငြိမ်းချမ်းရေး တောင်းဆို ရတဲ့အချက်တွေ၊ အခြေခံအကြောင်းတရားကတော့ သိပ်မတူပါဘူး။

ဥပမာ- ကျွန်တော်တို့ ဒီကနေ့ ဒီ ဆီးရီးယားနိုင်ငံတို့ဖြစ်ဖြစ်၊ ကျွန်တော်တို့ ဒီတခြားနိုင်ငံတွေပေါ့လေ၊ နိုင်ငံနာမည် မတပ်တော့ဘဲနဲ့ တောင်းဆိုတဲ့ပုံစံနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးကိုတောင်းဆိုတဲ့ပုံစံချင်းက မတူပါဘူး။ သူများနိုင်ငံ တောင်းဆို တဲ့ ငြိမ်းချမ်းရေးက အမျိုးသားရေးတို့၊ ဝါဒရေးရာပြဿနာတို့ အင်မတန်ခက်ခဲနက်နဲတဲ့ အရာကြောင့် တောင်းဆိုခြင်းဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံက မနေ့က လွှတ်တော်တစ်ခုလုံးမှာလည်း ဆွေးနွေးလာခဲ့ပြီး ရာဇဝင်နဲ့ချီပြီးတော့ ဖြစ်ပေါ်လာတဲ့ အခွင့်အရေးဆိုင်ရာ အငြင်းပွားချက်နဲ့ နောက်ပြီးတော့ လတ်တလော ဖြစ်ပေါ်လာတဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီး ပေါ်ပေါက်လာမယ့် ပဋိပက္ခပေါ်အခြေခံ ပြုပြီးမှ တောင်းဆိုထားတဲ့ ငြိမ်းချမ်းရေးကိစ္စပဲ ဖြစ်တယ်။ အတိုချုပ် ကျွန်တော် တင်ပြရမယ်ဆိုရင် သိပ်ပြီးတော့ ခက်ခဲတဲ့ပြဿနာမဟုတ်ဘူးလို့ ကျွန်တော် ဆိုလိုခြင်းဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ လွတ်လပ်ရေးကတည်းကစပြီးတော့ တောင်းဆိုတဲ့ အခြေအနေပဲဖြစ်ဖြစ် လတ်တလောမှာပဲဖြစ်ပေါ်လာတဲ့ အခြေအနေတွေပေါ်မှာ အကြောင်းပြုပြီး၊ တောင်းဆိုလာတဲ့ ငြိမ်းချမ်းရေးပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ ကောင်းကောင်းမွန်မွန်၊ အေးအေး ဆေးဆေးနဲ့ ဖြစ်ပေါ်နိုင်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ ဆောင်ရွက်ချက်က အနာနဲ့ ဆေးနဲ့ သိပ်မတည့်သေးဘူး လို့ပဲ ကျွန်တော် ရှုမြင် သုံးသပ်မိပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ဒီဖြစ်ပေါ်လာတဲ့ အခြေအနေဟာ ဥပမာ KIA နဲ့ တပ်မတော်နဲ့ ဒီကနေ့ အချင်းချင်းစစ်ပွဲ ခင်းကြတာလည်းပဲ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ ကြောင့်လည်း မဟုတ်ဘူး။ ဒါစနစ်ကြောင့်လည်း မဟုတ်ဘူး။ ဝါဒကြောင့်လည်း မဟုတ်ဘူး။ ဒါ အမျိုးသားရေးကိစ္စ၊ လူမျိုးကြီး၊ လူမျိုးငယ် အမြင်ကျဉ်းဝါဒကြောင့်လည်း မဟုတ်ဘူးလို့ ကျွန်တော် တင်ပြလိုပါတယ်။ တကယ်ဖြစ်ပျက်တာကတော့ တကယ် ကျွန်တော်တို့ အခွင့်အရေးဆိုင်ရာ အငြင်းပွားတဲ့ကိစ္စလောက်ပဲ ဖြစ်ပါတယ်။ ဒီအခွင့်အရေးဆိုတဲ့ နေရာမှာလည်းပဲ အခွင့်အရေးကို တန်းတူညီမျှဖို့ ဆိုတဲ့ စကားလေးနဲ့ နောက်ပြီးတော့

ကျွန်တော်တို့ ရသင့်ရထိုက် အခွင့်များ တွေကို ကျွန်တော်တို့က မပြေလည်လို့သာပြောရတဲ့ ကိစ္စသာဖြစ်တဲ့အတွက်ကြောင့် စားပွဲဝိုင်းပေါ်မှာ ကျွန်တော်တို့ ပြောဆိုရင်တော့ ဒါအလွယ်ကလေးပဲ ဖြစ်ပါတယ်လို့ ကျွန်တော် သုံးသပ်ပါတယ်။

အဲဒီတော့ ဒီစားပွဲဝိုင်းပေါ်မှာ ကျွန်တော်တို့ ဒီ ဆွေးနွေးနိုင်ဖို့က တကယ်အခြေခံလိုအပ်ချက်တွေ ကျွန်တော်တို့က ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ဒီနေ့ငြိမ်းချမ်းရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်နိုင်အောင် ပထမဦးဆုံးတော့ ဘာဖြစ်ဖြစ် ကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေးကိုသာ ဆောင်ရွက်ရမယ့် ကိစ္စဖြစ်တယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီအမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးအနေနဲ့ (၁) အားလုံးတောင်းဆိုကြတဲ့အတိုင်းပဲ ကျွန်တော်တို့ ဒီ အပစ်အခတ်ရပ်စဲရေး ပထမဆုံးဆောင်ရွက်ရမယ့်အချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ခုန ကျွန်တော့် ညီတော်မောင် ဦးဇုန်လှယ်ထန်း တင်ပြတာလည်း မှန်တော့ မှန်ပေမယ့် ကျွန်တော်တို့ ဒီ အပစ်အခတ် ဦးစွာပဲရပ်စဲ၊ ရပ်စဲ သို့မဟုတ် နိုင်ငံရေးပဲအရင်ပဲဆွေးနွေး၊ ဆွေးနွေး တစ်သဘောတည်း ဖြစ်တယ်ဆိုတာကတော့ မှန်သော်ငြားလည်းပဲ ကျွန်တော်တို့က အပစ်အခတ်ရပ်စဲရေး ကိစ္စကို အရင်ဆုံး မလုပ်ဘဲနဲ့တော့ တကယ်လို့များ ကျွန်တော်တို့ ဒါမလုပ်ဘဲနဲ့ ဆွေးနွေးရင်း တိုက်ပွဲဖြစ်မယ်ဆိုရင် ပိုပြီးတော့ အနိဋ္ဌာရုံတွေ ပေါ်လာတဲ့ အချိန်မှာ ဒါဆွေးနွေးပွဲကို ပြန်ပြီးတော့ အနှောင့်အယှက်ပေးပြီး ပိုမိုဝေးသော ဆွေးနွေးချက်များတွေကို ဦးတည်ဆွေးနွေးလာနိုင်တတ်တဲ့ သဘောတရားလေးတွေရှိတဲ့ အတွက်ကြောင့် ဒါကျွန်တော်တို့ အပစ်အခတ် ရပ်စဲရေးကတော့ ပထမဆုံး ဆောင်ရွက်ရမယ့်ကိစ္စပဲ ဖြစ်ပါတယ်။

အဲဒီတော့ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ဖို့ ဆိုလာတဲ့အချိန်မှာ KIA ကလည်း ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းမှာ တိုင်းရင်းသား ဖြစ်ပါတယ်။ တပ်မတော်ကလည်း ပြည်သူမှပေါက်ဖွားလာတဲ့ တပ်မတော်သားတွေ ဖြစ်တယ်။ နိုင်ငံတော်သမ္မတရဲ့လမ်းညွှန်ချက်ကို မည်သည့်အကြောင်းပြချက်မှမရှိဘဲနဲ့ ကြေညာတဲ့ အချိန်က နေစပြီးတော့ အဲဒီအချိန်ပိုင်းအတွင်းမှာ လက်ခံသွားမယ်ဆိုရင် ဒီ ခံယူသွားမယ်ဆိုရင်တော့ ဒါက ကျွန်တော်တို့ ဆောင်ရွက်နိုင်တဲ့ကိစ္စဖြစ်ပါတယ်လို့ အကယ်၍ ကျွန်တော်တို့က ဒီအပစ်အခတ်ရပ်စဲရေးကို မလုပ်ရင် ဆွေးနွေးပွဲကတော့ ခက်ခဲမယ်။ ကျွန်တော်တို့

ဒီဆွေးနွေးပွဲ ခက်ခဲတဲ့အပေါ်မှာ ကျွန်တော်တို့က ထင်ရာစိုင်းပြီးတော့ သူနိုင်၊ ကိုယ်နိုင် အပြတ်တိုက်ရမယ့် တိုက်ပွဲများ ဖြစ်လာခဲ့လို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ နောင်အခါ သားစဉ်မြေးဆက်များအတွက် ရင်မအေးဖွယ်ရာကိစ္စများတွေနဲ့လည်း ကြုံတွေ့ တတ်ပါတယ်။

အထူးသဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံဟာ တကယ့်လူဦးရေအရသော် လည်းကောင်း၊ အခြေအနေမျိုးပေါင်းစုံအရသော်လည်းကောင်း၊ ဝန်းရံခံရတဲ့ နိုင်ငံဖြစ်တဲ့ အတွက်ကြောင့် ဒါတွေကို ကျွန်တော်တို့ သတိပြုဖို့တော့ လိုအပ်တယ်၊ နောက်တော့ မြန်မာနိုင်ငံမှာ ပထဝီ အနေအထားအရ တကယ်ပဲ ကျွန်တော်တို့ တိုင်းရင်းသားများအားလုံးသိဖို့က တိုင်းရင်းသား လူမျိုးစုက သူ့နေရာနဲ့သူ နဂိုကတည်းက အစုလိုက်၊ အအုပ်လိုက် အခြေချနေထိုင်ခြင်း ဖြစ်လာတဲ့အခါမှာ ကျွန်တော် လေ့လာတွေ့ရှိချက်က များသောအားဖြင့် အများစု ကျွန်တော်တို့ ဗမာတိုင်းရင်းသားများဟာ မြန်မာပြည် အလယ်ပိုင်းမှာပဲ နေထိုင်ကြပြီးတော့ ကျန်တဲ့တိုင်းရင်းသားလူမျိုးစု အများစုဟာ နယ်စပ်တစ်လျှောက် အရှေ့၊ အနောက်၊ တောင်၊ မြောက်နေရာမှာ ဒီလိုပဲ ဝန်းရံတယ်။ ဝန်းရံလာတဲ့အချိန်မှာ တစ်ဖက်က ခုန အင်အားကြီးတဲ့ အုပ်စုတွေ အရှေ့၊ အနောက်၊ တောင်၊ မြောက်မှာလည်းရှိလာတဲ့အချိန်မှာ တောမီးလောင်ရင် တောကြောင် လက်ခမောင်းခတ်လာတဲ့အချိန်မှာ ပိုမိုပြီးတော့ ကျွန်တော်တို့ဘက်မှာ ရှင်းရခက်တဲ့ကိစ္စလေးတွေ ပေါ်ပေါက်လာနိုင်တယ်လို့ ကျွန်တော် ယူဆတဲ့အတွက်ကြောင့် ဒီအခက်အခဲလေးတွေကိုပါ နည်းနည်းသတိချပ်ဖို့ လိုအပ်တယ်လို့ ကျွန်တော် တင်ပြလို ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒါတွေကို ဒီလိုအန္တရာယ်တွေဟာ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က ငြိမ်းချမ်းရေး မရ၊ ရအောင် ဆောင်ရွက်ဖို့ကတော့ ခုန ကျွန်တော် တင်ပြသွားတဲ့ အတိုင်းပဲ တကယ့်လိုအပ်ချက်ကတော့ ရှုပ်ထွေးနေတဲ့ ပြဿနာတစ်ခု လူနှစ်ယောက်ကြားက ဖြစ်တယ်ဆိုရင် သူတို့နှစ်ယောက်ကတော့ သူနိုင် သူမှန်တယ်၊ ကိုယ်မှားတယ် ဆိုတာတော့ မရှိဘူး။ ကိုယ်မှန်တယ်၊ သူမှားတယ် ဒါပဲရှိတယ်။ အဲဒီလို ဆိုလာတဲ့အချိန်မှာ တစ်ယောက်ကို တစ်ယောက် အပြစ်ပုံနေလာတဲ့အခါမှာ ဇာတ်လမ်းကတော့ မပြတ်နိုင်ဘူး။ အဲဒီတော့ ဘာဖြစ်ဖြစ် တတိယလူတော့ပေါ်ဖို့လိုတယ်။ တတိယလူ ပေါ်ဖို့

လိုတဲ့အချိန်မှာ ဒီတတိယလူကတော့ (၁) အမှန်တရားကို သုံးသပ်ပြီးတော့၊ နောက်ပြီးတော့ ဒုတိယအချက်က ဒီရင်ထဲက ခံစားချက်တွေကိုလည်း ဖြေသိမ့်နိုင်တဲ့ သဘောသဘာဝလေး တွေရှိတယ်။ အဲဒီလို ဆိုလာတဲ့အချိန်မှာ ဒီကနေ့ ဥပမာ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်က ငြိမ်းချမ်းရေးကိုတကယ်လိုလားပြီးတော့ နိုင်ငံတော် တစ်ဝန်းလုံးကို ကြေညာတဲ့ မိန့်ခွန်းမှာလည်း ထည့်သွင်းပြောဆိုတယ်။ ပြောဆိုရုံတင် မကဘူး။ ဒီပြည်ထောင်စုမြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်း တယ်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးဆောင်ပြီးတော့၊ အဲဒီထဲမှာ ကျွန်တော်တို့ အစိုးရအဖွဲ့အစည်းနဲ့ အခြားသူများ ပါဝင်သလို ကျွန်တော်တို့ လွှတ်တော်နှစ်ရပ်ကလည်း ကိုယ်စားလှယ်(၁၈)ဦး ပါ ပါတယ်။ အဲဒီထဲမှာ ကျွန်တော်လည်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး တာဝန်ပေးချက်အရ ကျွန်တော်လည်း အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ ကော်မရှင်အဖွဲ့ (၁၁)ဦးနဲ့ ကျွန်တော်တို့ လုပ်ငန်း ကော်မတီ (၅၂)ဦး၊ စုစုပေါင်း(၆၃)ဦး ရှိပါတယ်။ ရှိလာတဲ့အချိန်မှာ ဒီကနေ့ ကျွန်တော်တို့ ဒီငြိမ်းချမ်းရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရအပိုင်းအနေ နဲ့လည်း အားသွန်ခွန်စိုက် ဆောင်ရွက်တာကို သတင်းစာအရသော်လည်းကောင်း၊ TV အရ သော်လည်းကောင်း၊ ပြောပြချက်အရသော်လည်းကောင်း ကျွန်တော်တို့ကလည်း တွေ့မြင် သိရှိပါတယ်။

သို့သော် ဒီကိစ္စကဆောင်ရွက်တဲ့နေရာမှာ အနည်းငယ် ကျဉ်းမြောင်းသေး တယ်လို့ ကျွန်တော် ယူဆပါတယ်။ ကျွန်တော်တို့ ဒီကိစ္စက တကယ်ပြည်သူလူထုကို ကိုယ်စားပြုတဲ့ လွှတ်တော်ရဲ့အခန်းကဏ္ဍက အနည်းငယ် ပါဝင်မှု နည်းနေသေးတယ်လို့ ကျွန်တော်လည်း သုံးသပ်မိပါတယ်။ ဒီလို ကျွန်တော်ကိုယ်တိုင်သုံးသပ်တဲ့ အားလျော်စွာ အများပြည်သူရဲ့အသံမှာလည်း လွှတ်တော်က ဒီကနေ့ ဖြစ်ပျက်နေတဲ့ကိစ္စကို မသိကျိုးကျွံ လုပ်နေလေသလားလို့ သံသယဖြစ်တဲ့ ပြည်သူတွေကလည်းရှိလာတာကို ကျွန်တော် သွားရင်း လာရင်းနဲ့ ကြားသိရခြင်းဖြစ်တယ်။ အပြောပြ၊ အမေးခံရခြင်းလည်းရှိတယ် ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။

အဲဒီတော့ ဒီနေ့ ကျွန်တော်တို့သည် ဒီ Third Person က အင်မတန် လိုအပ်တဲ့ အခြေအနေလည်း ဖြစ်ပေါ်တယ်ဆိုတဲ့ အခြေအနေက ဒီကနေ့ ကျွန်တော်တို့ တွေ့မြင်ရပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အတိုချုပ်ပဲ ကျွန်တော် တင်ပြရမယ်ဆိုလျှင် ဒီကနေ့ ကျွန်တော်တို့ ဒီ Third Person ပေါ်ပေါက်လာဖို့ဟာ ကျွန်တော်တို့ဆောင်ရွက်ဖို့တော့ တကယ်ပင် အထူးလိုအပ်တယ်လို့၊ အဲဒီ Third Person ထဲမှာ ကျွန်တော်တို့ ဖွဲ့စည်းတဲ့နေရာမှာ တကယ်ပါဝင်သင့်တဲ့ ပုဂ္ဂိုလ်များအနေနဲ့ဆိုရင်တော့ (၁)ကတော့ ခုန နှစ်ဦးနှစ်ဖက်ကနေ ယုံကြည်မှုရှိတဲ့ ဩဇာတိက္ကမ ရှိတဲ့ တိုင်းရင်းသားလူမျိုးများ ပါဝင်ဖို့၊ (၂) ပြည်ထောင်စုလွှတ်တော် သင့်လျော်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ (၃) တရားဝင်ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ (၄)သက်ဆိုင်ရာ လူမျိုးများရဲ့ကိုယ်စားလှယ်များ၊ ဥပမာ သက်ဆိုင်ရာလူမျိုးဆိုတာက ဒီကနေ့ လက်နက်ကိုင်ပဋိပက္ခ ကိုင်ဆောင်နေတဲ့ တိုင်းရင်းသားလူမျိုးအတွင်းမှာရှိတဲ့ ဒီလူမျိုးတွေကို ကျွန်တော် ဆိုလိုခြင်းဖြစ်ပါတယ်။ (၅) ကတော့ ကျွန်တော်တို့ ရှေ့မီ၊ နောက်မီ ကိုယ်စားလှယ်များ၊ (၆)က အခြားသင့်လျော်တဲ့ပုဂ္ဂိုလ်များ၊ အခြားသင့်လျော်တဲ့ ပုဂ္ဂိုလ်များဆိုတဲ့နေရာမှာ ဥပမာ ကျွန်တော်တို့ အတွေ့အကြုံရင့်ကျက်ပြီးတော့ သံတမန်နည်းဆောင်ရွက်မှုကို အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်၊ သမိုင်းအတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေ ဒီပုဂ္ဂိုလ်မျိုး (၆)ဖွဲ့ သင့်လျော်တဲ့ဦးရေနဲ့ ဖွဲ့စည်းပြီးတော့ နိုင်ငံတော်သမ္မတကြီးကနေ ဦးဆောင်ကော်မရှင်အဖွဲ့နဲ့ ဆွေးနွေးဖို့၊ ရှေးဦးပထမကြားဖျန်ဖြေတဲ့ ပုဂ္ဂိုလ်များကို အဆိုရှင် ဆွေးနွေးတဲ့အတိုင်း ဖွဲ့စည်းပေးဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။အဲဒီတော့ ကျွန်တော့်အနေနဲ့ အတိုချုပ် နည်းနည်းလေး ပြောပါမယ်။ အခု ဖြစ်ပျက်နေတဲ့ လိုင်ဇာနားတစ်ဝိုက်မှာ ကျွန်တော်တို့ ၇၂ ခုနှစ်လောက်က ဒုတိယဗိုလ်ဘဝနဲ့ အဲဒီ မြစ်ကြီးနား-ဗန်းမော်လမ်းကြောင်း လုံခြုံရေး တာဝန်ယူခဲ့ရတယ်။ တစ်ရက်မှာ ဒေါ့ဖုန်းရန် ရဲ့ တောင်ဘက်မှာ ကျွန်တော်တို့ဆီက တပ်ခွဲတစ်ခွဲကို KIA ကနေပြီးတော့ ချုံခို တိုက်ခိုက်တဲ့အတွက် (၉)ယောက် ကျဆုံးပြီး သေနတ် (၁၀)လက် ပါသွားတယ်။ ပါသွားတော့ နားလုံ ၊ နားလုံဆိုတာ လိုင်ဇာနဲ့ (၆)မိုင်လောက်ပဲ ဝေးပါတယ်။ နားလုံမှာရှိတဲ့ ကျွန်တော်တို့ တပ်ခွဲကို လိုက်ခိုင်းတယ်။ လိုက်ခိုင်းတဲ့အခါမှာ ကျွန်တော်တို့ ညနေမိုးချုပ်ခါနီးမှာ ဖွန်ပြင်ဆိုတဲ့ ရွာကို ရောက်သွားပါတယ်။ မှောင်ခါနီးပြီ၊ အဲဒီရွာမှာ

ရောက်တဲ့ ကချင်တိုင်းရင်းသူ အသက်ကြီးကြီး အန္တီးပေါ့ အမေလို့ ခေါ်တယ်။ ရန်သူ့ သတင်းမေးတယ်။ အမေ ဒီကို ရန်သူလာလားဆိုတော့ မနက်က မင်းတို့ကို ပစ်တဲ့ရန်သူ ဒီကနေ (၁၀)နာရီမှာ ဖြတ်ပြီးတော့ အာလောပုံကို တက်သွားတယ်။ အဲဒီအထဲမှာ ငါ့သား ပါတယ်။ ဘာကြောင့်အချင်းချင်း ဒီလို ပစ်ခတ်သတ်ဖြတ်ကြတယ်ဆိုတာ ငါတော့ နားမလည် ဘူးလို့ ပြောတယ်။

၁၉၇၂ ခုနှစ်က တိုင်းရင်းသူအဖွားကြီးရဲ့အမြင်ပေါ့နော်။ မျက်ရည်တွေ ကျလာတယ်။ ငါ့သားကို KIA က အတင်းဖမ်းပြီးတော့ တပ်ဖွဲ့စုဆောင်းသွားတာ ဖြစ်တယ်။ အခုအိမ်မှာ စပါးကျီထဲမှာ စပါးတောင် မရှိဘူး။ မင်းတို့ အခုနေလိုက်လို့လည်း မမီပါဘူး။ ညကြီး လိုက်မယ်ဆိုရင် မင်းတို့ မကျွမ်းကျင်တဲ့ နေရာမှာ မင်းတို့ ခံရဦးမယ်။ အဲဒီတော့ ငါ့အိမ်မှာ အိပ်ကြပါဦး၊ မနက်ကျမှ လိုက်ပါဆိုပြီး ပြောခဲ့ဖူးတယ်။ ဒါတကယ့်အဖြစ်မှန်ပါ၊ ဒုတိယတစ်ခု အဲဒီနားမှာပဲ၊ အဲဒီနေရာကနေ ကျွန်တော်တို့နောက်တန်းကို ပြန်နားဖို့အတွက် တပ်ရင်း တစ်ရင်းလုံး ယာဥ်တန်းကြီးနဲ့ ချီတက်တော့မယ့်အချိန်မှာ ကျွန်တော်က လမ်းကြောင်း လုံခြုံရေး ရှေ့က ပြေးရတယ်၊ အဲဒီတော့ အုန်းလောဆယ်ရွာမှာ ဈေးရှိပါတယ်။ အဲဒီဘက်က ပုဂ္ဂိုလ်တွေ သိပါလိမ့်မယ်။ အဲဒီရွာရောက်ခါနီး (၃)မိုင်လောက်အလိုမှာ ကချင်တိုင်းရင်းသား တစ်ယောက်က သတင်းပေးတယ်။ အဲဒီရွာ ဈေးနေ့ရှိတယ်။ ဈေးထဲမှာ KIA (၃၀၀)လောက် ရောက်နေတယ်ဆိုတော့ နောက်ကယာဥ်တန်းကြီးကလည်း လာနေပြီ။ အကာအကွယ် ယူစရာလည်း လုံးဝမရှိပါဘူး။ ကားလမ်းနဲ့ လယ်ကွက်ပဲ ရှိတယ်။ ကျွန်တော့်တာဝန်သည် ဒါကို ထိတွေ့မှု မရ ရအောင် လုပ်ဖို့ဖြစ်တဲ့အတွက် ကျွန်တော်တို့ တပ်စု လူ(၃၅)ယောက်က ရင်ပေါင်တန်းပြီးတော့ သေနတ်ကိုအသင့်အနေအထားနဲ့ ခလုတ်ဖွင့်ပြီးတော့မှ ကျွန်တော်တို့ ပြေးပြီးတော့ ကျွန်တော်တို့ အဲဒီရွာကို ရောက်အောင်ချီတက်တယ်။

အဲဒီရွာရောက်တဲ့အခါမှာ ဝါးပိုးပင်ကြီးတွေအောက်မှာ နေရာယူထားတဲ့ ဖက်ခင်း ပြီးတော့ ထိုင်ထားတာ ပူပူနွေးနွေး ရှိသေးတယ်။ လူတွေမရှိတော့ဘူး။ အဲဒီနားက တစ်ယောက်ကိုမေးတော့ ဘယ်မှာလဲဆို ဈေးထဲမှာလို့ပြောတယ်။ ဈေးဘက်ကို ဆက်လိုက် တယ်။ မရှိတော့ဘူး။ သို့သော် မော်တာကို ကျင်းတူးပြီးတော့ Mount လုပ်ထားတဲ့ နေရာ တွေ့တယ်။ အဲဒီမှာတစ်ယောက်ကလာပြောတယ်။ နောက်တန်းပြန်မယ့်ကိစ္စကို ခွင့်လွှတ်

လိုက်ပါတယ်လို့ပြောတယ်။ အဲဒီတော့ တိုက်ချင်လို့ရှိရင်တော့ ဟောဒီ နောက်ကတောင်ကုန်း ပေါ်သာလာပါလို့ ပြောတယ်။ နောက်က တောင်ကုန်းပေါ်ကို ကြည့်တဲ့အခါမှာ Carbine Steel Box ကောက် အဲဒီအချိန်က ကျွန်တော်တို့ မကိုင်နိုင်ပါဘူး။ Steel Box ကောက် အခု (၃၀၀)လောက်၊ လက်လက်လက်လက်နဲ့ ထောင်ပြတယ်။ ဒါက တစ်ဖက်နဲ့တစ်ဖက် ဆန့်ကျင်တဲ့အထဲမှာပင်လျှင် ဒီလိုစိတ်ဓာတ်မျိုး ရှိတယ်။ ဒီလယ်ကွက်ကြီးထဲမှာ ပစ်ရင် ကျွန်တော်တို့ (၃၅)လောက် သေမှာပဲဆိုတာ သူသိတယ်၊ မပစ်ဘူး။ နောက်တန်းပြန်မယ့် ကိစ္စကို ဒါ Fair Fight ဖြစ်အောင် လုပ်သွားတယ်။ ဒီပုဂ္ဂိုလ်က ဒီနေ့ သက်ရှိထင်ရှား လိုင်ဇာမှာ ရှိနေတဲ့အတွက် ဘယ်သူလို့ ကျွန်တော် မပြောပါဘူး။

ဒီပုဂ္ဂိုလ်က အဲဒီအချိန်မှာ Major အဆင့်၊ အဲဒီ KIA ထဲမှာ၊ နောက်ပိုင်းမှာ အကြီးအကဲ ဖြစ်တဲ့ပုဂ္ဂိုလ်ပါ။ အလားတူပဲ နမ္မတူနယ်မှာ ဇော်ဒမ် ကွယ်လွန်သွားပြီဖြစ်တဲ့ ဇော်ဒမ် နဲ့ ကျွန်တော်တို့နဲ့ တစ်ဝိုင်းထဲစားဖူးတယ်။ မသိဘဲနဲ့၊ နောက်ပိုင်းမှ ချစ်ပြီးတော့ ကျွန်တော့်ကို အန္တရာယ်ကင်းအောင် အစစအရာရာ သူတို့ လုပ်ပေး တာတွေ ရှိတယ်။ ညီအစ်ကိုချင်းဆိုတဲ့ စိတ်ဓာတ်က နဂိုကတည်းက ရှိပြီးသားပါ။ အရင်တုန်းကလည်း တချို့ဆွေးနွေးတာတွေ ရှိတယ်လေ။ တပ်မတော်က အပြတ် တိုက်နိုင် ပါတယ်၊ ဟုတ်တယ် မဟုတ်လား။ မတိုက်ဘူးဆိုတာ ညီအစ်ကိုချင်း မတိုက်ဘူး။ မတိုက်တဲ့ အတွက် ဒီလိုလေး ဖြစ်နေတာကိုက ပြည်ပစစ်အတွက် ကျည်စစ် ကျည်မှန်နဲ့ လေ့ကျင့်နေ သလို ဖြစ်ပြီးတော့ တပ်မတော်က မာလာတယ်၊ ပြည်သူက မာလာတယ်ဆိုတဲ့ အယူအဆတွေလည်း ရှိတယ်။ တကယ်လည်း ပြတ်အောင် မတိုက်ခဲ့ရဘူး။ ဟိုဘက်ကလည်း မတိုက်ဘူး။ ဒီလိုအနေ အထားရှိတယ်။

အဲဒီတော့ ဖွန်ပြင်ရွာက ခုန ဖွန်ပြင်အမည်ခံတဲ့ ပုဂ္ဂိုလ်က KIA ထဲမှာ ရှိခဲ့ပါတယ်။ နောက်ကျွန်တော် လိုင်ဇာရောက်တဲ့အခါမှာ စုံစမ်းတော့ ရှိခဲ့ဖူးပါတယ်။ အဖွားကြီးရဲ့၊ ကချင်တိုင်းရင်းသူအဖွားကြီးရဲ့ ၇၂ ခုနှစ် အမြင်အရ အပစ်အခတ်ကို ပြည်သူလူထု မလိုလားဘူး။ ဒီနေ့ ကချင်ပြည်နယ်မှာ ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်တွေ အားလုံး အပစ်အခတ် လိုလားမယ်လို့ထင်ပါသလား။ မလိုလားပါဘူး။ ဒီလိုအပစ်အခတ်မရပ်ဘဲနဲ့ သေနတ်ကိုင် ပြီးတော့ စကားပြောဖို့ဆိုတဲ့ကိစ္စကတော့ တော်တော့်ကို ခဲယဉ်းတဲ့ ကိစ္စပဲ။ ဘယ်လိုမှ

စဉ်းစားလို့မရတဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ တိုင်းရင်းသားတွေမှာ ဒီထဲမှာကို လက်နက်ကိုင် အဖွဲ့အစည်းထဲပါဝင်တဲ့ ပုဂ္ဂိုလ်တွေထဲမှာရော ဒါမျိုးကို မကြိုက်တဲ့ပုဂ္ဂိုလ်တွေလည်း အရင်တုန်းက ရှိခဲ့ဖူးတယ်ဆိုတာလေး ဒါ ရှင်းပြတာပါ။

**အချိန်၊ ၁၄း၂၉။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်အရ ဆက်ပြီးတော့ ဆောင်ရွက်ပါမယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး သမ္မတရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၉။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုဝန်ကြီး မအားလပ်ပါသောကြောင့် ဝန်ကြီးကိုယ်စား လာရောက်ဆွေးနွေး တင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်အမှတ်(၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမျိုးသားကိုယ်စားလှယ်ကြီးများ ဆွေးနွေးခဲ့ကြတဲ့ အတိုင်း နိုင်ငံတော်အစိုးရဟာ ပြည်ထောင်စုငြိမ်းချမ်းရေး ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီများကို ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းကော်မတီမှာ ဒုတိယသမ္မတ ဦးစီးတဲ့ အဖွဲ့ဝင် (၅၂)ဦးနဲ့ ဖွဲ့စည်းထားပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၀)ဦးတို့ ပါဝင်တာကို ကိုယ်စားလှယ်တော်ကြီးများ အသိပဲ ဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ထာဝရငြိမ်းချမ်းရေး ဆောင်ရွက်ရာမှာ နိုင်ငံတော်သမ္မတကြီးကနေပြီးတော့ အဆင့်(၃)ဆင့်ပါတဲ့ လုပ်ငန်းလမ်းညွှန်ချက်ကို ချမှတ်ပေးထားတာကိုလည်း ကိုယ်စားလှယ်တော်ကြီးများ သိရှိပြီးဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ခိုင်မာတဲ့ အခြေခံမူအဖြစ် ပြည်ထောင်စုမှ ခွဲမထွက်ရေး ကိစ္စ၊ တို့တာဝန်အရေး(၃)ပါးမှ ကာကွယ်ရေးစောင့်ရှောက်ရေးကိစ္စ၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ လိုက်နာရေးကိစ္စတို့ကိုလည်း နိုင်ငံတော်သမ္မတကြီးမှ ချမှတ်ပေးခဲ့

ပြီးဖြစ်ကြောင်း ကိုယ်စားလှယ်တော်ကြီးများအသိပဲ ဖြစ်ပါတယ်။ ဒီလို ထာဝရငြိမ်းချမ်းရေး လုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်စေရန်နဲ့ လိုအပ်တဲ့စီမံခန့်ခွဲမှု ကိစ္စအဝဝကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ဖို့အတွက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center) ကို၂၆-၁၀-၂၀၁၂ရက်စွဲနဲ့ နိုင်ငံတော်သမ္မတကြီးမှ ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း ကိုယ်စားလှယ်တော်ကြီးများ အသိပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနရဲ့ လုပ်ငန်း တာဝန်များမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သက်ဆိုင်တဲ့ နယ်ပယ်အသီးသီးမှာရှိတဲ့ ပြည်တွင်းပြည်ပမှ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ ပါဝင်တဲ့ ရုံးအဖွဲ့တစ်ရပ်အဖြစ် ဖွဲ့စည်းဆောင်ရွက်သွားရန်နဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအတွက် လိုအပ်တဲ့ နိုင်ငံတော် အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့မှ ကိုယ်စားလှယ်ပုဂ္ဂိုလ်များ၊ တိုင်းရင်းသား အဖွဲ့အစည်း များနဲ့ လက်နက်ကိုင်အင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီး မှာရှိတဲ့ ပြည်တွင်းပြည်ပ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ ငြိမ်းချမ်းရေးဖော်ဆောင် ရေးဖြစ်စဉ်မှာ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်တဲ့စီမံမှုများကို တာဝန်ယူဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

အထက်ပါ ခိုင်မာတဲ့ မူဝါဒလမ်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့အနက် (၁၀)ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲထားနိုင် ပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လုပ်နိုင်ခဲ့ကြောင်း ကိုယ်စားလှယ်တော်ကြီးများ အသိပဲ ဖြစ်ပါတယ်။ ၎င်းအဖွဲ့အနက်မှာ KNU၊ KNPP၊ SSA၊ RCSS၊ NMSP တို့ဟာ KIO ၊KIA ကဲ့သို့ သမိုင်းကြောင်းတူညီတဲ့ အဖွဲ့များ ဖြစ်ပါတယ်။ KNU ဆိုရင် တစ်ကြိမ် တစ်ခါမှ အပစ်အခတ် ရပ်စဲရေး မလုပ်ဖူးပါဘူး။ အဖွဲ့အားလုံးကိုလည်း တစ်ပြေးညီပုံစံနဲ့ နိုင်ငံတော်အစိုးရမှ ဆက်ဆံဆောင်ရွက်ခဲ့ပါတယ်။ အခြားအဖွဲ့များနဲ့ အထိုက်အလျောက် အောင်မြင်ပြီးတော့ KIO နဲ့ အဆင်မပြေသေးတာဟာ စဉ်းစားစရာ ဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရဘက်က လုပ်နည်းလုပ်ဟန်များ မှားနေသလားလို့ပင် ပြန်လည်သုံးသပ် ဆင်ခြင်မိ ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတော်အစိုးရအနေနဲ့ ယုံကြည်မှု အပြည့်နဲ့ KIA ရဲ့

တောင်းဆိုချက်များအတိုင်း နိုင်ငံရေးဆွေးနွေးမှုကို အပစ်အခတ်ရပ်စဲမှု မလုပ်ဘဲနဲ့လည်း ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ စေတနာကောင်းများနဲ့ တင်ပြဆွေးနွေးသွားတာတွေ့ရတဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း တင်ပြလိုပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးတင်ပြချက်များမှာလည်း အစိုးရရဲ့လုပ်ဆောင်ချက်နဲ့ တစ်ထပ်တည်းဖြစ်တာ တွေ့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးတင်ပြချက်များကို အလေးအနက်ခံယူပြီးတော့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၄း၃၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှု ရရှိမည့် ခိုင်မာသော အခြေခံမူများ ချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၇၆)၊ ကန့်ကွက်(၄)၊ ကြားနေ(၅)ထောက်ခံမဲများတဲ့အတွက် ဦးခက်ထိန်နန်ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၃၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစည်းအဝေးကို ၁၄း၃၇ နာရီအချိန်တွင် ရပ်နားပါသည်။]